# Mobile Guide

Vol 2. Issue 68
3 September 2014
Info... ...logy & Lifestyle Journal



**Steve Jobs**
မရှိတော့တဲ့ရက်ပေါင်း
၁၀၀၀ 33

**GET THE NEW ANDROID NOW!**
MG WEEK

တိမ်လွှာဘက်တိုက်
တစ်ခုဖြစ်သော
**Azure** 17

လူမသိသူမသိ
**iPhone**
ဖြတ်လမ်းနည်းများ
18

စက်တင်ဘာ ၁ ရက်နေ့မှစ၍
မြန်မာ့ဆက်သွယ်ရေး၏ 3G
ဆင်းကတ်များကို
လက်လီအရောင်းဆိုင်များတွင်
လွတ်လပ်စွာဝယ်ယူနိုင်ပြီ
I

**READING MEET Technology**
GALAXY TAB 4 NOOK

MODEL : AYE CHAN MOE , PHOTO : PETER MINN SETT, MAKE UP : BRITNEY, LOCATION : 68 RESIDENCE GALLERY, ACCESSORIES : $O_2$ TELECOM CO.,LTD




Taiwan နိုင်ငံထုတ် Class A အရည်အသွေးရှိ Apotop အမှတ်တံဆိပ်ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများကို မြန်မာပြည်အတွက်တရားဝင်တစ်ဦးတည်း
ကိုယ်စားလှယ်အဖြစ် Z.E.N Company Limited မှဖြန့်ချိရောင်းချပေးနေပါပြီ
Apotop®
Always on the top
Micro SDHC
S3A Series SATA III Solid State Drive
USB OTG Android Phone
Flash Drive AP-U6
Flash Drive Top Square
Laptop / Desktop Memory RAM
Z.E.N Authorized Sole Distributor
Zillion Earnest Nation Company Limited
No . 99, 37th Street (Lower Block), Bet.MaharBandoola Road & Merchant Road, Kyauktada Township, Yangon, Myanmar.
Ph : 09 - 7322 2064 , 09 - 250 55 11 33


တစ်သက်တာလက်ခံမှုပြင်ဆင်ခွင့်ကို ၂၀၀၄ ခုနှစ်မှစ၍ မြန်မာပြည်တွင်ပထမဆုံး ပေးအပ်ခဲ့သော
UNiQUE
One Stop Place for Your Digital Lifestyle
IT & Mobile Center
ICT
ဝန်ဆောင်မှုအကောင်းဆုံး
ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊
မိုဘိုင်းဖုန်းဆက်နှင့်ဆက်စပ်ပစ္စည်းများ ကို
စုံစုံလင်လင် ဈေးနှုန်းမှန်ကန်စွာဖြင့် စိတ်တိုင်းကျဝယ်ယူနိုင်အောင်
အကောင်းဆုံး ဝန်ဆောင်မှုများ ဖြင့် ရောင်းချပေးနေပါသည်။
UNiQUE ၏ မည်သည့်ဆိုင်ခွဲ၌ဝယ်ယူသည်ဖြစ်စေ မိမိတို့နှင့် နီးစပ်ရာ
ဆိုင်ခွဲများတွင် အခမဲ့ ဝန်ဆောင်မှု များကို ရယူဆောင်ရွက်နိုင်ပါသည်။
Center 1 (Pansodan)
No. 261, Pansodan Road (Upper Block), Bet. Anawrahta & Bogyoke Road, Kyauktada Township, Yangon, Myanmar.
Tel : (09) 7317 1212, 7317 1213, 7317 1214
Center 2 (Seikkanthar)
No. 194, Seikkanthar Street (Middle), Bet. Mahabandoola & Anawrahta Road, Kyauktada Township, Yangon, Myanmar.
Tel : (01) 398 436, 391 789, 391 730
Center 3 (Tamwe)
No. 74, West Horse Race Course Road, (Near U Chit Maung Housing), Tamwe Township, Yangon, Myanmar.
Tel : (01) 860 4200, 860 4300
E-Mail : info@uniqueitmobile.com
facebook : www.facebook.com/uniqueict.mm

# SMW-3 ကေဘယ်လ်ဆက်ကြောင်း ပြတ်တောက်၍ ပြည်ပတယ်လီဖုန်းလိုင်းနှင့် အင်တာနက်လိုင်းတို့ ပြတ်တောက်လျက်ရှိ

မြန်မာနိုင်ငံ၏အပြည်ပြည် ဆိုင်ရာဆက်သွယ်ရေးအတွက် အဓိက ချိတ်ဆက်ထားသော SMW-3 ရေအောက်ကေဘယ်လ်ဆက်ကြောင်းသည် ပြတ်တောက်မှုဖြစ်ပေါ်ခဲ့ပြီး စင်ကာပူနိုင်ငံမှ တစ်ဆင့်ချိတ်ဆက်သုံးစွဲထားသော ပြည်ပတယ်လီဖုန်းလိုင်း ၈၆၃၂ လိုင်းနှင့် အင်တာနက် ၆.၈၄GB တို့ပြတ်တောက်လျက်ရှိကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှသတင်းရရှိသည်။

အဆိုပါ ရေအောက်ကေဘယ်ဆက်ကြောင်းပြတ်တောက်မှုကို ပြုပြင်ရန်အတွက် ASEAN RESTORER ရေအောက်ကေဘယ်လ်ပြုပြင်ရေးသင်္ဘောဖြင့် ဩဂုတ်လ ၂၁ရက်နေ့မှစတင်ဆောင်ရွက်မည်ဖြစ်ရာ ပြုပြင်မှုအစီအစဉ်အရ စက်တင်ဘာ ၁၆ရက်နေ့မှ ပြုပြင်ခြင်းလုပ်ငန်းများ ပြီးစီးမည်ဖြစ်ကြောင်းသိရသည်။

လက်ရှိတွင် ပြတ်တောက်လျက်ရှိသော ပြည်ပဖုန်းလိုင်းအရေအတွက်နှင့် အင်တာနက် GB တို့ မတိုးပွားလာစေရန်အတွက် SMW-3 ရေအောက်ကေဘယ်လ်ဆက်ကြောင်း၏ အိန္ဒိယနိုင်ငံ (Mumbai) မှဆက်သွယ်ထားသောဆက်ကြောင်းပိုင်းနှင့် ကုန်းတွင်းနယ်စပ်ဖြတ်ကျော်ဖိုင်ဘာဆက်ကြောင်းများမှ တစ်ဆင့်ချိတ်ဆက်ဆောင်ရွက်ပေးထားကြောင်းသိရသည်။

ထို့ကြောင့် စက်တင်ဘာ ၁၆ရက်နေ့ကျော်လွန်မှသာ ပြတ်တောက်လျက်ရှိသော ပြည်ပတယ်လီဖုန်းလိုင်း 8632 လိုင်းနှင့် အင်တာနက် 6.84GB တို့ပြန်လည်ကောင်းမွန်မည်ဖြစ်ကြောင်းသိရသည်။

**နေဦးလွင်**

# MEC TEL မှဖုန်းခေါ်ဆိုမှု တစ်မိနစ်၏နောက်ပိုင်းစက္ကန့်များကို နှုန်းထားအသစ်ဖြင့် ကောက်ခံမည်




မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းထားရှိသည့် ဆက်သွယ်ရေးကုမ္ပဏီတစ်ခုဖြစ်သော မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC TEL) သည် ထူးခြားသော ဝန်ဆောင်မှုအနေဖြင့် ဖုန်းခေါ်ဆိုသည့် ဝန်ဆောင်ခကို တစ်မိနစ်ကျော်သာ ခေါ်ဆိုထားသော ဖုန်းခေါ်ဆိုမှုများအတွက် တစ်မိနစ်၏ နောက်ပိုင်းစက္ကန့်များကို နှုန်းထားအသစ်ဖြင့် ကောက်ခံသွားမည်ဖြစ်ကြောင်းသိရသည်။

MEC TEL သည် ယခင်က တစ်မိနစ်လျှင် ဖုန်းခေါ်ဆိုခ ၅၀ကျပ် သတ်မှတ်ထားပြီး တစ်မိနစ်၏ နောက်ပိုင်းစက္ကန့်များပိုသွားသောအခါတွင်လည်း ၅၀ကျပ် (သို့မဟုတ်) ၁၀၀ကျပ်ဖြတ်တောက်မှုများရှိခဲ့သည်။ ယခုအခါတွင် MEC TEL အနေဖြင့် သုံးစွဲသူများကို ပြန်လည်ကျေးဇူးတုံ့ပြန်သောအားဖြင့် တစ်မိနစ်လျှင် ၅၀ကျပ် ကောက်ခံသွားမည်ဖြစ်သော်လည်း တစ်မိနစ်၏ နောက်ပိုင်းစက္ကန့်များအတွက် ၆စက္ကန့်လျှင် ၅ကျပ်နှုန်းဖြင့်သာ ကောက်ခံသွားမည်ဖြစ်ကြောင်းသိရသည်။ လက်ရှိတွင် MEC TEL သည် ၎င်းတို့၏ CDMA 800MHz ဖုန်းဆင်းကတ်များကို ငွေကျပ် ၁၅၀၀ကျပ်ဖြင့် အလွယ်တကူအသုံးပြုနိုင်စေရန် တိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် ရောင်းချပေးလျက်ရှိပြီး ဆင်းကတ်နှင့်ပတ်သက်သည့်ကတ်ပျောက်၊ ကတ်ပျက်နှင့် ငွေဖြည့်ပြီးမဝင်သည့်ပြဿနာများအတွက်လည်း အမြို့မြို့အနယ်နယ်ရှိ customer carecentre များ၌စီစဉ်ထားရှိပေးထားကြောင်းသိရသည်။

ထို့အပြင် customer များ၏ ဆင်းကတ်ဆိုင်ရာအခက်အခဲများအတွက် call centre 1212 သို့ ဖုန်းခေါ်၍ အကူအညီရယူနိုင်ရန်လည်း စီစဉ်ပေးထားကြောင်းသိရသည်။ ဖုန်းငွေဖြည့်သွင်းရာတွင်လည်း Myanmar Mobile Money တွင် account ဖွင့်လှစ်ထားသောပိုက်ဆံဖြင့် ဖုန်းငွေဖြည့်သွင်းနိုင်ပြီးအင်တာနက်ဝန်ဆောင်ခမှာတစ်မိနစ်လျှင် ၄ ကျပ်နှုန်းဖြင့် ပုံမှန် ကောက်ခံသွားမည်ဖြစ်ကြောင်းသိရသည်။

**နေဦးလွင်**



# AOTO

PHONE SALES & SERVICE CO.,LTD.

AOTO ဖုန်းများသည်
မည်သည့် Sim Card နှင့်
မဆို ထည့်သွင်း
အသုံးပြုနိုင်ပါသည်။



## AOTO - C 888



- Network CDMA 800Mz (MEC) + GSM / WCDMA
- Ardroid OS 4.2.1 Jelly Bean.
- 1.2 GHZ (Dual-Core)
- 5.0 QHD IPS high definition LCD
- Ram 512 MB , ROM 4 GB
- 5 MP
- Black, White

မန္တလေးရုံးချုပ် - အမှတ် (၉၉)၊ ၇၅လမ်း၊ ၃၁ × ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
09-47082999, 09-250089880

Service Center - 09-402613243

ရန်ကုန်ရုံးချုပ် - အမှတ် (၁၅-၁၇)၊ ၃ လွှာ၊ ကမာရွတ်မြို့နယ်၊ အင်းစိန်လမ်းမကြီး၊ ရန်ကုန်။
09-450050986 , 09-421128111, 09-421166598

နေပြည်တော်ရုံးချုပ် - အမှတ် (၁) / ၃၁၄၊ ဗိုလ်အောင်ကျော်လမ်း၊ မြို့သစ်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့။
09-421084718, 09-421128111, 09-421143027

(၁)နှစ်အာမခံပါသော Model အားလုံး အပိုပစ္စည်းရရှိနိုင်ပါသည်။

**Mobile Phone နှင့် ပတ်သက်သော Service များကို အထူးဝန်ဆောင်မှုပေးနေပါသည်။**

အနယ်နယ်အရပ်ရပ်မှ အရောင်းကိုယ်စားလှယ်များနှင့် အရောင်းဆိုင်သစ်ဖွင့်လိုသူများကိုလည်း အထူးဝန်ဆောင်မှုပေးနေပါကြောင်း လေးစားစွာပန်ကြားအပ်ပါသည်။

# NEWS
LOCAL UPDATE

## UOB မှ မြန်မာနိုင်ငံတွင် တက္ကသိုလ်ပညာသင်ဆု ပေးအပ်မည်

UOB မှ ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့ဖြင့် ပူးပေါင်းကာ မြန်မာနိုင်ငံတွင် တက္ကသိုလ်ပညာသင်ဆု ပေးအပ်သွားမည်ဖြစ်ကြောင်း အသိပေးသော သတင်းစာရှင်းလင်းပွဲတစ်ရပ်အား ဩဂုတ်လ ၂၈ရက်နေ့က ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ပြုလုပ်ခဲ့သည်။ အဆိုပါ အခမ်းအနားတွင် United Overseas Bank Limited (UOB) သည် တက္ကသိုလ်ပညာသင်ဆုအစီအစဉ်အား မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် အစဉ်တစိုက်ပါဝင်လုပ်ဆောင်သွားမည်ဖြစ်သည်ကို ပြသရန်နှင့် မြန်မာနိုင်ငံရှိ ဘဏ်လုပ်ငန်းများတွင် ပင်ကိုယ်စွမ်းရည်ရှိသောသူများ အများအပြားပေါ်ထွက်လာစေရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

United Overseas Bank Limited (UOB) သည် အာရှ–ပစိဖိတ်၊ အနောက်ဥရောပနှင့် မြောက်အမေရိကရှိ နယ်မြေများတွင် နိုင်ငံပေါင်း ၁၉နိုင်ငံ၌ ရုံးခွဲပေါင်း ၅၀၀ကျော်ဖြင့် ကမ္ဘာတစ်ဝန်းကွန်ရက်ဖြန့်ကျက်ကာ အာရှတွင် ဦးဆောင်နေသော ဘဏ်တစ်ခုလည်းဖြစ်သည်။ ၁၉၃၅ခုနှစ်တွင် ၎င်းပူးပေါင်းလုပ်ဆောင်စဉ်ကတည်းက UOB သည် နည်းဗျူဟာဆိုင်ရာ ရယူမှုဖြစ်စဉ်များနှင့် စနစ်တကျ တိုးတက်လာခဲ့ပါတယ်။ အာရှတွင် ၎င်း၏ရုံးခွဲများ။ ကိုယ်စားလှယ် ရုံးခွဲများနှင့် တရုတ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့တွင်လည်း ဘဏ်ခွဲများဖွင့်လှစ်၍ လုပ်ငန်းများလည်ပတ်လျက်ရှိသော ဘဏ်တစ်ခုလည်းဖြစ်ပါတယ်။ UOB သည် လူ့အဖွဲ့အစည်းတွင် တက်ကြွသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး၊ အနုပညာ၊ ပညာရေးနှင့် ကလေးသူငယ်အရေးတို့ကို အလေးပေးဆောင်ရွက်လျက်ရှိပါတယ်။ UOB သည် စင်ကာပူနိုင်ငံတွင် ကာလရှည်ကြာ အနုပညာပြိုင်ပွဲတစ်ရပ်ကို UOB Painting of the year အဖြစ် ၁၀စုနှစ် ၃စုကျော်ကြာ ကျင်းပခဲ့ပါတယ်။ UOB အနုပညာအပေါ် အလေးထားမှုကို အသိအမှတ်ပြုသည့်အနေဖြင့် National Arts Council's Distinguished Patron of the Arts Award ကို ၂၀၁၃တွင် ၉နှစ်ဆက်တိုက် ချီးမြှင့်ခြင်းခံခဲ့ရပြီး၊ ဒေသတွင်းရှိ ဝန်ထမ်းများကိုလည်း ၎င်း၏ စေတနာ့ဝန်ထမ်းလှုပ်ရှားမှုများတွင် မိမိဆန္ဒအလျောက် ပါဝင်လာအောင် အားပေးဆောင်ရွက်ခဲ့ပါတယ်။ ၎င်းသည် စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်းနှင့်တရုတ်ပြည်မကြီးတွင် နှစ်စဉ်ကျင်းပပြုလုပ်သည့် UOB Heartbeat Run ပွဲဖြစ်ကြောင်းသိရပါတယ်။

**နေဦးလွင်**

## UPS က မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုများစတင်

UPS သည် ပြည်တွင်းပြည်ပနဲ့ ပင်လယ်ရပ်ခြားကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုများကို မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်ဖြင့် တိုးချဲ့ဆောင်ရွက်လိုက်ပြီဖြစ်ကြောင်း ၎င်းတို့၏ ထုတ်ပြန်ချက်အရ သိရသည်။

ထို့ကြောင့် နိုင်ငံတကာမှ ကုန်သည်များသည် ကြီးထွားလာသည့် ဈေးကွက်တွင် သွင်းကုန်၊ ပို့ကုန် အရောင်းအဝယ်တို့ကို လုပ်ကိုင်ရန် UPS ၏ ကျယ်ပြန့်သော ကုန်ပစ္စည်းထောက်ပံ့ရေး ကွင်းဆက်ဆိုင်ရာ နည်းပညာနှင့် ဝန်ဆောင်မှုတို့ကို ရရှိအသုံးပြုနိုင်မည်ဖြစ်ပြီး၊ ၎င်းတို့၏ ဝန်ဆောင်မှုများတွင်ကနဦးအနေဖြင့် လေကြောင်းဖြင့် တိုက်ရိုက်ပို့ဆောင်မှု၊ ပေါင်းစည်းပို့ဆောင်မှု၊ ကုန်သေတ္တာအပြည့်နှင့် ကုန်သေတ္တာမပြည့်သည့် ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုများကိုပါ ဆောင်ကျဉ်းပေးသွားမည်ဖြစ်ကြောင်းသိရသည်။

"UPS ဟာ ဖောက်သည်တွေနဲ့ အနီးကပ်လုပ်ဆောင်နေပြီး သူတို့က မြန်မာနိုင်ငံကိုကမ္ဘာတစ်ဝန်းမှာရှိတဲ့ ဈေးကွက်တွေနဲ့ ချိတ်ဆက်ပေးမည့်ယုံကြည်အားထားလောက် တဲ့ ဝန်ဆောင်မှုတွေ လိုအပ်နေ ကြောင်းပြောကြပါတယ်။ ဒါကြောင့် UPS က ဒီဝန်ဆောင်မှုကိုစတင် လိုက်ရခြင်းပဲဖြစ်ပါတယ်"ဟု UPS ၏ တောင်အာရှဒေသကုန်ပစ္စည်းထောက်ပံ့ရေးကွင်းဆက်လုပ် ငန်းများ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Mary Yeo ကပြောပါတယ်။

၎င်းကပဲထပ်မံပြီး မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများဟာ နိုင်ငံတကာ ကုန်စည်ပို့ဆောင်ကျွမ်းကျင်သူများ၊ ကျယ်ပြန့်သည့် လုပ်ကွန်ရက်နှင့် နည်းပညာများကို ယုံကြည်စိတ်ချစွာဖြင့် လေကြောင်းမှပို့ဆောင် ရေးဝန်ဆောင်မှုများကို အသုံးပြုနိုင်မှာဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံသည် ကုန်ထုတ်လုပ်မှုဈေးကွက်သစ်တစ်ခုဖြစ်ပေါ်လာစေရန် ရည်မှန်းချက်ဖြင့် စီးပွားရေးအသွင်ကူးပြောင်းမှုများကို စတင်လုပ်ဆောင်ချိန်တွင် ကုန်စည်ပို့ဆောင်မှုဆိုင်ရာ လိုအပ်ချက်များနှင့် တစ်ရှိန်ထိုးမြင့်တက်လာခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ ခန့်မှန်းချက်အရ မြန်မာနိုင်ငံသည် ၂၀၁၄၊ ၂၀၁၅ ဘဏ္ဍာနှစ်တွင် စီးပွားရေး ၈.၅ ရာခိုင်နှုန်း တိုးတက်လာမည့်အလားအလာရှိကြောင်း သုံးသပ်ထားသည်။

UPS သည် ကမ္ဘာ့ကုန်စည်ပို့ဆောင်ထောက်ပံ့ရေးတွင် ဦးဆောင်သူတစ်ဦးဖြစ်ပြီး၊ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံနှင့် ဒေသ ၂၂၀ ကျော်ကို ဝန်ဆောင်မှုပေး လျက်ရှိသော ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။

ကုမ္ပဏီ၏ အကြောင်းကို အသေးစိတ်သိရှိလိုပါက ups.com နှင့်ကုမ္ပဏီအကြောင်းဆောင်း ပါးများကို blog.ups.com တွင် ဝင်ရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။

**နေဦးလွင်**




# Telenor ဆင်းကတ်များ မန္တလေး (၇)မြို့နယ်တွင်စတင်ရောင်းပေးမည်ဆိုသော်လည်း ရောင်းချမည့်ရက်မသိရသေး

ပြည်ပအော်ပရေတာတစ်ဦးဖြစ်တဲ့ နော်ဝေးနိုင်ငံအခြေစိုက် Telenor Myanmar ဟာ ၎င်းတို့၏ ဆင်းကတ်တွေကို စက်တင်ဘာလတွင် ဈေးကွက်အတွင်းသို့ ဖြန့်ချိရာ၌ မန္တလေး (၇)မြို့နယ်သို့ စတင်ဖြန့်ချိပေးသွားမည်ဖြစ်သော်လည်း ဖြန့်ချိရောင်းချမည့်ရက်ကို အတိအကျမသိရသေးကြောင်း သိရသည်။

မန္တလေးမြို့ရှိ Telenor ဆင်းကတ်အရောင်းကိုယ်စားလှယ်များကို ဩဂုတ်လ ၂၈၊ ၂၆ရက်နေ့များက Telenor ကုမ္ပဏီကနေ ဆင်းကတ်အသုံးပြုနည်းတွေကို သင်တန်းပေးခဲ့ခြင်းဖြစ်ပြီး၊ မန္တလေးမြို့ရှိ ၇မြို့နယ်တွင် (၀၉၇၅) နံပါတ်များဖြင့် စသော ဆင်းကတ်များကို ငွေကျပ် ၁၅၀၀ဖြင့်သာ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ၎င်းတို့ဆင်းကတ်များရောင်းချချိန်၌ ငွေကျပ် ၁၅၀၀ ထက် ပိုသောဈေးနှုန်းများ မဖြစ်အောင် ဆင်းကတ်တွေကို လိုသလောက် တစ်ပြိုင်တည်း ဖြန့်ချိသွားဖို့ ရှိတယ်လို့ အရောင်းကိုယ်စားလှယ်အချို့၏ ပြောစကားများ အရသိရသည်။ "ရက်ကိုတော့ အတိအကျမပြောလိုက်ဘူး။ လူတိုင်းဝယ်လို့ရအောင် လုပ်ထားတယ်။ သေချာတာကတော့ ဓာတ်ပုံတစ်ပုံပါရမယ်၊ မှတ်ပုံတင်မရှိ တဲ့သူတွေလည်း ထောက်ခံစာနဲ့ ဝယ်လို့ရပါတယ်။ 2G ရော 3G ပါ သုံးလို့ရတယ်လို့ ပြောပါတယ်။ ဒီတော့ Java ဖုန်းနဲ့လည်း အဆင်ပြေတာပေါ့။ Telenor ဆင်းကတ်တွေ ထွက်လာမယ်ဆိုရင် ဟန်းဆက်တွေကတော့ Android ရော Java ပါရောင်းအားကောင်းမှာ သေချာပါတယ်" ဟု Telenor အရောင်းကိုယ်စားလှယ်တစ်ဦးမှ ပြောကြားခဲ့ပါတယ်။

Telenor ဆင်းကတ်တွေကို ဖုန်းဆိုင်တွေမှာ သာမကဘဲ စတိုးဆိုင်တွေမှာပါ ရောင်းချပေး မယ့် သဘောမှာရှိပြီး၊ ဝယ်ယူသူတွေ အနေဖြင့် မှတ်ပုံတင်မူရင်း၊ မိတ္တူနှင့်အတူ ဓာတ်ပုံတစ်ပုံလိုအပ်မည် ဖြစ်ကြောင်းသိရပါတယ်။ အကယ်၍ မှတ်ပုံတင်မရှိသူများ အနေဖြင့် ရပ်ကွက်လူကြီး ထောက်ခံစာနှင့်အတူ ၎င်းထောက်ခံစာမှာဓာတ်ပုံတစ်ပုံထည့်ပေးဖို့ လိုအပ်မည်ဖြစ်ကြောင်းသိရပါတယ်။

Telenor သည် ၎င်းတို့၏ ဆင်းကတ်များကို စက်တင်ဘာလတွင် ဈေးကွက်အတွင်းသို့ စတင်ဖြန့်ချိပေးမည်ဟု ကနဦးသတင်းများအရသိရှိထားပြီဖြစ်သော်လည်း ဘယ်နေ့ဘယ်ရက်ရောင်းချပေးမည်ဆိုတာကိုတော့ ယခုအချိန်ထိ တရားဝင်ထုတ်ပြန်ထားခြင်းမရှိသေးပါဘူး။ Telenor ၏ CEO ပြောကြားချက်အရဆိုလျှင် စက်တင်ဘာလကုန်ခါနီးမှ ဈေးကွက်အတွင်းသို့ ရောက်ရှိနိုင်ဖွယ်ရှိကြောင်း သိရပါတယ်။ Telenor Myanmar သည် ၂၀၁၃ခုနှစ် ဇွန်လ ၅ရက်နေ့တွင် ဆက်သွယ်ရေးလိုင်စင်ရရှိပြီးနောက် တစ်နှစ်တာကာလအတွင်း မြန်မာတို့၏ နေ့စဉ်ဘဝများတွင် အရေးပါသော အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်ခွင့်ရနိုင်ရန် အခြေခံလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ထို့အပြင် Telenor သည် မြန်မာနိုင်ငံသို့ ၎င်းတို့၏ ဆက်သွယ်ရေးကွန်ရက်နည်းပညာများကို ယူဆောင်လာရာတွင် 2G စနစ်ကို အခြေခံ၍ သယ်ဆောင်လာခြင်းဖြစ်သောကြောင့် မြန်မာပြည်သူများအနေဖြင့် ၎င်းတို့ဆင်းကတ်ကို စတင်အသုံးပြုချိန်တွင် 2G ရော၊ 3G ပါ နှစ်မျိုးစလုံးကို သုံးစွဲနိုင်မှာဖြစ်ပါတယ်။ Telenor နည်းပညာမြင့်မား မှုမှာ 3G အပြင် 4G အထိသုံး စွဲနိုင်ရန် နောက်ပိုင်းတွင်တိုး၍ လုပ် ဆောင်သွားမည်ဖြစ်ကြောင်း Net Monday အစီအစဉ်၌ပြောကြားခဲ့ပါတယ်။

**နေဦးလွင်**




Mobile Guide Journal တွင် ကြော်ငြာများ ထည့်သွင်းလိုပါက Ph: 09-73187954 သို့ ဆက်သွယ်နိုင်ပါသည်။

# LOCAL PHONE REVIEW ...

## HTC One E8

ပြည်တွင်းရှိ စမတ်ဖုန်းသုံးစွဲသူများကို မြန်မာစာစနစ် အသုံးပြုနိုင်သည့် အကြောင်းအရင်းအား စိတ်ဝင်စားစေခဲ့သော တံဆိပ်ထဲတွင် HTC ဟာ အပါအဝင်ဖြစ်ပါတယ်။ HTC ရဲ့ Butterfly စမတ်ဖုန်းက ပြီးခဲ့တဲ့နှစ်တွေမှာ စမတ်ဖုန်းဈေးကွက်တွင် အထိုက်အလျောက် နာမည်ကျော်ကြားခဲ့တဲ့ ဖုန်းတစ်လုံးဖြစ်ပါတယ်။ အခု ကမ္ဘာ့ဈေးကွက်မှာလည်း Butterfly 2 ကို ထပ်မံထုတ်လုပ်ရောင်းချမှာဖြစ်ပြီး၊ ထိုဖုန်းကတော့ ရေစိုခံနိုင်သောစွမ်းရည်ပါရှိပါတယ်။ Butterfly နောက်မှာ သူ့ထက်ပိုကောင်းမွန်သော၊ သူ့ထက်စွမ်းရည်နိမ့်သော ဖုန်းအမျိုးအစားအသစ်များသည် HTC ရဲ့ Showroom တွေမှာ နေရာယူခဲ့ကြပါတယ်။ အခုနောက်ဆုံးအနေဖြင့် HTC ရဲ့ M8 က လတ်ဆတ်သောဖုန်းတစ်လုံးဖြစ်ပြီး၊ သူ့ရဲ့နောက်မှာ အခြေခံလူတန်းစားများ ရွေးချယ်ဝယ်ယူနိုင်အောင် အနိမ့်စားဖုန်းတစ်လုံးကို ရောင်းချပေးထားပါတယ်။ ဒါကတော့ Desire 210 ဖြစ်ပါတယ်။ HTC က အခုကြေညာထားတဲ့စမတ်ဖုန်းကတော့ E 8 ဖြစ်ပါတယ်။ ထိုဖုန်းကို အရောင်သုံးမျိုးဖြင့် ထုတ်လုပ်ရောင်းချပေးထားတာဖြစ်ပြီး၊ တောက်ပသော ထူးထူးခြားခြားအရောင်ကို ကိုင်ဆောင်ချင်သူများအနေဖြင့်လည်း အနီရောင်ဖုန်းကို ရွေးချယ်ဝယ်ယူနိုင်ပါမယ်။ E8 က ဆင်းကတ်နှစ်ကတ် ထည့်သွင်းအသုံးပြုလို့ရမှာဖြစ်ပြီး၊ ဆင်းကတ်ကတော့ Nano အမျိုးအစားဖြစ်ရပါမယ်။ ထုတ်လုပ်ဖြန့်ချိရာ ဒေသနှင့် မော်ဒယ်နံပါတ်အလိုက် 4G network အထိ အထောက်အပံ့ရရှိပါမယ်။ ၂၀၁၄ ခုနှစ်၊ ဇွန်လက ထုတ်လုပ်ရောင်းချပေးထားသော ဒီဖုန်းရဲ့အရွယ်အစားကတော့ 146.4x70.7x9.9mm ဖြစ်ပါတယ်။ ဖုန်းရဲ့ဒီဇိုင်းဟာလှပပြီး၊ ခေတ်မီဆန်းသစ်သောနှစ်ထပ်ခုံးကွေးသည့် ပြေပြစ်သောကိုယ်ထည်ဖြစ်ပါတယ်။ အလေးချိန်ကတော့ 145g ရှိပါတယ်။ ဖုန်းမျက်နှာပြင်အတွက် Super LCD 3 capacitive touchscreen ကို အသုံးပြုပေးထားကာ မျက်နှာပြင်အကျယ်အဝန်းကတော့ ၅ လက်မဖြစ်ပါတယ်။ မြင်ကွင်းစွမ်းရည်အတွက် 1080x1920 pixels ပမာဏဖြင့် ဖွဲ့စည်းထောက်ပံ့ပေးထားပြီး၊ တစ်လက်မမှာရှိမယ့် pixel ပမာဏသိပ်သည်းဆကတော့ 441 ppi ပါ။ Multitouch စနစ်တွင် HTC Sense 6 UI ကို အသုံးပြုနိုင်ပါမယ်။ ဖုန်းမျက်နှာပြင်အား ပွန်းပဲ့ထိခိုက်မှု အကြမ်းခံနိုင်စေဖို့အတွက်လည်း Gorilla Glass3 တပ်ဆင်ပေးထားပါတယ်။ ကျယ်လောင်သည့်အသံစွမ်းရည်နှင့် HTC BoomSound လည်းပါရှိပါတယ်။ အဓိကကင်မရာက 13MP စွမ်းရည်ဖြစ်ပြီးအလွန်ကောင်းမွန်သော Selfie များကို ရိုက်ကူးနိုင်စေဖို့အတွက်လည်း ရှေ့ကင်မရာကို 5MP စွမ်းရည်ဖြစ်အောင် ဆောင်ရွက်ပေးထားပါတယ်။ ဖုန်းကိုနားဆီသို့ လက်ဖြင့်မတင်ရုံနဲ့ပင် ပြန်လည်ဖြေဆိုနိုင်မယ့် ဒီဖုန်းမှာ မြန်မာစာစနစ်ပါရှိပြီး၊ အာမခံကာလကိုလည်း ၁၈ လရရှိပါမယ်။ ဘက်ထရီက Li-Po 2600mAh ပါ။



Network - GSM
Processor - Quad Core 2.5GHz
Screen - 5 inches
Camera - 13 MP
Bluetooth - v4.0
Storage - 16GB, up to 128 GB
OS - Android OS,v4.4.2
Contact - 01-381035




## Magicon W450

ပြည်တွင်းဈေးကွက်ထဲမှာ တံဆိပ်မျိုးစုံတို့ဟာ သူတို့ရဲ့ဖုန်းများကို ဈေးနှုန်းအမျိုးမျိုးဖြင့် ထုတ်လုပ်ရောင်းချပေးနေပါတယ်။ သုံးစွဲသူတွေအနေဖြင့်လည်း မိမိရဲ့ ငွေကြေးသုံးစွဲနိုင်မှုအပေါ် မူတည်ပြီး၊ နာမည်ကြီးတံဆိပ်မှမဟုတ်ဘဲသင့်တင့်မျှတသော အဆင်ပြေသည့်ဖုန်းကို ရွေးချယ်ဝယ်ယူကြပါတယ်။ အခုအချိန်တွင်လည်း ဆင်းကတ်များဟာ ဈေးနှုန်းတန်ဖိုးနည်းပါးစွာဖြင့်လိုသလောက်ဝယ်ယူနိုင်ပြီဖြစ်တာကြောင့် လူအများစုဟာ ဖုန်းရွေးချယ်ဝယ်ယူတဲ့အခါတွင် Touchscreen အသုံးပြုရသောဖုန်းများကို ပိုမိုကြိုက်နှစ်သက်ကြပါတယ်။ နာမည်ကြီးသောတံဆိပ်တွေက ဈေးနှုန်းမြင့်မားတာကြောင့် အခြားတံဆိပ်ထဲမှ ကောင်းမွန်သောစွမ်းရည်ပါရှိသောဖုန်းများကို အချို့ဆိုင်တွေက ပိုမိုတင်သွင်းရောင်းချကြပါတယ်။Magicon တံဆိပ်ကလည်း သူတို့ရဲ့ဖုန်းအမျိုးအစားများကို သုံးစွဲသူများကြိုက်နှစ်သက်သောစွမ်းရည်များပါရှိအောင် စီမံဆောင်ရွက်ပေးထားပါတယ်။ ယခု W450 ဖုန်းက GSM, WCDMA အထောက်အပံ့ရရှိမှာဖြစ်ပြီး၊ Dual Sim, Dual Standby အမျိုးအစားဖြစ်ပါတယ်။ ဖုန်းရဲ့ပုံစံကတော့လေးထောင့်ဒီဇိုင်းဖြစ်ပြီး၊ အရွယ်အစားပမာဏကတော့ 134x65x 8.6 mm ဖြစ်ပါတယ်။ ဖုန်းရဲ့ capacitive touchscreen ဟာ 4.5 inches အကျယ်အဝန်းရှိမှာဖြစ်ပြီး၊ ကြည်လင်သောပုံရိပ်တွေကို ခံစားရရှိစေဖို့အတွက်လည်း 540x960 pixels ဖြင့် ထောက်ပံ့ပေးထားပါတယ်။ အချို့သောစမတ်ဖုန်းတွေရဲ့ ကင်မရာစွမ်းရည်တွေသည် အလယ်အလတ်ဖြစ်ပါက 5MP စွမ်းရည်သာ ပါရှိတတ်ပါတယ်။ ဒါပေမယ့် အချို့ဖုန်းတွေကတော့ 8MP စွမ်းရည်ဖြစ်အောင် တီထွင်ပေးထားပါတယ်။ W450 ကလည်း အဓိက ကင်မရာကို 8MP စွမ်းရည်ဖြစ်အောင် ဆောင်ရွက်ပေးထားပြီး၊ ရှေ့ကင်မရာငယ်ကို 2MP စွမ်းရည်ဖြစ်အောင် တပ်ဆင်ပေးထားပါတယ်။ မှတ်ဉာဏ်ပမာဏအနေဖြင့် ROM က 4GB နဲ့ RAM က 1GB ပါရှိပါမယ်။ အားသွင်းအသုံးပြုရမယ့် ဘက်ထရီအမျိုးအစားကတော့ 2300mAh ပါ။

Network - GSM
Screen - 4.5 inches
CPU - Quad core 1.2GHz
OS - Android OS,v4.2
Memory - up to 32GB
Bluetooth - v4.0
Contact - 09-32032655






## Huawei Y325

ပြည်တွင်း၌ ဖုန်းကုမ္ပဏီတွေဟာ Promotion ပွဲများကို ဈေးဝယ်စင်တာများ၌ အပြိုင်အဆိုင်ပြုလုပ်လျက်ရှိပါတယ်။ ဒီလိုပြုလုပ်တဲ့အထဲမှာ နာမည်ရှိတဲ့ Huawei တံဆိပ်လည်းပါရှိပြီး၊ Huawei ကထုတ်လုပ်ပြီးသားဟန်းဆက်များကို အရောင်းမြှင့်တင်ခြင်းပြုလုပ်သလို မကြာမီဈေးကွက်ကို ဖြန့်ချိရောင်းချပေးမယ့် ဟန်းဆက်အသစ်များကိုလည်း ကြိုတင်ကြေညာမိတ်ဆက်လေ့ရှိပါတယ်။ Huawei ဖုန်းများနဲ့ပတ်သက်လို့လည်း service center ကို ဖွင့်လှစ်ပေးထားပြီး၊ Huawei အမှတ်တံဆိပ် ဖုန်းအရောင်းဆိုင်များကိုလည်း မြို့နယ်အတော်များများမှာ ဖွင့်လှစ်ရောင်းချပေးလျက်ရှိပါတယ်။လူတန်းစားအသီးသီးကိုင်ဆောင်အသုံးပြုနိုင်ဖို့အတွက်ငါးသောင်း၊ ခြောက်သောင်းဝန်းကျင်တန်ဖိုးရှိ ဟန်းဆက်များမှသည် သိန်းကျော်တန်ဟန်းဆက်များအထိ တင်သွင်းရောင်းချလျက်ရှိပါတယ်။ တစ်သိန်းအောက်တန်ဖိုးရှိသော ဟန်းဆက်ထဲမှာဆိုရင် Huawei Y Series ဖုန်းများပါရှိပြီး၊ ဒီထဲကမှ Y325 ဟာ GSM network အထောက်အပံ့ရရှိမှာဖြစ်ပါတယ်။ ဖုန်းမျက်နှာပြင်ရဲ့ အကျယ်အဝန်းကတော့ 4 inches ရှိပြီး၊ မြင်ကွင်းစွမ်းရည် ကြည်လင်မှုအပိုင်းအတွက်ကိုတော့ ထောက်ပံ့ပေးထားတဲ့ pixels ပမာဏက 800x480 ဖြစ်ပါတယ်။ မှတ်ဉာဏ်ပမာဏအပိုင်းမှာ RAM က 256MB နဲ့ ROM က 512MB ပါရှိပါတယ်။ အပျော်တမ်းဓာတ်ပုံရိုက်ကူးဖို့အတွက် ပါရှိတဲ့ကင်မရာဟာ အဓိက ကင်မရာအမျိုးအစားဖြစ်ပြီး၊ စွမ်းဆောင်နိုင်စွမ်းကတော့ 2MP ဖြစ်ပါတယ်။ ဖုန်းကိုအသုံးပြုတဲ့အခါမှာ လျင်လျင်မြန်မြန်ဖြစ်စေဖို့အတွက် ထည့်သွင်းပေးထားတဲ့ CPU ရဲ့ စွမ်းရည်ကတော့ Dual core 1.3GHz ပါ။ Android OS ကို အသုံးပြုရမှာဖြစ်ပြီး၊အချက်အလက်တွေ လဲလှယ်ပေးပို့နိုင်တဲ့ Bluetooth စနစ်လည်း ပါရှိပါသေးတယ်။ ဖုန်းကို အချိန်ကြာမြင့်စွာအသုံးပြုနိုင်ဖို့နဲ့အားသွင်းဖို့အတွက်ကိုတော့ ထည့်သွင်းပေးထားတဲ့ ဘက်ထရီရဲ့စွမ်းဆောင်ရည်က 1350mAh ပါ။

Network - GSM
Screen - 4 inches
Memory - ROM 512MB
Bluetooth - v4.0
OS - Android OS, v4.2.2
CPU - Dual Core 1.3GHz
Contact - 09-5176225






## Lenovo A680

အချို့ဖုန်းတံဆိပ်တွေက စတင်ရောင်းချစဉ်အချိန်တွင် လူကြိုက်များမယ့် ဖုန်းအချို့နဲ့သာ ဈေးကွက်မှာစတင်ခဲ့ကြပါတယ်။ နောက်ပိုင်းတွင် လူသိများနာမည်ရလာပါက ဖုန်းအမျိုးအစားအသစ်များကို ထပ်မံထုတ်လုပ်ရောင်းချခြင်းပြုလုပ်သလိုရှေ့ပိုင်းမှာထွက်ရှိခဲ့သော အချို့သောဖုန်းအမျိုးအစားတွေကိုလည်းထပ်မံတင်သွင်းရောင်းချပါတယ်။နဂိုတုန်းကဆိုရင် နာမည်ကြီးတံဆိပ်တွေကသာဈေးကွက်ထဲမှာလူသိများ နေရာရကြပါတယ်။ ထိုကဲ့သို့ ဖြစ်ပေါ်ခဲ့တာကလည်း ဆင်းကတ်များကို လိုသလောက်ဝယ်ယူ၍မရသေးခြင်း၊ အခြေခံလူတန်းစားအများအပြား ဖုန်းမသုံးစွဲနိုင်သေးခြင်းတို့ကြောင့်လည်း ဖြစ်ပါတယ်။ အခုတော့အခြေခံလူတန်းစားများပါ ဖုန်းအသုံးပြုနိုင်တာကြောင့် အခြားတံဆိပ်တွေရဲ့ဖုန်းတွေဟာလည်း ပိုမိုရောင်းချလာရပါတယ်။ Lenovoတံဆိပ်ရဲ့ဖုန်းတွေဟာလည်း အရင်တုန်းကဆိုရင် ဈေးကွက်ထဲမှာ အများအပြားမရှိသေးပါဘူး။ အခုတော့ အမျိုးအစားစုံလင်စွာ တွေ့မြင်လာရပါတယ်။ ဒီထဲကမှ A680 သည်ဆင်းကတ်နှစ်ခု ထည့်သွင်းအသုံးပြုနိုင်ပါမယ်။ ဖုန်းရဲ့အရွယ်အစားကတော့ 145x73.5x10.8mm ဖြစ်ကာ၊ အလေးချိန်ကတော့ 165g ရှိပါတယ်။ 5 inches အကျယ်အဝန်းရှိသည့် capacitive touchscren တွင် 480x854pixels ပမာဏဖြင့် ဖွဲ့စည်းပေးထားပါတယ်။ တစ်လက်မမှာရှိမယ့် pixel ပမာဏသိပ်သည်းဆကတော့ 196 ppi ပါ။ ဓာတ်ပုံရိုက်ကူးနိုင်စေဖို့အတွက် ကင်မရာနှစ်မျိုးနှစ်စား တပ်ဆင်ပေးထားပါတယ်။ အဓိကကင်မရာက အလယ်အလတ်အဆင့် 5 MP စွမ်းရည်ရှိမှာဖြစ်ပြီး၊ ရှေ့ကင်မရာငယ်ကတော့ VGA စွမ်းရည်ရှိပါတယ်။ မှတ်ဉာဏ်ပမာဏအတွက် RAM ကို 1GB နဲ့ internal storage ကို 4GB ထည့်သွင်းပေးထားပါတယ်။ Chipset အမျိုးအစားကတော့ Mediatek MT6582 ပါ။ တပ်ဆင်အသုံးပြုရမယ့် ဘက်ထရီအမျိုးအစားက Li-Po 2000mAh ဖြစ်ပြီး၊ 3G network တွင် စကားပြောဆိုဖို့အတွက် 24 နာရီနီးပါး ခံနိုင်ရည်ရှိမှာဖြစ်ပါတယ်။

Network - GSM
Screen - 5 inches
Memory - up to 32GB
Bluetooth - v3.0
CPU - Quad core 1.3GHz
OS - Android OS, v4.2.2
Contact - 01-371924





**BRAVO**

for better life

စိတ်ချယုံကြည်သုံး . . .

ဘရာဗို(လ်) မိုဘိုင်းဖုန်း

# ပေါ့ပါးသွက်လက် ဘရာဗို(လ်) ရဲ့

# W899 ဟန်းဆက်




## GSM + WCDMA (3G)

၁ လအာမခံ
နှစ်လက်ခမဲ့

ဓါတ်ခဲ၊ ကာဗာ
မေတ္တာလက်ဆောင်

Touch Screen / LCD
Battery
အလွယ်တကူ ဝယ်ယူ လဲလှယ်နိုင်ပါသည်။

MPT , telenor , ooredoo Sim Card များအတွက် အထူးထုတ်လုပ်ထားပါသည်။

MOBILE LAND SHOWROOM 09-2058881

# GLOBAL PHONE

COMING PHONE

## Mobile Accessories



**iPhone 5,5S Metal Gear 360 Case**
**Item Code-6002**
Price : 25,000/-

iPhone 5,5S အတွက် ခွဲမက်ဖွယ်ကာဗာမျိုးစုံကို ဈေးကွက်မှာ တွေ့မြင်နိုင်သော်လည်း iPhone 5,5S Metal Gear 360 Case ဟာဆိုရင်ဘက်စုံအသုံးပြုနိုင်တဲ့ ကာဗာတစ်ခုဖြစ်ပါတယ်။ ဖုန်း၏အပွန်းအပဲ့၊အကွဲအရှဒဏ်ကိုအပြည့်အဝ ကာကွယ်ပေးမှာဖြစ်ပါတယ်။ ရှေ့ကာဗာအဖုံးဟာ အရှင်ဖြစ်သောကြောင့်နောက်သို့လှန်ပြီး Stand အဖြစ်လည်းအသုံးပြုနိုင်ပါတယ်။ကာဗာကိုတော့သတ္တုနဲ့ ပြုလုပ်ထားတာဖြစ်ပါတယ်။ မှန်ကွဲခြင်း၊ ဘေးဘောင်ပွန်းပဲ့ခြင်းများကို 100% အပြည့်အဝကာကွယ်ပေး မှာဖြစ်ပါတယ်။ Ph:09-73105010သို့ ဆက်သွယ်စုံစမ်းဝယ်ယူရရှိနိုင်ပါတယ်။



**Universal Clip Lens**
Price : 18,000/-

စမတ်ဖုန်းများနဲ့ တွဲဖက်အသုံးပြုရန် accessories မျိုးစုံကိုကုမ္ပဏီများစွာက ထုတ်လုပ်ရောင်းချပေးနေပါတယ်။ ဖုန်းမှာပါရှိသော ကင်မရာနဲ့ရိုက်ကူးမှုကို မကျေနပ်အားမရသူများအတွက် Lens များကိုလည်းအသုံးပြုနိုင်အောင် ထုတ်လုပ်ရောင်းချပေးထားပါတယ်။ Universal Camera Wide Angle, Macro, Fisheye Lens ဖြစ်ပါတယ်။ iPhone, Huawei, Samsung, HTC, Sony အစရှိတဲ့ဖုန်းများနဲ့ တွဲဖက်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ Ph:09- 73024327 သို့ဆက်သွယ်စုံစမ်းဝယ်ယူရရှိနိုင်ပါတယ်။



**3 in 1 Lens For iPhone 5/5S**
Price: 18,000/-

Wide Angle ရိုက်ကူးရန် Wide Lens တစ်မျိုး၊ အနီးကပ်ပုံရိပ်များကိုထင်ရှားပြတ်သားစွာရိုက်ကူးရန် Macro Lens တစ်မျိုး၊ 180 ဒီဂရီအတွင်း ပုံရိပ်များကို အဆင်ပြေစွာဖမ်းယူနိုင်ရန် Fish Eye Lens တစ်မျိုးစုစုပေါင်း ၃ မျိုးပါဝင်မှာဖြစ်ပါတယ်။ Lens များထည့်ရန်အတွက် Bag တစ်ခုပါဝင်မှာဖြစ်ပါတယ်။ဓာတ်ပုံရိုက်ကူးရာတွင် ဝါသနာပါသူများသဘောကျစေမည့် Gadget လေးတစ်ခုဖြစ်ပါတယ်။ Professional Cameraဖြင့် မရိုက်ကူးဘဲ iPhone5/5S ဖြင့် ဓာတ်ပုံရိုက်တတ် သည့်လူငယ်များ နှစ်သက်မှာဖြစ်ပါတယ်။ Ph: 09-73024327 သို့ဆက်သွယ်စုံစမ်းနိုင်ပါတယ်။



## LG L Bello

Network - GSM
OS - Android OS, v4.4.2
Memory - 8GB
CPU - Quad core 1.3 GHz
Bluetooth - v4.0

LG က ၈ လပိုင်းအတွက် ဖုန်းအသစ်များ မိတ်ဆက်တဲ့အထဲတွင် ပုံစံတူဖုန်းအမျိုးအစား နှစ်ခုပါရှိပါတယ်။ တစ်ခုကတော့ L Bello ဖြစ်ပြီး၊ နောက်တစ်ခုကတော့ L Fino ဖြစ်ပါတယ်။ စွမ်းရည်ကွာခြားချက် အနေနဲ့ကတော့ ကြီးကြီးမားမားကြီးရှိမှာမဟုတ်ပါဘူး။ L Bello ဖုန်းက 2G, 3G network အထောက်အပံ့ရရှိမှာဖြစ်ပြီး၊ ဖုန်းဒီဇိုင်းကတော့လုံးဝလေးထောင့်ကျတဲ့ပုံစံမဟုတ်ပါဘူး။ ဖုန်းကိုကိုင်တွယ်အသုံးပြုရမယ့် အရွယ်အစားပမာဏကတော့ 138.2x70.6x 10.7mm ဖြစ်ပါတယ်။ IPS LCD capacitive touchscreen အား 5inches အကျယ်အဝန်းဖြစ်အောင်ဆောင်ရွက်ပေးထားပြီး pixels ပမာဏထောက်ပံ့ပေးထားမှုကတော့ 480x854 ဖြစ်ပါတယ်။ တစ်လက်မမှာရှိမယ့် pixel ပမာဏသိပ်သည်းဆကတော့ 196ppi ပါ။ RAM ပမာဏကို 1GB ထည့်သွင်းပေးထားပါတယ်။ ကင်မရာနှစ်မျိုးပါရှိမှာဖြစ်ကာ အဓိကကင်မရာက 8MP နှင့်ရှေ့ကင်မရာငယ်က 1MP စွမ်းရည်ရှိပါမယ်။ ကင်မရာဆက်စပ်ပတ်သက်စနစ်များလည်း အသုံးပြုနိုင်မှာဖြစ်ပြီး၊ ဖုန်းကိုအရောင်သုံးမျိုးဖြင့်ထုတ်လုပ်ပါမယ်။ ဘက်ထရီအမျိုးအစားကတော့ Li-Ion 2540mAh ဖြစ်ပါတယ်။



## HTC One Remix

Network - GSM 850/900/1800/1900
CPU - Quad Core 1.2 GHz
Memory - 16GB, up to 128GB
OS - Android OS,v 4.4.2
Bluetooth - v4.0

ဈေးကွက်ဝေစုများ ယှဉ်ပြိုင်လုယူခြင်း၊ နာမည်ဂုဏ်သတင်းပိုမိုကောင်းမွန်အောင် လုပ်ဆောင်ခြင်းများသည် စမတ်ဖုန်းဈေးကွက်ထဲမှာလည်း ဖြစ်ပျက်နေသောအကြောင်းအရာဖြစ်ပါတယ်။ အထူးသဖြင့်ထိုကဲ့သို့သောကိစ္စရပ်မျိုးတွေဟာ နာမည်ကျော်တံဆိပ်များ ပြုမူဆောင်ရွက်နေကြ အခြင်းအရာတစ်ခုဖြစ်ပါတယ်။ နည်းပညာပစ္စည်းများကို ယနေ့အချိန်တွင် လူအများစု ပိုမိုခုံမင်သုံးစွဲလာကြခြင်းကြောင့် စမတ်ဖုန်းအသစ်များကို အချိန်ပြည့်ကြိုးစားတီထွင်နေကြရာ HTC သည်လည်း စွမ်းဆောင်ရည်သိပ်မကွဲပြားသော ဖုန်းအချို့နှင့် ထူးခြားသောစွမ်းရည်အချို့ပါရှိသော ဖုန်းများကို ထုတ်လုပ်ရောင်းချပါဦးမယ်။ အခုအခါတွင် M8 အတွက် Windows OS အသုံးပြုရမယ့် ဖုန်းနှင့် Desire 510 လိုဖုန်းအသစ်တွေကို ထုတ်လုပ်ပါဦးမယ်။ Verizon အတွက် ထုတ်လုပ်ပေးသော One Remix ဟာ 2G, 3G, 4G network အထောက်အပံ့ရရှိမှာဖြစ်ပြီး၊ ထည့်သွင်းအသုံးပြုရမယ့် ဆင်းကတ်အမျိုးအစားကတော့ Nano sim ဖြစ်ပါတယ်။ ဖုန်းရဲ့အရွယ်အစားက 137.4x65x10.6mm ဖြစ်ပြီး၊ အလေးချိန်ကတော့ 137g ရှိပါတယ်။ Super LCD 2 capacitive touchscreen ဟာ 4.5 inches အကျယ်အဝန်းရှိမှာဖြစ်ကာ pixels ပမာဏအနေဖြင့် 720x1280 ဖြင့် ထောက်ပံ့ပေးထားပါတယ်။ တစ်လက်မမှာရှိမယ့် pixel ပမာဏသိပ် သည်းဆကတော့ 326ppi ပါ။ HTC Sense UI အသုံးပြုနိုင်မယ့် ဖုန်းရဲ့မျက်နှာပြင်ကို Gorilla Glass 3 ဖြင့် ဖုံးအုပ်ပေးထားပါတယ်။ RAM ပမာဏကတော့ 1.5GB ပါရှိပါတယ်။ 13MP စွမ်းရည်ရှိသော အဓိကကင်မရာနှင့်အတူ 5MP စွမ်းရည်ရှိသော ရှေ့ကင်မရာငယ်လည်းတပ် ဆင်ပေးထားပါတယ်။ ဗီဒီယိုရိုက်ကူးနိုင်မယ့်စွမ်းရည်ကတော့1080p နှင့် 720p ဆိုပြီးနှစ်မျိုးရှိပါမယ်။ Active noise cancellation with dedicated mic စနစ်လည်းအသုံးပြုနိုင်မှာဖြစ်ပြီး၊ ထည့်သွင်းပေးထားသော ဘက်ထရီအမျိုးအစားကတော့ Li-Po 2100mAh ဖြစ်ပါတယ်။

## Comparison







| | Nokia Lumia 720 | Nokia Lumia 820 | Nokia Lumia 920 |
|---|---|---|---|
| Display | 4.3 inches | 4.3 inches | 4.5 inches |
| OS | Microsoft Windows Phone 8 | Microsoft Windows Phone 8 | Microsoft Windows Phone 8 |
| Battery | Li-Ion 2000 mAh | Li- Ion 1650 mAh | Li- Ion 2000 mAh |
| Storage | 8GB, up to 64GB | 8GB, up to 64GB | 32GB |
| Camera | 6.1MP | 8 MP | 8 MP |
| Price | 320,000 | 300,000 | 470,000 |
| Contact | 011-220484 | 011-220484 | 011-220484 |


SAMSUNG
Samsung
GALAXY MEGA CDMA
Stay Smart, Live Large
မျက်နှာပြင်ကျယ်ကျယ်သုံးနိုင်မယ့်
စီဒီအမ်အေဖုန်း
Large 5.8" qHD Screen
Optimized wide UX
Smart Services & Features
Customer Contact Center 01-2399 888
samsungmyanmar
Samsung Customer Service Plaza (1) (မိုဘိုင်းဖုန်း သီးသန့်) အမှတ် (၁၉၅)၊ မဟာဗန္ဓုလပန်းခြံလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း - (၀၁) ၃၇၈၂၁၆ ၊ ၃၇၈၂၁၇
Samsung Customer Service Plaza (2) (မိုဘိုင်းဖုန်း နှင့် အီလက်ထရောနစ်ပစ္စည်းများ) အမှတ် (၁၂၉/၁၃၁)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း - (၀၁) ၃၉၄၅၈၂ ၊ ၃၈၉၃၀၄
Samsung Customer Service Plaza အမှတ် (၅၇၃)၊ ၈၄လမ်း (၄၂လမ်း နှင့် ၄၅လမ်းကြား)၊ မန္တလေးမြို့၊ဖုန်း - (၀၂) ၇၆၂၄၃

# MG's CHOICE

## first CLASS

### LG G2 Gold

| | | |
|---|---|---|
| Network | - | GSM 850/900/1800/1900 |
| Dimensions | - | 138.5x70.9x8.9 mm |
| Weight | - | 143 g |
| Display size | - | 5.2 inches |
| Display Type | - | True HD-IPS+LCD |
| Camera | - | 13 MP |
| Memory | - | 16/32GB |
| OS | - | Android OS,v4.2.2 |
| Phone | - | 09-73024327 |

**509,000 Ks**



## first CLASS

### Samsung Galaxy S4 Active

| | | |
|---|---|---|
| Network | - | GSM 850/900/1800/1900 |
| Dimensions | - | 139.7x71.3x9.1mm |
| Weight | - | 153 g |
| Display Size | - | 5.0 inches |
| Display Type | - | TFT capacitive |
| Camera | - | 8 MP |
| Memory | - | 16 GB, up to 64 GB |
| OS | - | Android OS,v4.2.2 |
| Phone | - | 01-371923 |

**475,000 Ks**



## first CLASS

### Sony Xperia M2

| | | |
|---|---|---|
| Network | - | GSM 850/900/1800/1900 |
| Dimensions | - | 139.7x71.1x8.6 mm |
| Display Size | - | 4.8 inches |
| Weight | - | 148g |
| Display Type | - | TFT capacitive |
| Camera | - | 8 MP |
| Memory | - | 8GB, up to 32GB |
| OS | - | Android OS, v4.3 |
| Phone | - | 01-371924 |

**230,000 Ks**



## second CLASS

### Dell Streak

| | | |
|---|---|---|
| Network | - | GSM 850/900/1800/1900 |
| Dimensions | - | 152.9x79.1x10 mm |
| Display Size | - | 5.0 inches |
| Display Type | - | TFT capacitive |
| Weight | - | 220g |
| Camera | - | 5 MP |
| Memory | - | 16GB |
| OS | - | Android OS,v1.6 |
| Phone | - | 011-220484 |

**150,000 Ks**



## second CLASS

### Huawei G615

| | | |
|---|---|---|
| Network | - | GSM 850/900/1800/1900 |
| Dimensions | - | 134x67.5x10.5mm |
| Display Size | - | 4.5 inches |
| Display Type | - | Super IPS+LCD |
| Camera | - | 8 MP |
| Weight | - | 145 g |
| Memory | - | up to 32GB |
| OS | - | Android OS, v4.0 |
| Phone | - | 01-224502 |

**120,000 Ks**



## second CLASS

### Acer Liquid Z4

| | | |
|---|---|---|
| Network | - | GSM850/900/1800/1900 |
| Weight | - | 130 g |
| Display Size | - | 4.0 inches |
| Display Type | - | TFT capacitive |
| Memory | - | 4GB |
| Camera | - | 5MP |
| OS | - | Android OS,v4.2.2 |
| CPU | - | Dual Core 1.3GHz |
| Phone | - | 01-385818 |

**109,000 Ks**



## third CLASS

### HTC Desire 210

| | | |
|---|---|---|
| Network | - | GSM 850/900/1800/1900 |
| Dimensions | - | 125.7x65x10.5mm |
| Weight | - | 130g |
| Display Type | - | TFT capacitive |
| Display Size | - | 4.0 inches |
| Camera | - | 5 MP |
| Memory | - | up to 32GB |
| OS | - | Android OS,v4.2.2 |
| Phone | - | 01-385818 |

**99,000 Ks**



## third CLASS

### Coolpad 7251

| | | |
|---|---|---|
| Network | - | GSM/WCDMA |
| Dimensions | - | 140.35x71.8x9.6 mm |
| Weight | - | 170 g |
| Display Type | - | IPS capacitive |
| Display Size | - | 5.0 inches |
| OS | - | Android OS,v4.3 |
| Memory | - | 4GB |
| Camera | - | 5 MP |
| Phone | - | 09-73059274 |

**76,000 Ks**



## third CLASS

### Lenovo A316

| | | |
|---|---|---|
| Network | - | GSM850/900/1800/1900 |
| Dimensions | - | 118x63.5x12.2 mm |
| Display Size | - | 4 inches |
| Display Type | - | TFT capacitive |
| Weight | - | 130.2g |
| Memory | - | 512MB Rom |
| Camera | - | 2.0 MP |
| OS | - | Android OS,v2.3 |
| Phone | - | 01-382868 |

**66,000 Ks**



## Used Phone

### HTC Desire 600C

| | | |
|---|---|---|
| Network | - | GSM/WCDMA |
| Camera | - | 8 MP |
| Memory | - | 8GB, 2GB RAM |
| OS | - | Android OS,v4.1.2 |
| Description | - | Color : Black |
| | - | |
| | - | |
| Search Word | - | HTC Desire 600C |

**225,000 KS**



## Used Phone

### Samsung Galaxy Note N7000

| | | |
|---|---|---|
| Network | - | GSM/WCDMA |
| Camera | - | 8 MP |
| Memory | - | 16GB |
| OS | - | Android OS,v4.1.2 |
| Description | - | Color : Black |
| | - | |
| | - | |
| Search Word | - | Samsung Note |

**140,000 KS**



## Used Phone

### Huawei G6

| | | |
|---|---|---|
| Network | - | GSM/WCDMA |
| Memory | - | 4GB, 1GB RAM |
| Camera | - | 8 MP |
| CPU | - | Quad Core 1.2GHz |
| Description | - | Color : Black |
| | - | |
| | - | |
| Search Word | - | Huawei G6 |

**110,000 KS**



အထက်ပါ search keyword ကိုသုံး၍ www.ads.com.mm တွင် ရှာဖွေဝယ်ယူနိုင်ပါသည်။

*Huawei, Samsung, Sony, HTC, Tablet, iPhone*

**PN မိုဘိုင်းဖုန်းပြုပြင်နည်းသင်တန်းကျောင်း**

အမှန်တကယ် တက်ရောက်သူများအတွက် ရာနှုန်းပြည့် တာဝန်ယူပါသည်။ Find Us On Facebook : http://www.facebook.com/pntraining

Special Packet 3 in One သင်တန်းကြေး တစ်သိန်းကျပ်

# Android + iOS + Hardware

| | | |
|---|---|---|
| About Android | About iOS | General Hardware Knowledge |
| System Error Solution | Firmware Installation | Touch & LCD Replacing |
| Hacking & Rooting | Jailbreking & Cydia Soruces | Ear Piece, Speaker & Mic Replacing |
| Backup & Restore | Software & Game Installation | Error Checking Overview |
| Firmware Installation | Application Official & Crack | Replacing Slite Phone LCD |
| Firmware Upgrade & Downgrade | Create Apple ID | Changing Busbar Cable |
| Boot Loader Unlock & Relock | Network Unlocking | Detail Pack All Hand set |

အမှတ် (၇)၊ သုခမွာ လမ်းမကြီး၊ ၅လမ်းမှတ်တိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 09 - 4200 430 85

**စကား မိုဘိုင်း** သင်လဲလို၊ ရောင်းလိုသော် ...

သင်အသုံးမလို ပိုနေလျှံနေသော သင့်ထံရှိ Mobile, Laptop များကို ပြန်ရောင်းချင်ပါသလား?

**Phone / Laptop & Tablet များသန့်လျှင်**

**အထူးဈေးကောင်းပေး ဝယ်လိုသည်။**

APPLE - iPOD, iPHONE, iPAD . SAMSUNG, HTC, SONY, LG, HUAWEI . ဖုန်းများ

LENOVO, ACER, SAMSUNG, SONY vaio, DELL, HP, ASUS, MSI, TOSHIBA, SINGTECH, MAC BOOK ..., INTEL CORE i3, i5, i7. Model အမြင့် Phone နှင့် Laptops များ ဝယ် လို သည်။

Mobile & Tablet ⇨ 09430 27553 Laptop ⇨ 093177 5707

ဗိုလ်ဆွန်ပတ်လမ်း(အပေါ်)လမ်း၊ အမှတ် (၂၈၇)၊ ပထမထပ်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**iBox® i-store**

**iPhone, iPad** ဝယ်ယူသူတိုင်းကို **jailbreak, Apps, Games** များကို ထည့်သွင်းပေးသည့်အပြင် **Apple ID (U.S.A, Singapore)** များကိုလည်း အခမဲ့ပြုလုပ်ပေးပါသည်။

No(108), 15th St (Middle), Lanmadaw Tsp, Yangon.
Page: www.facebook.com/ibox.istore Ph : 09-420061077




# A.K Mobile

*Ko Myo San*
Daily Open
9:30 AM to 7:00 PM
www.akmobile2013.com
www.facebook.com/akmobile2013
akmobile2013@gmail.com

**ရောင်းသည်/ဝယ်သည်/အလဲအထပ်လုပ်ပေးသည်။**

**Used iPhone / iPad / iPod / Samsung / Sony / HTC/ Huawei**
**Used All in one PC / Notebook / Netbook / UtlarBook / Laptop**
**Mac Book Pro / Mac Air / iMac / Mac Mini / Any Tablet Pc (Not China)**

**အထူးဈေးကောင်းပေးဝယ်လိုသည်။**

★ iPhone 5S, 5C, 5, 4S, iPod 5, iPad Air, 4, 3, 2, Mini,Mini 2 Wifi & Wifi+3G
★ Samsung S5, S4, S3, S2, Note 3 / 2 / 1, Grand, Mega & Neo Series
★ Samsung Tab 2/3/4 7.0,Tab 3 / Note 8.0, Tab 2/3/4 10.1, All Note 10.1 Series & Pro Series
★ Sony Xperia Z2, Z1, Z, Z Ultra, T2 Ultra, M2, M, T, TX, SP, C & Sony Tablet
★ HTC One M8, One Max, One, Butterfly, Desire 816 / 700 / 600 / 300
★ HUAWEI Ascend P7, P6 ,P1 , Mate, G6, G700, G730, 610, C 8816, C 8815, C8813
★ **Macbook Pro** , Macbook Air , iMac , Mac Mini , Sony Vaio , Dell , HP, Asus
★ Lenovo, MSI, Acer, Toshiba, Samsung, Intel Core i3,i5,i7,B970,B960,B940 နှင့်
★ အခြားသော Model အမြင့် Phone နှင့် Laptop များအထူးဈေးကောင်းပေးဝယ်ပါသည်။

*Software Service*

iPhone , Samsung , Sony , HTC , Huawei Phone များ Firmware Upgrade , Downgrade Jailbreak , Rooting , Hacking , Installation Application , Games, Ringtones, Wallpaper, Myanmar Font & Keyboard ,Create Apple ID iDevice နှင့် Android Device များအား User Lock & Network Lock များဖြည်ပေးခြင်းနှင့် အခြားသော Software ဝန်ဆောင်မှုများ ပြုလုပ်ပေးသည်။



Good Second Hand IT Products




**: 09-4500 39844, 09-25400 4420, 09 312 88077, 09-3100 8866**

အမှတ် (၁၂၄)၊ ၃၁ လမ်း(အလယ်)၊ ၃ လွှာ၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ARTICLE KNOWLEDGE

# သင့်စမတ်ဖုန်းကို အကောင်းဆုံးကာကွယ်ထားပေးမယ့်

# Mobile Antivirus



စမတ်ဖုန်းတွေကိုင်ဆောင်မှုတဖြည်းဖြည်း တိုးတက်များပြားလာတဲ့ အချိန်မှာ မိုဘိုင်းဖုန်းထဲမှာ ထည့်သွင်းထားတဲ့ လုံခြုံရေးဆိုင်ရာအချက်အလက်တွေကလည်း အရေးကြီးလာခဲ့ပါတယ်။ ဘာကြောင့်လဲဆိုရင် စမတ်ဖုန်းအချင်းချင်း Data တွေ ကူးယူလွှဲပြောင်းရှိဖြစ်စေ၊ အခြားသော Resource များစွာကနေ သင့်ဖုန်းထဲကိုအချက်အလက်တွေ ထည့်သွင်းယူလိုက်တဲ့အခါမှာဖြစ်စေ Virus တွေ လွယ်လင့်တကူဝင်ရောက်လာတတ်ပါတယ်။ စမတ်ဖုန်းဟာ ကွန်ပျူတာအသေးစားလေးတွေ အသုံးဝင်လာတာကြောင့် ဖုန်းကနေတစ်ဆင့် လုပ်ငန်းပိုင်းဆိုင်ရာအချက်အလက်တွေ၊ မေးလ်အဝင်အထွက်တွေအပြင် အခြားသော data တွေကိုလည်း သိမ်းဆည်းထားတတ်ပါတယ်။ စမတ်ဖုန်းထဲကို လွယ်လင့်တကူ ဗိုင်းရပ်စ်ဝင်ရောက်မှုက Android ဖုန်းတွေမှာအဖြစ်များတာကြောင့် မိမိရဲ့ဖုန်းထဲမှာ သာမန် Antivirus တစ်ခုလောက်တော့ ထည့်သွင်းထားသင့်ပါတယ်။ ဒါမှသာ ဖုန်းထဲကိုရုတ်တရက်ဝင်ရောက်လာနိုင်တဲ့ ဗိုင်းရပ်စ်တွေအပြင် သင့်ဖုန်းကနေ ရုတ်တရက်ကြည့်ရှုလိုက်တဲ့ ဝက်ဘ်ဆိုက်တွေဆီကနေ ဝင်ရောက်လာတဲ့ Malware တွေကို ကာကွယ်ထားနိုင်မှာပါ။

ဒီလိုကာကွယ်ထားလိုက်ခြင်းအားဖြင့် ရုတ်တရက်ဖုန်းဟာ ဗိုင်းရပ်စ်တွေလွယ်လင့်တကူဝင်ရောက်တာကို ကာကွယ်တားဆီးနိုင်မယ့်အပြင် ဖုန်းရဲ့အချက်အလက်တွေကို Backup ပြုလုပ်ထားနိုင်မှာဖြစ်တာကြောင့် သင့်အနေနဲ့ ဖုန်းတစ်ခုခုဖြစ်သွားလို့အလုပ်ရှုပ်တဲ့ဒုက္ခကနေ ကင်းဝေးသွားစေပါလိမ့်မယ်။ သင့်ရဲ့အရေးကြီးတဲ့အချက်အလက်တွေအတွက် သာမန်ကာကွယ်မှုနဲ့မလုံလောက်ပါဘူး။ Backup ပြုလုပ်ထားပေးမှသာ အဆင်ပြေစေမှာဖြစ်ပါတယ်။ Antivirus တချို့ရဲ့လုပ်ဆောင်နိုင်စွမ်းတွေထဲမှာ ရုတ်တရက် ဖုန်းပျောက်ဆုံးသွားတဲ့အခါမှာ ပြန်လည်ရှာဖွေနိုင်စေဖို့ ထောက်ပံ့မှုမျိုးတွေကအစ ပါဝင်လာတာကြောင့် သင့်ဖုန်းပျောက်ဆုံးသွားမယ်ဆိုရင်တောင် ဖုန်းထဲက Data တွေ ဖျက်ဆီးပစ်လို့ရသလို လွယ်လင့်တကူပြန်လည်ရှာဖွေနိုင်စေဖို့လည်း ခွင့်ပြုပါလိမ့်မယ်။

ဒီအတွက် သင့်ဟာ Antivirus ထုတ်လုပ်ရာကုမ္ပဏီတွေက သတ်မှတ်ပေးထားတဲ့ ဝက်ဘ်ဆိုက်တွေဆီမှာ သွားရောက်မှတ်ပုံတင်ထားရပါလိမ့်မယ်။ ဒီအတွက် အီးမေးလ်လိပ်စာကိုအသုံးပြုလို့ရနိုင်သလို၊ ဝက်ဘ်ဆိုက်က ပြုလုပ်ခိုင်းတဲ့ ကိုယ်ပိုင်အကောင့်တစ်ခုလည်း ပြုလုပ်ထားရပါလိမ့်မယ်။ ဒီလိုစေ့စပ်သေချာတဲ့ အချက်အလက်တွေကိုသာ ပြုလုပ်ထားမယ်ဆိုရင် သင့်ဖုန်းပျောက်ဆုံးမှာကို စိတ်မပူရတော့သလို ဗိုင်းရပ်စ်တွေရဲ့ ရန်ကလည်း ကာကွယ်တားဆီးနိုင်ပါလိမ့်မယ်။

**ရာနိုင်နှုန်းပြည့်စိတ်ချရမယ့် Trust Go**

Mobile Securityတွေထဲမှာ ရာနိုင်နှုန်းပြည့်စိတ်ချယုံကြည်ရပြီး သတ်မှတ်ချက်တွေအရလည်း အကောင်းဆုံးအနေအထားအဖြစ် ရှိနေစေဖို့အတွက် Trust Go Inc., ကနေထုတ်လုပ်ပေးထားတာဖြစ်ပါတယ်။



ပိုင်စေသော်

Android Security App တွေ ထဲမှာ အခမဲ့ ရရှိပြီး ကြယ်ငါးပွင့်ရရှိထားတဲ့ App တစ်ခုဖြစ်ကာ ယနေ့အချိန်မှာ သင့်ရဲ့ စမတ်ဖုန်းထဲကို ဝင်ရောက်လာမယ့် Malware တွေနဲ့ Virus တွေရဲ့ အန္တရာယ်ကိုကာကွယ်ပေးမှာဖြစ်ပါတယ်။ ဒါ့အပြင် မိမိရဲ့ပုဂ္ဂိုလ်ရေးအချက်အလက်တွေကိုလည်းအကောင်းဆုံးထိန်းသိမ်းပေးမှာဖြစ်ပြီး Trust Go မှာ Find my Phone လိုလုပ်ဆောင်ချက်တွေပါဝင်လာပါတယ်။ မိမိ ဖုန်းပျောက်ဆုံးသွားတဲ့အချိန်မှာ ပြန်လည်ရှာဖွေနိုင်စေဖို့အတွက်လည်း ကူညီပေးမှာဖြစ်ပြီး ဖုန်းကို Lock ပြုလုပ်ဖို့၊ Alarm ပေးထားနိုင်ဖို့တွေကိုပြုလုပ်နိုင်ပါတယ်။ အဓိကလုပ်ဆောင်ချက် ၈ ခုပါဝင်ပြီး တစ်ခုချင်းစီတိုင်းဟာ မိုဘိုင်းဖုန်းသုံးစွဲသူကို အခမဲ့လို့မထင်ရအောင် အထောက်အပံ့ပေးလွန်းလှပါတယ်။ Security Scanner မှာဆိုရင် မိုဘိုင်းဖုန်း Tablet ထဲမှာရှိတဲ့ ဒါမှမဟုတ် SD Card ထဲမှာရှိနေတဲ့ Virus, Malware နဲ့ Spyware တွေကို ဖယ်ရှားရှင်းလင်းပေးမှာဖြစ်ပါတယ်။ ဒါ့ကြောင့် သင့် Data တွေကို ခိုင်ခိုင်မာမာ ရှိနေစေပါလိမ့်မယ်။ Secure App Search ဟာ App တွေရှာဖွေနိုင်တဲ့ Search အင်ဂျင် တစ်ခုဖြစ်ပြီး Application တွေကို Download ပြုလုပ်တဲ့အချိန်မှာ Website တွေကနေတစ်ဆင့် ပါဝင်လာနိုင်မယ့် Virus တွေကို သတိပေးဖယ်ရှားပေးမှာဖြစ်ပါတယ်။ နောက်ထပ်တစ်ခုကတော့ အင်တာနက်အသုံးပြုပြီး မိမိသိချင်တဲ့အချက်အလက်တွေကိုရှာဖွေမှုပြုတဲ့အခါမျိုးမှာ ကြုံတွေ့ရနိုင်တဲ့ ဝက်ဘ်ဆိုက်တွေကနေတစ်ဆင့် ဝင်ရောက်လာမယ့် ဗိုင်းရပ်တွေကို ရှင်းလင်းပေးမှာဖြစ်ပါတယ်။ ဖုန်းမှာ တစ်ပါတည်းပါဝင်လာတဲ့ Android Browser တွင် သာမကဘဲ Chrome နဲ့ Dolphin Browser တို့ကိုပါ အထောက်အပံ့ပေးပါတယ်။ System Manager မှာတော့ ဖုန်းရဲ့ Data တွေကို ဘယ်လောက်သုံးစွဲထားတယ်။ မန်မိုရီ ပမာဏ ဘက်ထရီအသုံးပြုမှုပမာဏတွေကို ဖော်ပြပေးမှာဖြစ်ပါတယ်။ ဒါ့အပြင် Data တွေကို Backup, Restore ပြုလုပ်နိုင်စေဖို့အတွက်လည်း အထောက်အပံ့ပေးထားပါသေးတယ်။ ဒါဟာ ဘာလဲဆိုရင် Cloud တွေဆီကို တိုက်ရိုက် Upload ပြုလုပ်နိုင်ဖို့အတွက် ခွင့်ပြုပေးထားတာပါ။ ကင်မရာ Thief ID ကတော့ သင်ဖုန်းပျောက်သွားတဲ့အချိန်မှာ ဖုန်းရဲ့ရှေ့ဘက်ကင်မရာကနေတစ်ဆင့် ကိုင်ဆောင်ထားတဲ့သူရဲ့ ပုံတွေကိုရိုက်ကူးပေးပြီးတော့ သင့်ဆီကို ပေးပို့ပေးမှာဖြစ်ပါတယ်။

Block ပြုလုပ်ထားနိုင်မယ့် အကောင်းဆုံးတွေထဲကတစ်ခုအဖြစ် Android ဖုန်းတွေနဲ့ Tablet တွေအတွင်းကို ဝင်ရောက်လာနိုင်မယ့် Virus တွေရဲ့ အန္တရာယ်ကိုကာ ကွယ်နိုင်ပါလိမ့်မယ်။ မိမိရဲ့မိုဘိုင်း Device ကို အကောင်းဆုံးကာကွယ်စောင့်ရှောက်နိုင်မှာဖြစ်ပြီး SD Card တွေထဲမှာ ဝင်ရောက်နေတဲ့ Virus တွေကအစ ကာကွယ်နိုင်မှာဖြစ်တယ်။ ဒါ့အပြင် သူ့ရဲ့တခြားလုပ်ဆောင်ချက်တွေနဲ့ ဖုန်းတွေ Tablet တွေပျောက်ဆုံးသွားတဲ့အချိန်မှာ ပြန်လည်ရှာဖွေနိုင်စေမယ့် Feature တွေပါဝင်လာမှာဖြစ်ပြီး။ တကယ်လို့ရှေ့ဘက်ကင်မရာသာပါဝင်လာမယ်ဆိုရင် ဖုန်းပျောက်ဆုံးသွားတဲ့အချိန်မှာ မိမိဖုန်းရောက်ရှိနေသည့် နေရာအရပ်ဒေသကိုပါ သိရှိနိုင်ပါလိမ့်မယ်။ စမတ်ဖုန်းတွေ အတွက်ဆိုရင်တော့ မိမိမလိုအပ်တဲ့ Call တွေနဲ့ SMS တွေကို Block ပြုလုပ်ထားနိုင်ပါလိမ့်မယ်။ Mobile Security ထဲမှာအကောင်းဆုံး အဖြစ်သတ်မှတ်နိုင်ပြီးလုပ်ဆောင်နိုင်မှုများတဲ့အတွက်ကြောင့် မိုဘိုင်းသုံးစွဲသူတွေမဖြစ်မနေထည့်သွင်းထားသင့်ပါတယ်။ Android 2.1 နဲ့ အထက်မှာသုံးစွဲနိုင်မှာဖြစ်ပြီး လက်ရှိဗားရှင်း 3.6 ထွက်ရှိထားပါတယ်။




**Malware တွေပါရှင်းထုတ်မယ်**

Android စမတ်ဖုန်းတွေအတွက် Virus တွေကို လျင်လျင် မြန်မြန်နဲ့ လွယ်ကူစွာသတ်ပေးနိုင်ပါလိမ့်မယ်။ ဒါ့အပြင် App တွေ အတွက် သာမကဘဲ မိမိရဲ့တစ်ကိုယ်ရေအချက်အလက်တွေကိုပါ ထိန်းသိမ်းကာကွယ်ပေးနိုင်ပါလိမ့်မယ်။ စမတ်ဖုန်းအတွင်းကို Wireless Sharing ပြုလုပ်တဲ့အချိန်မှာ ဝင်ရောက်လာနိုင်ချေရှိတဲ့ Malware တွေနဲ့ အခြားအန္တရာယ်ရှိနိုင်စေတဲ့ Virus တွေကို စက္ကန့်ပိုင်းအတွင်း မှာပဲရှင်းထုတ်ပေးမှာပါ။ စမတ်ဖုန်းတွေကို လုံလုံခြုံခြုံနဲ့သုံးစွဲလိုသူတွေ အတွက်တော့ အခမဲ့ဗားရှင်းဖြစ်ပေမယ့်ပြည့်ဝစွာစွမ်းဆောင်ပေးနိုင်ပါလိမ့်မယ်။ အဓိကအားဖြင့် အင်တာနက်သုံးစွဲတဲ့အချိန်မှာ Website တွေကနေတစ်ဆင့်ဝင်ရောက်လာနိုင်ချေရှိတဲ့ Virus တွေရဲ့ရန်ကို ကာကွယ်ပေးနိုင်ပါလိမ့်မယ်။ တစ်ခုချင်းစီလည်း Virus စစ်ဆေးလို့ ရသလို Full Scan လည်းပြုလုပ်နိုင်ပါလိမ့်မယ်။

App တစ်ခုချင်းစီဟာ သက်ဆိုင်ရာကဏ္ဍအလိုက် ထိန်းသိမ်းကွပ်ကဲမှုတွေကိုပြုလုပ်နိုင်မှာဖြစ်တာကြောင့် သင့်ဖုန်းရဲ့အချက်အလက်တွေလည်း လုံးဝစိတ်ချရပါလိမ့်မယ်။

■

No One Can Live Without ...
Mobile Guide
Information Technology & Lifestyle Journal

အယ်ဒီတာချုပ်
ရဲမင်းအောင်

တာဝန်ခံအယ်ဒီတာ
စိုးမိုး

အယ်ဒီတာအဖွဲ့
စည်သူ၊ ငြိမ်းချမ်းတိုး

သတင်းအဖွဲ့
နေဦးလွင်၊ ရဲလင်းစိုး

စာပြင် စာပြု
ဒေါ်ခင်လေးမြို့

မျက်နှာဖုံးဒီဇိုင်း
ပြည့်မင်းဇော်

ဒီဇိုင်းအဖွဲ့
မင်းသီဟဦး
နေဇာဝင်း၊ ဝိုင်းဝိုင်း
စန်းစန်းရီ

ကြော်ငြာတာဝန်ခံ
ချိုဇင်သက်

ကြော်ငြာအဖွဲ့
အေးငြိမ်းသူ၊
အေးသန္တာကျော်

ရုံးအဖွဲ့
စိုးစံငြိမ်း

ဖြန့်ချိရေး
အောင်နိုင်

ပုံနှိပ်
ဦးတိုးဝင်း
နေလရောင်ပုံနှိပ်
(၀၂၄၃၁)
အမှတ် ၉၃၊ ၁၁လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်။

ထုတ်ဝေသူ
ဦးရဲမင်းအောင်
(၁၄၀၀-ယာယီ)

ရုံးခန်းတည်နေရာ
အမှတ် ၉၃၊ ပထမထပ်၊ ၁၁ လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်။
ဖုန်း- ၀၉၇၃၁၈၇၉၅
၀၉၄၂၀၀၇၇၇၀၀

Email
mobileguidemyanmar@gmail.com




# တိမ်လွှာဘဏ်တိုက် တစ်ခုဖြစ်သော Azure

ငြိမ်းချမ်းတိုး

ကုန်လှောင်ရုံ၊ ဂိုဒေါင်နှင့် ကွန်တိန်နာတွေထဲမှာ သိမ်းဆည်းချင်သူ စိတ်တိုင်းကျ ပစ္စည်းမျိုးစုံသိမ်းဆည်းထည့်သွင်းနိုင်ပေမယ့် သတ်မှတ်အတိုင်းအတာပမာဏအရပဲ လက်သင့်ခံထည့်သွင်းလို့ရပါမယ်။ စုပေါင်းသိမ်းဆည်းတဲ့အခါမှာလည်း ဘေးအန္တရာယ်မဖြစ်စေမယ့် ပစ္စည်းမျိုး၊ ပေါင်းစပ်ဓာတ်ပြုနိုင်မယ့် ပစ္စည်းမျိုးမဖြစ်ဖို့လိုအပ်ပါသေးတယ်။ အမျိုးအစား သတ်သတ်မှတ်မှတ်နှင့်ခွဲခြားပြီး သိမ်းဆည်းရပါမယ်။ ပေါက်ကွဲလွယ်၊ အန္တရာယ်ဖြစ်စေမယ့် ပစ္စည်းများကို သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များ၊ လိုက်နာသင့်သော နည်းလမ်းစည်းကမ်းများနဲ့ ချင့်ချိန်ပြီးသိမ်းဆည်းရပါမယ်။ ထိုကဲ့သို့သေချာစွာ ဂရုပြုထိန်းသိမ်းရင်တောင်မှ မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသေးတယ်။ သိုလှောင်ရုံများ၊ ဂိုဒေါင်များ မီးလောင်ပေါက်ကွဲခြင်းကိစ္စရပ်တွေဟာ ဖြစ်လေ့ဖြစ်ထရှိပါတယ်။ ပစ္စည်းများစွာသိမ်းတဲ့ အဆင့်မဟုတ်ဘဲ မိမိရဲ့ ရုံးခန်း၊ အိမ်၊ အိပ်ခန်းစတဲ့ နေရာတွေမှာတောင် လိုအပ်သော၊ မလိုအပ်သော၊ အရေးကြီးသော၊ နောင်တစ်ချိန်ပြန်သုံးဖို့ဟူသောစသည့် အကြောင်းအချက်များဖြင့် ပစ္စည်းများစုပြုံနေတတ်ပါတယ်။ အစိုးရပုဂ္ဂလိကစသော ရုံးများ၊ ကုမ္ပဏီများရဲ့နေ့စဉ်၊ လစဉ်၊ နှစ်စဉ်မှတ်သားတွက်ချက်သိမ်းဆည်းရသော စာရင်းဇယားများ၊ အချက်အလက်များဟာဆိုရင်လည်း အိမ်ခန်း တစ်ခန်း (သို့) နေရာတစ်နေရာပေးပြီး သိမ်းဆည်းရစမြဲဖြစ်ပါတယ်။

ဒါကြောင့် စာရွက်ပေါ်တွင် မှတ်သားသိမ်းဆည်းခြင်း နည်းလမ်းမှသည် ကွန်ပျူတာပေါ်တွင် ရိုက်နှိပ်ထည့်သွင်းခြင်းနည်းကို ပြောင်းလဲသုံးခဲ့ကြပါတယ်။ ကိစ္စအတော်များများ၌ ကောင်းကျိုးရှိလျှင် ဆိုးကျိုးကအနည်းအများနောက်က ပါလာတတ်ပါတယ်။ ဒီနည်းလမ်းမှာလည်း ထိုနည်းတူပါပဲ။ သိမ်းထားသော အချက်အလက်များသည် ပျက်စီးနိုင်သလို၊ ဖျက်ဆီးလည်း ခံရနိုင်ပါတယ်။ ဒါပေမယ့် ဝန်ပေါ့ခြင်း၊ မြန်ဆန်ခြင်း၊ တိကျသေချာ အချိန်ကုန် သက်သာခြင်းတွေကြောင့် ကမ္ဘာနဲ့အဝှမ်း လက်သင့်ခံ အသုံးပြုကြပါတယ်။ အခုဆိုရင် ပိုလို့တောင်လွယ်ကူ အဆင်ပြေလာစေပါတယ်။ အချက်အလက်တွေရယူဖို့ သိမ်းဆည်းဖို့ လွှဲပြောင်းဖို့စသည်တို့အတွက် အထောက်အကူပစ္စည်းများ၊ နည်းလမ်းများပေါ်များစွာပေါ်ထွန်းနေပါပြီ။ ပစ္စည်းတစ်ခုတည်း၊ တစ်နေရာတည်းမှာ သိမ်းဆည်းတဲ့အခါ မလုံခြုံခြင်း၊ ပျက်စီးသွားခြင်းစတဲ့ အကြောင်းအရာများဖြစ်ပေါ်ခဲ့ရင်လည်း မိမိရဲ့အချက်အလက်များကို backup ပြုလုပ်နိုင်မယ့်နည်းလမ်းများလည်းရှိလာပါပြီ။ နိုင်ငံတစ်ခုမှာ သိမ်းထား လိုက်တဲ့အချက်အလက်တွေကို နောက်နိုင်ငံတစ်ခုမှာ ပြန်လည်ရယူနိုင်မယ့် ပင်မရင်းမြစ်နည်းပညာဌာနတွေလည်းဖြစ်ထွန်းလာခဲ့ပါပြီ။ သုံးစွဲသူတွေ စိတ်ကြိုက်ရွေးချယ်နိုင်အောင်လည်း နည်းပညာကုမ္ပဏီများက စနစ်သစ်များ၊ version အသစ်များကို ဆက်တိုက်ဖန်တီး ထုတ်လုပ်လျက်ရှိပါတယ်။

Cloud Computing ဟူသည့် စနစ်သည်လည်း နည်းပညာလောကမှာ တွင်ကျယ်စွာအသုံးပြုကြပါတယ်။ ဒီထဲကမှ Azure ကို Microsoft က 2010 မှာစတင်မိတ်ဆက်လိုက်တာဖြစ်ပါတယ်။ Microsoft က အမွှေးအတောင်စုံသော၊ ဝန်ဆောင်မှုကောင်းမွန်စွာပေးနိုင်သော cloud computing စနစ်ကို ကုမ္ပဏီများ တန်ဖိုးနည်းစွာဖြင့် အသုံးပြုနိုင်အောင်၊ အချက်အလက်တွေ၊ application တွေ လက်ခံသိမ်းဆည်းနိုင်အောင်၊ အခြားသောကျယ်ပြန့်သည့် ရလဒ်တွေနှင့် ဝန်ဆောင်မှုတွေရရှိအောင် မိတ်ဆက်ခဲ့တာဖြစ်ပါတယ်။ ပထမဆုံးနှင့် အထင်ကရအဖြစ်ကတော့ Microsoft Azure သည် လစဉ် SLA (service level agreement) 99.95% ရှိသော သင့်တော်သည့် cloud platform တစ်ခုဖြစ်တာကြောင့် သင့်ရဲ့ application နှင့် data တွေဟာ လုံခြုံနိုင်ပြီး သင်လိုအပ်တဲ့အချိန်မှာရယူနိုင်ပါမယ်။ Cloud ဟာ မိမိသိမ်းဆည်းမှတ်သားမယ့်ပမာဏအလိုက်၊ ဘယ်လောက်အသုံးပြုမယ်ဆိုတဲ့ ပမာဏလိုက်စသည်တို့ပေါ်မူတည်ပြီး ငွေကြေးသတ်မှတ်ပေးချေရတာဖြစ်ပါတယ်။ Azure ကလည်း အတူတူပဲဖြစ်ပါတယ်။ သင့်အနေနဲ့ Project တွေကို အစွမ်းကုန်ဝယ်လိုအားမြင့်တက်နေစေချင်ရင် ကြိုးစား ဆောင်ရွက်နိုင်ပြီး Project ပြည့်စုံသွားရင်တော့ စံချိန်ညွှန်းတမ်းတွေ ပြန်ကျသွားပါမယ်။

Azure ရဲ့ စံချိန်တိုင်းတာနှုန်းစွမ်းရည်က application ဖွံ့ဖြိုးမှုနှင့် စမ်းသပ်ခြင်းများအတွက် အဆင်ပြေစေပြီး အဲဒါကထုံးတမ်းအစဉ်အလာအရ မိမိဆောင်ရွက်ချင်သောကိစ္စ၊ စမ်းသပ်မယ့်ခေါင်းစဉ်တွေပေါ်မူတည်ပြီး ကြီးမားသော အရင်းအမြစ်လိုအပ်မှာဖြစ်ပါတယ်။ Azure ကသင်လိုအပ်သော computing power ကို လက်ခံနိုင်အောင် ဆောင်ရွက်ပေးရုံသာမကဘဲ လိုအပ်သော လုပ်ဆောင်ချင်သော programming language များအား application များတည်ဆောက်အသုံးပြုနိုင်အောင်လည်း ခွင့်ပြုပေးမှာဖြစ်ပါတယ်။ သင်ဟာ solid prototype တည်ဆောက်ပြီးရင် များလှစွာသော စက်အမျိုးမျိုးတွေကို လိုချင်သော ပလက်ဖောင်းအတွက် application စမ်းသပ်ဖို့လိုအပ်လာပြီဆိုရင် အသုံးပြုနိုင်မှာဖြစ်ပါတယ်။ အဲဒါဟာ Cloud အခြေပြု၊ Web အခြေပြု၊ Mobile app ဖြစ်ပါတယ်။ productivity နှင့် collaboration apps တွေကို ထောက်ပံ့ပေးသကဲ့သို့ Azure ကလည်း မီဒီယာအခြေရလဒ်တွေကို ပိုမိုကောင်းမွန်အောင် ကူညီနိုင်ပါတယ်။ NBC Sports ရုပ်သံလိုင်းနှင့် Microsoft ရဲ့ Xbox brand အပါအဝင်ကုမ္ပဏီအချို့ဟာ သူတို့ရဲ့ မီဒီယာဝန်ဆောင်မှုကို Azure မှတစ်ဆင့် ကွန်ပျူတာများ၊ တီဗွီများနှင့် မိုဘိုင်းပစ္စည်းတွေဆီကို အကြောင်းအချက်များ ပေးပို့တာဖြစ်ပါတယ်။

ထိုကဲ့သို့ အသုံးပြုပုံအား အခြားလုပ်ငန်းတွေမှာလည်း သုံးနိုင်ပါတယ်။ စီမံကိန်း (သို့) လုပ်ငန်းတွေဟာ ဗီဒီယိုဖြေရှင်းတင်ပြပုံများ ဖန်တီးပြီး ဖောက်သည် (သို့) သုံးစွဲသူတွေဆီကို ပေးပို့နိုင်ပါတယ်။ နေရာဒေသ၊ မိုဘိုင်း၊ ကွန်ပျူတာမခွဲခြားဘဲ ပေးပို့နိုင်ပါတယ်။ အကယ်၍ သင့်အနေနဲ့ ဘယ်လိုမှအထိမခံနိုင်တဲ့ သတင်းအချက်အလက်တွေ ဗီဒီယိုထဲမှာ ပေးပို့ချင်တယ်ဆိုရင်လည်း အဲဒါတွေအတွက် စိတ်မပူရအောင် Microsoft က DRM နှင့် AES encryption တွေသုံးပြီး streamed digital media ကို ကာကွယ်ပေးထားပါတယ်။ Azure က cloud platform ဖြစ်တာကြောင့် data စီမံခန့်ခွဲမှု၊ အဓိကအချက်အလက်၊ အချက်အလက် ကာကွယ်မှုအပိုင်းများစတဲ့ ဝန်ဆောင်မှုပိုင်းရဲ့ အခြား အဓိကဆုံချက်ကို ခံစားသိရှိနိုင်အောင် လုပ်ဆောင်နိုင်ပါတယ်။

> **Cloud Computing ဟူသည့် စနစ်သည်လည်း နည်းပညာလောကမှာ တွင်ကျယ်စွာအသုံးပြုကြပါတယ်။ ဒီထဲကမှ Azure ကို Microsoft က 2010 မှာ စတင်မိတ်ဆက်လိုက်တာဖြစ်ပါတယ်။**

သင့်အနေနဲ့ ဘယ်အချက်အလက်ကို Cloud ဆီ ရွှေ့စေချင်တယ်။ အတိုင်းအတာပမာဏဘယ်လောက်ကို သင်အမှန်တကယ်ပေးချင်တယ်ဆိုတာဆုံးဖြတ်ရပါမယ်။ ဒီအချက်အလက်ကို တကယ်အသုံးပြုပြီဆိုတာနှင့် သင့်အနေနဲ့ နည်းလမ်းသစ်နှင့် စိတ်ဝင်စားဖွယ်နည်းတွေကို စတင်စဉ်းစားရပါမယ်။

Azure ရဲ့အချက်အလက်စီမံခန့်ခွဲမှု tool တွေနဲ့ ဆိုရင် သင့်အနေဖြင့် အချက်အလက်တွေကို လျင်မြန်စွာရှာဖွေနိုင်ပါမယ်။ ၎င်းတို့ဟာ cloud ထဲမှာရှိသလား၊ မျက်နှာပြင်ဥပစာမှာရှိသလားဆိုတာကို ဖြစ်ပါတယ်။ ပြီးတော့ အဲဒါတွေကို လွယ်လင့်တကူပူးတွဲဆောင်ရွက်နိုင်စေဖို့ ဒါမှမဟုတ် ပုံမှန်လိုက်နာဆောင်ရွက်နိုင်စေဖို့ ရည်ရွယ်ချက်အနေဖြင့်လည်း အကုန်လုံး စုပေါင်းထားလို့ရပါတယ်။ အဓိကသော့ချက်အနေနဲ့ သင့်ရဲ့ အချက်အလက်တွေသည် ဘယ်မှာရှိတယ်ဆိုတာကို သင်အမြဲသိနေမှာဖြစ်ပြီး၊ ပြည့်စုံစွာ ထိန်းချုပ်နိုင်ကာ၊ ဘယ်သူလက်ခံရရှိတယ်၊ ဘယ်လိုအသုံးပြုတယ်ဆိုတာပါ သိရှိမှာဖြစ်ပါတယ်။ ဒီအချက်အလက်ဝန်ဆောင်မှုက cloud ထဲရှိ အကြီးစားအချက်အလက် ခွဲခြမ်းစိတ်ဖြာခြင်းကိုလည်း လွယ်ကူစွာပြီးစီးအောင် ဆောင်ရွက်ပေးပါတယ်။ Microsoft ရဲ့ HDInsight ကဲ့သို့သော ဖြေရှင်းချက်တွေဖြင့်ဆိုလျှင် သင့်အနေနဲ့ အချက်အလက်တွေကို အလုပ်မှတစ်ဆင့် လုပ်ငန်းခွင်ထဲနှင့် သုံးစွဲသူတွေဆီပိုပြီး သိမြင်နိုင်စွမ်းရှိအောင် လုပ်ဆောင်နိုင်ပါမယ်။ Azure က Hadoop ကို အပြည့်အဝထောက်ပံ့ပေးပြီး သင့်ကိုယ်ပိုင် အဓိကအကြီးစား အချက်အလက် application တွေကို ဝယ်သူစိတ်ကြိုက်အဖြစ် ဖန်တီးနိုင်စေဖို့ ခွင့်ပြုမှာဖြစ်ပါတယ်။ အခြားလုပ်ဆောင်ချက်များ အပါအဝင်ဒီလိုဖြစ်နိုင်ချေတွေသည် အသေးစားလုပ်ငန်းများကပါ အဓိကအချက်အလက်တွေကို ခွဲခြားနိုင်မှုတွေကနေ ဆုံးဖြတ်ခြင်းလုပ်ငန်းမှာ ကူညီရာ ရောက်ပြီး အသုံးတည့်စေဖို့ဖြစ်ပါတယ်။

Microsoft သည် Azure ကို တစ်ခုတည်းသော အတွေ့အကြုံလို့ မထင်မြင်ထားပါဘူး။ Azure နောက်မှာလည်း နည်းလမ်းအသစ်တွေ ထုတ်ပြနိုင်ဖို့၊ ပလက်ဖောင်းတွေကို အဆင့်မြှင့်နိုင်ဖို့အတွက် နည်းပညာဘက်မှာ များပြားစွာ ရင်းနှီးမြှုပ်နှံထားပါတယ်။ ဒါကြောင့် multiple SQL database tiers ကို ကြေညာခဲ့ပါတယ်။ ကုမ္ပဏီများအနေဖြင့် အရွယ်အစားအလိုက် အဆင်ပြေတာကို ရွေးချယ်သုံးနိုင်ပါမယ်။ Basic Tier က 2GB databases ကို အထောက်အပံ့ပေးပြီး Standard Tier က 250GB အထိ အထောက်အကူပေးကာ၊ Pre-mium Tier ကတော့ 500GB အထိ စွမ်းဆောင်ပေးနိုင်ပါမယ်။ Microsoft က Azure HDInsight ကိုလည်း ကြေညာခဲ့တာကြောင့် အဲဒါကတော့ Hadoop အခြေပြု ဝန်ဆောင်မှုဖြစ်ပါတယ်။ အခုဆိုရင် Hadoop 2.4 အထိ ထောက်ပံ့ပေးနိုင်တာကြောင့် လုပ်ငန်းစဉ်စောဒကတက်မှုတွေကို အရင် version ထက် အဆ ၁၀၀လောက် ပို၍ မြန်ဆန်အောင် လုပ်ဆောင်ပေးနိုင်ပါတယ်။ Azure ဟာ လွန်ခဲ့သောလများက တရုတ်နှင့် ဂျပန်တွေမှာ ကျယ်ကျယ်ပြန့်ပြန့်ရှိခဲ့တာကြောင့် Microsoft က Azure အား ဘရာဇီးတောင်ဘက်ပိုင်းကို ရောက်ရှိဖို့ မိတ်ဆက်မှုတွေလုပ်ဆောင်ပါတယ်။ အနာဂတ်မှာလည်း အခြားနိုင်ငံ၊ ပြည်နယ်တွေဘက်မှာ သုံးစွဲစေဖို့စိတ်ကူးပါတယ်။

Azure က ကုမ္ပဏီများ မိမိကြိုက်နှစ်သက်ရာ၊ သင့်တော်ရာ အရွယ်အစားအလိုက် သိမ်းဆည်းနိုင်အောင် စီစဉ်ပေးထားသလို ပိုပြီးတော့လည်း စွမ်းရည်ထက်မြက်သည့် cloud စနစ်ဖြစ်အောင် ဆက်လက် ဖန်တီးနေပါတယ်။ Azure ကို အချက်အလက်အသွင်အပြင် အကြွယ်ဝဆုံး cloud ပလက်ဖောင်းဖြစ်ဖို့ Microsoft က ရည်မှန်းထားတာကြောင့် အချက်အလက်များလုံခြုံစိတ်ချမှုရှိစေဖို့လည်း backup နှင့် recovery ဝန်ဆောင်မှုတွေကို အကောင်းဆုံးဖြစ်အောင် စီမံထားပါတယ်။ နည်းပညာကမ္ဘာကြီးသည်လည်း သိမ်းဆည်းမှု၊ သုံးစွဲမှုတို့တွင် အချိန်နဲ့ငွေကြေးပေးချေမှုစနစ်ကို အသုံးပြုသလို၊ အချက်အလက်ပမာဏအလိုက်ပိုက်ဆံပေးချေရသော နည်းကိုလည်း သုံးစွဲကြပါတယ်။ လေထဲမှာ၊ တိမ်ထဲမှာ၊ မိမိရဲ့နည်းပညာပစ္စည်းတွေထဲမှာ အချက်အလက်တွေ သိမ်းလိုက်၊ ရယူလိုက်၊ ဖြန့်ဝေလိုက်၊ ဖတ်ရှုလိုက်၊ ပေးပို့လိုက်စသည်ဖြင့် လုပ်ဆောင်နေမှုတွေက ပမာဏများရင်များသလောက်၊ အချိန်ကြာရင် ကြာသလောက်ပိုက်ဆံပေးချေနေရပါတယ်။ ထိုကဲ့သို့မှ အနည်းနဲ့အများနည်းပညာကို မသုံးစွဲရင်လည်း အရေးကိစ္စများစွာမှာ နောက်ကျကျန်ခဲ့မှာဖြစ်ပါတယ်။ ဒါကြောင့် မြေပြင်က ဘဏ်တိုက်မှာ ပိုက်ဆံအပ်ဖို့လိုသလို၊ ကောင်းကင်က ဘဏ်တိုက်မှာလည်း အချက်အလက်တွေ သိမ်းဖို့လိုအပ်ပါမယ်။

ARTICLE
KNOWLEDGE



# လူမသိ သူမသိ iPhone ဖြတ်လမ်းနည်းများ

ဧသေက်(ဖြိုးနေဒစ်ဂျစ်တယ်ဓါတ်ပုံ)

စမတ်ဖုန်းလောကတွင် iPhone သည် အထင်ကြီးစရာ ပစ္စည်းတစ်ခုဖြစ်သည်။ iPhone ထဲတွင် စွမ်းရည်ထက်မြက်သော Feature ပေါင်းရာနှင့်ချီ၍ ပါဝင်သည်။ သို့သော် လုပ်ရင်းကိုင်ရင်း စမ်းသပ်ရင်း သိသာသောမြှုပ်ကွက်နှင့် ဖြတ်လမ်းနည်းများသည်လည်း အမြောက်အမြားရှိနေပါသေးသည်။ အဆိုပါ ဖြတ်လမ်းနည်းများအနက် iPhone သုံးစွဲသူ အများစုအတွက် အထောက်အကူပြုမည့်နည်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## Symbol ကို လွယ်ကူစွာ ထည့်သွင်းခြင်း

ကီးဘုတ်တိုင်းတွင် Symbol ကို အသုံးပြုလိုပါက 123 ကီးကိုနှိပ်ပြီး ခေါ်ယူအသုံးပြုရပါသည်။ 123 အနေအထားသို့ ရောက်နေစဉ်တွင် abc ကို ပြန်နှိပ်မှ အက္ခရာများ ပြန်ပေါ်ပါသည်။ iPhone သုံးစွဲသူများအနေဖြင့် ဤနည်းလမ်းကို အသုံးပြုလာသည်မှာ နှစ်အတန်ကြာပြီဟု ထင်ပါသည်။ ယင်းနည်းလမ်းမှာ message ရိုက်စဉ်တွင် Symbol များ ထည့်သွင်းသည့်အခါ အချိန်ပိုကုန်စေပါသည်။ မြန်ဆန်စွာအသုံးပြုလိုပါက အက္ခရာကီးဘုတ်ပေါ်နေစဉ်တွင် 123 ကို တစ်ချက်ခေါက်ရင်း ကြာကြာဖိထားလိုက်ပါ။ Symbol ကီးဘုတ်ပေါ်နေပေလိမ့်မည်။ အခြားလက်တစ်ချောင်းဖြင့် မိမိထည့်လိုသော Symbol ကို ရွေးပါ။ ပြီးလျှင် 123 ကီးပေါ်မှ လက်ကိုလွှတ်လိုက်ပါ။ Symbol ထည့်ပြီးဖြစ်မည့်အပြင် အက္ခရာကီးဘုတ်ဆီသို့လည်း ချက်ခြင်းပြန်ရောက်သွားပါလိမ့်မည်။

## ဖျောက်ထားသော Symbol များကို သုံးခြင်း

iPhone ကီးဘုတ်ထဲတွင် Symbol အတော်များများကို ထည့်ပေးထားပါသည်။ သို့သော် မရှာတတ်သဖြင့် မတွေ့နိုင်သော Symbol များလည်း ရှိနေပါသေးသည်။ ယင်းတို့ကိုရှာရန် အက္ခရာ ကီးဘုတ်ပေါ်နေစဉ်တွင် 123 ကို နှိပ်ပါ။ numbers and symbol ကီးဘုတ်ပေါ်လာပါမည်။ ယင်းထဲမှ Symbol တစ်ခု ဥပမာ ဒေါ်လာသင်္ကေတအား နှိပ်လိုက်ပါ။ အခြားသော နိုင်ငံတကာသုံး ငွေကြေးတို့ကို ကိုယ်စားပြုသည့် Symbol များ ပေါ်လာသည်ကို တွေ့ရပါမည်။

- Camera, Card Reader, 6 Cell Battery

Price : US$ 449
Contact Phone : 01 391691



### Acer E5-411
- Intel Celeron Dual Core N2830
- Intel HD Graphic
- 2GB (DDR3-1333) / 500GB HDD
- DVD Super Multi DL Drive
- Acer Crystal Eyes Web cam
- Wi-Fi/ Card Reader/ HDMI
- 14.1" HD Acer Cinecrystal
- LED LCd, Bluetooth
- 4 Cell Li-ion Battery

Price : US$ 315
Contact Phone: 01 386940



### Acer E1-410
- Intel Celeron Quad Core N2920
- Intel HD Graphic
- 4GB (DDR3-1333)/500GB HDD
- DVD Super Multi DL Drive
- Acer Crystal Eye Web Cam
- Wi-Fi/ Card Reader/ HDMI
- 14.1" HD Acer Cinecrystal
- LED LCD, Bluetooth
- 4 Cells Li-ion Battery

Price : US$ 345
Contact Phone: 01 386940



### Acer E1-430
- Intel Pentinum 2117U
- Intel HD Grpahic
- 2GB (DDR3L)/500GB HDD
- DVD Super Multi DL Drive
- Acer Crystal Eyes Webcam
- Wi-Fi/ Card Reader/ HDMI
- 14.1" HD Acer Cinecrystal
- LED LCD, Bluetooth
- 4 Cells Li-ion Battery

Price : US$ 369
Contact Phone: 01 386940



### Acer E5-471
- Intel Core i3 4030U
- Intel HD Graphic 4000
- 4GB (DDR3-1333) / 500GB HDD
- DVD Super Multi DL Drive
- Acer CrystalEyes Web Cam
- Wi-Fi/ Card Reader/ HDMI
- 14.0" HD Acer Cinecrystal
- LED LCD, 6 Cells Li-ion Battery

Price : US$ 469
Contact Phone: 01 386940



## SINGTECH W-549BL
- AMD C70 (1.0GHz)
- Ram 2 GB (DDR3)
- HD 320GB
- Nvidia Graphic 768MB
- DVD RW, Wireless, Webcam
- HDMI , Card Reader, LED 14"
- Battery 6 Cell BT

Price : 279,000 Kyats
Contact Phone: 01 241917



## SINGTECH W549CZ
- Intel Celeron 1017U (1.6GHz)
- RAM 2 GB (DDR3)
- HD 320GB
- Intel Graphic 756MB
- DVD RW, Wireless, Webcam
- HDMI, Cardreader, LED 14"
- Battery 6 Cell, BT,

Price : 299,000 Kyats
Contact Phone: 01 241917



## SINGTECH W244 CZQ
- Intel Celeron 1037U (1.8GHz)
- RAM 2GB (DDR3)
- HDD 500GB
- Intel Graphic 856MB
- DVD RW, Wireless, Webcam
- HDMI, Cardreader, LED 14"
- Battery 6 Cell, BT

Price : 299,000 Kyats
Contact Phone: 01 241917



## SINGTECH W251HPQ
- Core i3 2330M (2.2GHz)
- Ram 4GB (DDR3)
- HDD 500GB Nvidia Graphic 1GB
- DVD RW, Wireless, Webcam
- HDMI, Card Reader, LED 15.6"
- Battery 6 Cell, BT

Price : US$ 540
Contact Phone: 01 241917



## Mo Mo Sim
- Display : 7" Wide Multi-touch
- Resolution : 800×480 pixel
- Processor : 1.0GHz
- RAM : 512M
- Storage : 4 GB
- Sys : Android 4.2.2
- Wifi, Dual Camera, GSM SIM

Price : 67,000 Kyats
Contact Phone : 01 241917



## Huawei Ascend G6
- Display : 4.6"
- Processor : QuadCore 1.2GHz
- Storage : 4GB
- Version : 4.3
- GSM/ WCDMA

Price : 155,000 Kyats
Contact Phone : 01 241917



## Lenovo YOGA
- Display : 8" Wide Multi-Touch
- Resolution : 800-1280 pixel
- Processor : QCore 1.2GHz
- RAM : 1GB
- Storage : 16GB , GSM 3G
- Sys: Android 4.2.2, WiFi, Dual Camera

Price : 250,000 Kyats
Contact Phone : 01 241917



## Dell 3542
- Core i3 4005U (1.7GHz)
- RAM 4GB (DDR3)
- HDD 500GB , USB 3.0
- Nvidia GT 2GB , Battery 4 Cell, BT
- DVD RW, Wireless, Webcam
- HDMI, Cardreader, LED 15.6"

Price : US$ 509
Contact Phone : 01 241917



## Dell 3421 Touch
- core i3 3217U (1.8GHz)
- Ram 4GB (DDR3)
- HDD 500GB , Battery 6 Cells, BT
- Intel Graphic 1646MB
- DVD RW, Wireless, Webcam
- HDMI, Cardreader, LED 14"

Price : US$ 539
Contact Phone : 01 241917



## Dell 5437
-Intel Core i3 4010U (1.7GHz)
- RAM 4GB (DDR3)
- HDD 500GB
- Nvidia 720MB 2GB , Battery 4 Cells, BT
-DVD RW, Wireless, Webcam
- HDMI, Cardreader, LED 14"

Price : US$ 585
Contact Phone : 01 241917



## Dell 3437
- Intel Core i3 4010U (1.7GHz)
- Ram 4 GB (DDR3)
- HDD 500GB
- Nvidia Graphic 2GB
- DVD RW, Wireless, Webcam
- HDMI, Card Reader, LED 14"
- Battery 4 Cell, BT

Price : US$ 559
Contact Phone : 01 241917

# How to buy?



## Shinco Digital MP3 Recording Pen

**Price - 31,000 Kyats , Ph: 01 389357**

လုပ်ငန်းခွင် သင်တန်းတွေမှာအရေးကြီးတဲ့ အကြောင်းအရာတွေကိုလုပ်ဆောင်ရတော့မယ်ဆိုရင်တော့ Recorder ဆိုတာမပါမဖြစ်ပါဝင်နေရတဲ့အရေးကြီးတဲ့အရာတစ်ခုပါ။ အခုအသစ်ထွက်ရှိလာတဲ့ Shinco Recorder လေးက Built in Memory 8GB ပါဝင်ပြီး Pen type size လေးဖြစ်တာကြောင့် မိမိသွားလေရာကိုအမြဲအလွယ်တကူ သယ်ဆောင်အသုံးပြုနိုင်မှာပဲဖြစ်ပါတယ်။ အသံအရည်အသွေးကို High Quality (HQ)/ Low Quality (LQ) နဲ့ မိမိစိတ်ကြိုက်ဖမ်းယူနိုင်မှာဖြစ်ပါတယ်။ ဆွဲအားကောင်းမွန်တဲ့ Built in MIC နဲ့ အသံထွက်တွေကိုကြည်လင်စွာနဲ့ Recording ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ MP3 အနေနဲ့လည်းသီချင်းတွေကို နားဆင်ခံစားနိုင်မှာဖြစ်ပါတယ်။ 3.5 audio post ပါဝင်တာဖြစ်လို့ Earphone များနဲ့တွဲဖက်အသုံးပြုနိုင်မှာဖြစ်ပါတယ်။



## Samsung Galaxy Star Plus
- Display : 4.0"
- Processor : 1GHz
- Storage : 4GB
- Version - 4.1.1
- GSM

Price : 98,000 Kyats
Contact Phone : 01 241917



## Samsung Galaxy Core
- Display : 4.3"
- Processor : Dual 1.2 GHz
- Storage : 8GB
- Version : 4.1.2
- GSM/ WCDMA

Price : 202,000 Kyats
Contact Phone : 01 241917



## Samsung Galaxy Grand Neo
- Display : 5.0"
- Processor : QCore 1.2 GHz
- Storage : 8GB
- Version : 4.2.2
- GSM

Price : 200,000 Kyats
Contact Phone : 01 241917



## Aoson M721S
- Display : 7" Wide Multi-touch
- Resolution : 800×480 pixel
- Processor : 1.0GHz
- RAM : 512M
- Storage : 8GB
- Sys: Andrid 4.2.2
- Wifi,
- Dual Camera

Price : 47,000 Kyats
Contact Phone : 01 241917



## Mo Mo 9
- Display : 7" Wide Multi-Touch
- Resolution : 800×480 pixel
- Processor : 1.0GHz
- RAM : 512M
- Storage : 8GB
- Sys : Android 4.4.2, WiFi, Camera

Price : 49,000 Kyats
Contact Phone : 01 241917

# BUDGET PHONE

## Samsung E3309I

**Price - 38,000**



| | |
|---|---|
| Network | : 3G/GSM |
| Screen | : 2 inches |
| Camera | : 2 MP |
| Memory | : No |
| Bluetooth | : Yes |
| OS | : Java |
| Contact | : 01-392693 |

## Coolpad 7270

**Price - 85,000**



| | |
|---|---|
| Network | : 3G/GSM |
| Screen | : 5 inches |
| Camera | : 4 MP |
| Memory | : Cardslot |
| Bluetooth | : Yes |
| OS | : Android |
| Contact | : 01-392693 |

## OPPO Joy

**Price - 99,000**



| | |
|---|---|
| Network | : 3G/GSM |
| Screen | : 4 inches |
| Camera | : 3 MP |
| Memory | : Cardslot |
| Bluetooth | : Yes |
| OS | : Android |
| Contact | : 01-392693 |

## Lenovo A385e

**Price - 80,000**



| | |
|---|---|
| Network | : GSM/CDMA |
| Screen | : 4 inches |
| Camera | : 3 MP |
| Memory | : 1GB |
| Bluetooth | : Yes |
| OS | : Android |
| Contact | : 01-392693 |

## CoolPad 7060

**Price - 45,000**



| | |
|---|---|
| Network | : 3G/GSM |
| Screen | : 3.5 inches |
| Camera | : 2 MP |
| Memory | : Cardslot |
| Bluetooth | : Yes |
| OS | : Android |
| Contact | : 01-392693 |

## Samsung Galaxy V

**Price - 97,500**



| | |
|---|---|
| Network | : 3G/GSM |
| Screen | : 4 inches |
| Camera | : 3 MP |
| Memory | : Cardslot |
| Bluetooth | : Yes |
| OS | : Android |
| Contact | : 01-392693 |

## Huawei Y511T

**Price - 68,000**



| | |
|---|---|
| Network | : GSM |
| Screen | : 4 inches |
| Camera | : 0.3 MP |
| Memory | : Cardslot |
| Bluetooth | : Yes |
| OS | : Android |
| Contact | : 01-392693 |

## Coolpad 5109

**Price - 45,000**



| | |
|---|---|
| Network | : CDMA |
| Screen | : 3.5 inches |
| Camera | : 2 MP |
| Memory | : Cardslot |
| Bluetooth | : Yes |
| OS | : Android |
| Contact | : 01-392693 |

## CoolPad 7295

**Price - 98,000**



| | |
|---|---|
| Network | : 3G/GSM |
| Screen | : 4.5 inches |
| Camera | : 5 MP |
| Memory | : Cardslot |
| Bluetooth | : Yes |
| OS | : Android |
| Contact | : 01-392693 |

## TWZ W9

**Price - 38,000**



| | |
|---|---|
| Network | : 3G/GSM |
| Screen | : 2 inches |
| Camera | : 3MP |
| Memory | : Cardslot |
| Bluetooth | : Yes |
| OS | : Java |
| Contact | : 01-392693 |

## KingCom KC4

**Price - 45,000**



| | |
|---|---|
| Network | : GSM |
| Screen | : 2.2 inches |
| Camera | : 2 MP |
| Memory | : Cardslot |
| Bluetooth | : Yes |
| OS | : Java |
| Contact | : 01-392693 |

## DGVO C830E

**Price - 70,000**



| | |
|---|---|
| Network | : GSM/CDMA |
| Screen | : 2.7 inches |
| Camera | : 3.2 MP |
| Memory | : Cardslot |
| Bluetooth | : Yes |
| OS | : Java |
| Contact | : 01-392693 |

အထက်ဖော်ပြပါ ဖုန်းများကို Myanmar A-hla Mobile ဖုန်းဆိုင်တွင် ဝယ်ယူရရှိနိုင်ပါသည်။ (၁ – ၉ –၂၀၁၄) နေ့အထိ ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။

ARTICLE KNOWLEDGE






# Device အားလုံး လုံခြုံအောင် ရည်ရွယ်တဲ့ AVG Zen

**နေခင်စိုး (ထားဝယ်)**

ကွန်ပျူတာတွေမှာ Antivirus, USB Antivirus တွေ ထည့်ပြီး လုံခြုံရေးစနစ်ထားရတာကြာပြီ။ မိုဘိုင်းဖုန်းတွေမှာကော လိုသလား။ လိုပါတယ်။ ဘာကြောင့်လဲဆိုရင် virus တွေ၊ malware တွေဟာ တစ်နေ့တခြားလူသုံးများလာတဲ့ မိုဘိုင်းပစ္စည်းတွေဘက်လှည့်လာလို့ ဖြစ်ပါတယ်။ မိုဘိုင်းပစ္စည်းတွေထဲမှာ iOS စနစ်သုံးတဲ့ ပစ္စည်းတွေက Malware ဒဏ်ခံရတာလိုနည်းပါတယ်။ မိုဘိုင်းလုံခြုံရေးစနစ်ကိုသုတေသနလုပ်နေတဲ့ အဖွဲ့အစည်းတွေရဲ့ လေ့လာချက်အရ iOS စနစ်သုံးပစ္စည်းတွေရဲ့ Malware စွဲကပ်မှုဟာ ၅ရာခိုင်နှုန်းဝန်းကျင်ပဲရှိပါတယ်။ Android ပစ္စည်းတွေက malware စွဲကပ်မှု ၇၀ ရာခိုင်နှုန်းကျော်ကျော်နဲ့ ထိပ်ဆုံးမှာ နေရာယူထားပါတယ်။

မြန်မာပြည်မှာ အလုပ်လုပ်နေတဲ့ နိုင်ငံခြားအိုင်တီအဖွဲ့တွေ လေ့လာထားတာက စမတ်မိုဘိုင်းပစ္စည်းကိုင်သူ ၉၀ရာခိုင်နှုန်းနီးပါးဟာ Android စနစ်ကိုသုံးပြီး၊ iOS စနစ်သုံးတဲ့ လူက ၁၀ရာခိုင်နှုန်းဝန်းကျင်ရှိတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ Android မိုဘိုင်းပစ္စည်းတွေမှာ Antivirus က ရှိကိုရှိသင့်ပါတယ်။ နောက်ထပ်တိုးပြီးရှိသင့်တာက Firewall။ ကိုယ်မသိဘဲ နောက်ကွယ်ကနေ ချိတ်ဆက်မယ့်အတွင်းအပြင် ဆက်ကြောင်းတွေအတွက် Firewall ကို လိုအပ်တာပါ။ အင်တာနက် မသုံးရင်မလိုပါဘူး။

မိုဘိုင်းပစ္စည်းတွေမှာ Antivirus သုံးမယ်ဆိုရင် အခပေးစနစ်ကို အကောင်းဆုံးသုံးနိုင်တယ်။ တစ်နှစ်စာအတွက် ငါးထောင်ဝန်းကျင်ကုန်ကျပါမယ်။ တစ်နှစ်ပြည့်တာနဲ့ virus Signature update လုပ်ခွင့်ပိတ်ချလိုက်ပါမယ်။ ဒါကြောင့်တစ်နှစ်ပြည့်တာနဲ့ ဆော့ဖ်ဝဲအတွက် မဖြစ်မနေငွေသွင်းပြီး update လုပ်ရမယ့် ဒုက္ခရှိပါတယ်။ အဲဒီဒုက္ခတွေမခံစားချင်ရင် အခမဲ့ရတဲ့ Antivirus ကိုသုံးပါ။ တစ်နှစ်တစ်ခါ update လုပ်ဖို့ အတင်းအကြပ်မခိုင်းသလို တစ်နှစ်ပြည့်ပြီးနောက်ပိုင်း virus signature update လုပ်ခွင့်လည်းမပိတ်ပါဘူး။ malware ကာကွယ်နိုင်မှု အစွမ်းသတ္တိမှာ အခပေးစနစ်လောက် မထက်မြက်ပေမယ့် လုံးလုံးလျားလျားမသုံးတာထက်စာရင် ကောင်းပါတယ်။

အခမဲ့စနစ်ထဲမှာ သုံးပျော်တဲ့ Antivirus ဆော့ဖ်ဝဲက AVG ပါ။ အကောင်းဆုံးအခမဲ့ Antivirus ဆော့ဖ်ဝဲတွေထဲမှာ နံပါတ်တစ်နေရာကို သူနဲ့ Avast က တစ်လှည့်စီယူကြပါတယ်။ အခုထွက်လာတဲ့ AVG Zen ဟာ ကွန်ပျူတာတွေကို အကာအကွယ်ပေးဖို့ တင်မကဘဲ မိုဘိုင်းပစ္စည်းတွေကို အကာအကွယ်ပေးဖို့ပါ ပုံစံချထားပါတယ်။ သူ့ထဲမှာ Antivirus ချည်းသက်သက်မဟုတ်ပါဘူး။ PC Tune Up, Identity protection, privacy fix အပြင် မိုဘိုင်းပစ္စည်းတွေအတွက် သုံးနိုင်မယ့် application အသေးလေးတွေကိုပါ တွဲဖက်ပေးထားပါတယ်။ AVG Zen ဟာ ကွန်ပျူတာထဲမှာ Install လုပ်ပြီး ကျန်တဲ့မိုဘိုင်းပစ္စည်းတွေကိုပါ လုံခြုံမှုပေးနိုင်တဲ့ စိတ်ဝင်စားစရာဆော့ဖ်ဝဲဖြစ်ပါတယ်။

AVG Zen ကို ကွန်ပျူတာထဲမှာ Install လုပ်ပြီးရင် အိမ်မှာရှိတဲ့ ဒါမှမဟုတ် ရုံးမှာရှိတဲ့ တခြားကွန်ပျူတာတွေ၊ တက်ဘလက်တွေ၊ စမတ်ဖုန်းတွေကိုပါ ချိတ်ပြီး အကာအကွယ်ပေးနိုင်ပါတယ်။ AVG Zen ကို antivirus ချည်းသက်သက်လိုချင်ရင် ရနိုင်သလို PC Tune UP နဲ့ တွဲပြီးလည်းရနိုင်ပါတယ်။ အစုံပါတဲ့ AVG Zen ကို သုံးသင့်သလား။ သုံးသင့်ပါတယ်။ သူ့မှာပါတဲ့ PC Tune UP က ကိုယ့်ရဲ့ ကွန်ပျူတာကို အသင့်တော်ဆုံးအနေအထားမှာရှိအောင် ချိန်ညှိပေးနိုင်တယ်။ Junk file တွေကို ဖယ်ပေးနိုင်တယ်။ တချို့ပြဿနာတွေကို ပြင်ဆင်ပေးနိုင်တယ်။ Windows setting တွေကို ပြင်ချင်ရင် သူ့ထဲကနေပြင်လို့ရပါတယ်။ တခြား device နဲ့ ချိတ်ချင်ရင် အီးမေးလ်ပို့ရပါတယ်။ တစ်ဖက်က လက်မခံမခြင်း pending လို့ပြထားပါတယ်။

ဟုတ်ပြီ။ AVG Zen ကို PC ပေါ်မှာအရင်တင်ပြီး သုံးကြပါမယ်။ သူ့အတွက် အလွယ်ကူဆုံး download ချနိုင်တဲ့နေရာက (bit.ly/avg zen 343) ဖြစ်ပါတယ်။ AVG.com ကနေလည်း download သွားဆွဲနိုင်ပါတယ်။ AVG Zen ကို Install လုပ်ပြီးတာနဲ့သူ့ Windows ထဲသွားကြည့်ရင် ကိုယ့်ကွန်ပျူတာကို ကိုယ်စားပြု ရုပ်ပုံလေးတွေနဲ့အတူ တွေ့ရပါမယ်။ အခမဲ့တွဲဖက်ပေးထားတဲ့ application လေးတွေကိုပါ Install လုပ်မယ်ဆိုရင် သူတို့နဲ့ သက်ဆိုင်တဲ့ button လေးတွေမှာ အစိမ်းရောင်ပြနေပါမယ်။ Install လုပ်မထားရင် မီးခိုးရောင်ပြနေပါမယ်။ ဒါကြောင့် AVG Zen ကို အရင်ဖွင့်ပါ။ မီးခိုးရောင်ပြနေတဲ့ button ပေါ်မှာ ခလုတ်နှိပ်ပါ။ (အသုံးလိုမယ်ဆိုရင်ပေါ့) ပြီးရင်လိုတဲ့ application ကို တင်ပေးပါ။

AVG Zen နဲ့ scan လုပ်လို့ ပြဿနာတစ်ခုခုတွေ့ပြီဆိုရင် အဲဒီပြဿနာကို component button မှာလာပြီးပြပါမယ်။ ဘာပြဿနာမှ မတွေ့သေးဘူးဆိုရင် scan လုပ်တဲ့ စက်ဝိုင်းလေးမှာ အစိမ်းရောင်ပဲပြနေပါမယ်။ scan အားလုံးပြီးသွားရင် အစိမ်းရောင်မျဉ်းဟာ စက်ဝိုင်းတစ်ပတ်ပြည့်သွားပါမယ်။ ပြဿနာတွေ့နေပြီဆိုရင် တစ်ခုခုတော့ အဆုံးအဖြတ်ပေးရမယ်။ ပြဿနာတွေနဲ့ ပတ်သက်ပြီး အသေးစိတ်သိချင်ရင် Messages နေရာမှာ နှိပ်ပြီးကြည့်နိုင်ပါတယ်။ ကြည့်ပြီးရင် ပြဿနာတစ်ခုစီအလိုက် Fix လုပ်သင့်မလုပ်သင့်ဆုံးဖြတ်ရပါလိမ့်မယ်။ Fix all နဲ့ အလွယ်တကူမဆုံးဖြတ်စေချင်ပါဘူး။ ဆော့ဖ်ဝဲက မှားယွင်းပြီး ပြတာမျိုး ရှိနိုင်သလို၊ ကျွန်တော်တို့ သုံးနေတဲ့ pirate ဆော့ဖ်ဝဲတွေကလည်း ပြဿနာရှိနိုင်လို့ဖြစ်ပါတယ်။

Privacy & Identity ကလည်းရှိထားသင့်တဲ့ အစိတ်အပိုင်းဖြစ်ပါတယ်။ ဒါကြောင့် အဲဒီ button နေရာမှာ မီးခိုးရောင်ပြနေရင် ကလစ်ခေါက်ပြီး Install လုပ်ပါ။ Identity ကို ကာကွယ်ထားပြီး privacy နဲ့ ပတ်သက်တာတွေကို လိုအပ်သလို fix လုပ်ပါမယ်။ Identity ကို ကာကွယ်ထားတဲ့အတွက် Identity ခိုးတဲ့ malware တွေရဲ့ ရန်ကနေ ကာကွယ်နိုင်မယ့် facebook, Google နဲ့ Linkedin website တွေမှာ လုံလုံခြုံခြုံအသုံးပြုလို့ရပါတယ်။ Component တစ်ခုထပ်ထည့်တိုင်း AVG Zen က Score (၅၀) တိုးပေးပါမယ်။ Component update လုပ်တဲ့အခါမှာ ပြီးစီးတဲ့ ရာခိုင်နှုန်းကို Zen က ပြပေးပါတယ်။

AVG Zen ရဲ့ စွမ်းရည်ကိုအပြည့်အဝအသုံးချနိုင်ဖို့အတွက် သူနဲ့ တခြား device တွေကို ချိတ်ဆက်ပြီးသုံးပါမယ်။ ဒါကြောင့် သူ့ Windows ထဲမှာရှိတဲ့ အပေါင်းလက္ခဏာလေးနေရာမှာ ဘယ်ကလစ်နှိပ်ပါ။ တခြား PC ဒါမှမဟုတ် Android device တစ်ခုခုကိုရွေးပါ။ ပစ္စည်းတွေအားလုံး Zen Network ကို ချိတ်ဖို့လာပြီး သတိပေးပါမယ်။ ကိုယ့်အီးမေးလ်ထည့် ပေးပါ။ password ထည့်ပါ။ ပြီးရင် connect နေရာမှာ ဘယ်ကလစ်နှိပ်ပါ။ ပြီးရင် device အသစ်ဆီ အီးမေးလ်ပို့ပါ။

> အခုထွက်လာတဲ့ AVG Zen ဟာ ကွန်ပျူတာတွေကို အကာအကွယ်ပေးဖို့တင် မကဘဲ မိုဘိုင်းပစ္စည်းတွေကို အကာအကွယ် ပေးဖို့ပါ ပုံစံချထားပါတယ်။

ဘာတွေလုပ်ရမယ်ဆိုတာ ညွှန်ကြားချက်တွေပေးမှာမို့ အဲဒီအတိုင်း ဆက်လိုက်သွားရုံပါပဲ။ Android device ပေါ်မှာ AVG Zen တင်ထားပြီးပြီဆိုရင် Activate လုပ်ရပါမယ်။ ပြီးရင် ကိုယ့် account ထဲကို ဝင်ပါ။ အဆက်အသွယ်ရပြီးသား device ကို PC ပေါ်က Zen Windows ထဲမှာလာပြီးပြပါမယ်။ device တွေ ချိတ်ရင် ချိတ်သလောက် Zen Windows ထဲမှာမြင်နေရပါမယ်။ Android version မှာဆိုရင် တွဲဖက် application အသေးလေးတွေကို တိုက်ရိုက် Install လုပ်လို့မရပါ ဘူး။

Android ရဲ့ တွဲဖက် application ထဲမှာ ဘာတွေပါသလဲ။ ကာကွယ်မှုအတွက် AVG antivirus ပါတယ်။ စွမ်းဆောင်ရည်ကိစ္စအတွက် Task killer, Battery Status, Date and Storage Usage နဲ့ AVG Cleaner တွေပါတယ်။ Privacy ကိစ္စအတွက် app locker, app backup, Call and message blocker နဲ့ privacy Fix တွေပါတယ်။ သူခိုးရန်က ကာကွယ်ဖို့အတွက် Anti-Theft, Camera Trap နဲ့ SIM Lock တွေပါပါတယ်။

AVG Zen ရဲ့ ထူးခြားချက်က သူနဲ့ချိတ်ဆက်ထားတဲ့ device တွေမှာ ဘာ application တွေ Install လုပ်ထားသလဲဆိုတာ အဝေးကနေ ကြည့်နိုင်တယ်။ ဘာပြဿနာတွေရှိနေသလဲဆိုတာ ကြည့်နိုင်တယ်။ ဒါပေမယ့် Zen ဟာ လောလောဆယ်မှာ monitor ကိစ္စလောက်ပဲ သုံးနိုင်သေးတဲ့အတွက် remote device မှာမရှိသေးတဲ့ application တစ်ခုကို တင်မပေးနိုင်ဘူး။ ပြဿနာတစ်ခုကို အဝေးကနေပြီး ပြင်မပေးနိုင် ဘူး။ အဲဒီ device ကိုအဝေးကနေပြီး scan မလုပ်နိုင်သေးပါဘူး။ မကြာမီမှာ remote control လုပ်နိုင်တဲ့ စွမ်းဆောင်ရည်ကို ရပါလိမ့်မယ်။

AVG Zen မှာ Support button ကလည်း အသုံးတည့်ပါတယ်။ အဲဒီကနေ အင်တာနက်ချိတ်ပြီး AVG Support ဆီ တိုက်ရိုက်သွားချင်တယ်။ AVG community နဲ့ချိတ်ပြီး အကြံဉာဏ်တွေ ရနိုင်တယ်။ AVG knowledge Base မှာဝင်ပြီး လေ့လာနိုင်ပါတယ်။ Antivirus နဲ့ spyware တစ်ခုချင်းအလိုက် removal tool တွေ ယူနိုင်တယ်။ ပြဿနာတစ်ခုချင်းစီအလိုက် တိုက်ရိုက်ဆေးကုတဲ့ သဘောမျိုးပါ။ AVG နဲ့ ချိတ်ပြီး virus တစ်ခုအကြောင်း၊ သူနဲ့သက်ဆိုင်တဲ့ Tool အကြောင်း ရှာနိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် AVG Zen ဟာ တစ်ချိန်မှာ Device အားလုံးကို ခြုံငုံပြီး လုံခြုံမှုပေးနိုင်မယ့် Tool တစ်ခု ဖြစ်လာမှာ အသေအချာပါ။



# TUTORIAL Android

## CM Browser Fast& Secure

ထက်နိုင်

စမတ်ဖုန်းသုံးတဲ့သူတစ်ယောက်အတွက် ဖုန်းကနေလိုအပ်တာသိချင်တာတွေကို ရှာဖွေတဲ့အခါမှာ Browser တွေကိုသုံးစွဲရပါလိမ့်မယ်။ အချို့ ရှာဖွေရေးအင်ဂျင်တွေဟာ အချက်အလက်တွေကို ရှာဖွေတဲ့အခါမှာတိကျစွာဖော်ပြပေးရုံ မြန်မြန်ဆန်ဆန်ပြသပေးရုံအပြင် ဘာမှထူးခြားမလာပါဘူး။ ဒါကြောင့်ဝက်ဘ်ဆိုက်ပေါ်ကနေသီးသန့်ရှာဖွေလိုသူတွေအတွက် အခြားသောအထောက်အပံ့တွေကို သုံးစွဲနိုင်စေမယ့်ရှာဖွေရေးအင်ဂျင်တွေကိုရှာဖွေအသုံးပြုရပါလိမ့်မယ်။ လတ်တလော playstore ပေါ်မှာ လူကြိုက်များသုံးစွဲနေတဲ့ ရှာဖွေရေးအင်ဂျင်တွေများစွာရှိတဲ့အထဲကမှ CM ဟာထောက်ပံ့မှုတွေ အတော်လေးပါဝင်တာကိုမြင်တွေ့ရပါတယ်။ Google ကိုအသုံးပြုပြီး ပုံတွေအချက်အလက်တွေရှာဖွေနိုင်ရုံတင်မကဘဲ facebook, youtube,yahoo,Amazon, CNN တို့ကိုတိုက်ရိုက်သုံးစွဲနိုင်မှာဖြစ်တဲ့အပြင် မိမိထပ်မံထည့်သွင်းချင်တဲ့ ဝက်ဘ်ဆိုက်လင့်တွေကိုလည်း add ပြုလုပ်ပြီးထပ်မံထည့်သွင်းထားနိုင်မှာဖြစ်ပါတယ်။ မိမိသိချင်တဲ့အချက်အလက်တွေကို အမြန်ဆန်ဆုံးရှာဖွေပေးနိုင်ပြီး ဖုန်းမှာဖော်ပြတဲ့ဒီဇိုင်းပုံစံနဲ့မကြိုက်နှစ်သက်ရင်တော့ desktop ပုံစံနဲ့ပြောင်းလဲသုံးစွဲနိုင်ဦးမှာဖြစ်ပါတယ်။ ဒါ့အပြင်လုံခြုံရေးပိုင်းဆိုင်ရာမှာလည်း ကောင်းမွန်ပြီး မိမိသွားရောက်ရှာဖွေကြည့်ရှုတဲ့ ဝက်ဘ်ဆိုက်တွေရဲ့လုံခြုံရေးအတွက်လည်း စိတ်ချရပါလိမ့်မယ်။ Gesture control ကိုလည်း သုံးစွဲနိုင်ဦးမှာဖြစ်ပါတယ် ....

CM Browser apk ကို Phone ရဲ့ Storage တစ်ခုခုထဲကို ထည့်ပြီး တစ်ချက်နှိပ်လိုက်ပါမယ်။ ပြီးရင် install ကို ဆက်နှိပ်ပါ။




အနည်းငယ်ကြာတာနဲ့ application install လုပ်ပြီးကြောင်း box ပေါ်လာပါမယ်။ done ကိုနှိပ်ပါ။ ပြီးရင် all application ထဲက CM Browser icon ကိုရှာပြီး ဖွင့်လိုက်ပါ။




Application ပွင့်လာတဲ့အခါမှာ Homepage ကိုစတင်မြင်တွေ့ရမှာဖြစ်ပါတယ်။ Google ကိုတိုက်ရိုက်သုံးစွဲနိုင်မှာဖြစ်ပြီး အခြားသင်နဲ့အသုံးတည့်နိုင်တဲ့လင့်တွေဖြစ်တဲ့ Facebook, Youtube, Amazon, CNN တို့ကိုလည်း သုံးစွဲနိုင်စေမှာပါ။




Photo တွေကိုရှာဖွေတဲ့နေရာမှာ မြန်ဆန်စွာဖော်ပြပေးမှာဖြစ်ပြီး မိမိလိုအပ်တဲ့ပုံတွေကို သိမ်းဆည်းချင်တယ်ဆိုရင်တော့ photo ပေါ်မှာအကြာကြီးဖိထားပေးရမှာဖြစ်ပါတယ်။ ပြီးတာနဲ့ save image ပြုလုပ်လိုက်တာနဲ့ ပုံတွေကို သိမ်းဆည်းပေးမှာဖြစ်ပါတယ်။




တစ်ပါတည်းပါဝင်တဲ့ browser တွေနဲ့မလုံလောက်လို့ထပ်မံဖြည့်သွင်းချင်တယ်ဆိုရင်တော့ အောက်ဘက်နားမှာရှိတဲ့ customize မှာဝင်ရောက်ကာ သတ်မှတ်ထားနိုင်မှာဖြစ်ပြီးတော့ title မှာဝက်ဘ်ဆိုက်ရဲ့နာမည်ကိုအတိုကောက်ပေးပြီးတာနဲ့ အောက်ဘက်မှာဆိုက်ရဲ့ link ကိုထည့်သွင်းရမှာပါ။




Setting ထဲဝင်ရောက်လိုက်မယ်ဆိုရင်တော့ apk ကိုမိမိသတ်မှတ်ထားလိုတဲ့လုပ်ဆောင်ချက်တွေကိုပြုလုပ်ထားနိုင်မှာဖြစ်ပါတယ်။ ဖုန်းရဲ့ default browser အနေနဲ့သတ်မှတ်ထားလို့လည်းရနိုင်မှာပါ။ security ပိုင်းဆိုင်ရာထိန်းချုပ်မှုတွေကို ပြင်ဆင်ထားနိုင်ပါတယ်။




Download ပြုလုပ်ရတာမြန်ဆန်တဲ့အပြင် မိမိဖတ်ရတာမလွယ်ကူတဲ့ အခြားဘာသာစကားနဲ့ရေးသားတဲ့ဝက်ဘ်ဆိုက်တွေကိုလည်း ပြောင်းလဲဖတ်ရှုနိုင်မှာဖြစ်ပါတယ်။ မိမိအမြဲတမ်းကြည့်ရှုလိုတဲ့ဝက်ဘ်ဆိုက်တွေကို bookmarks ပြုလုပ်သိမ်းဆည်းထားနိုင်မှာပါ။




ဖုန်း UI ပုံစံနဲ့မကြည့်လိုသူတွေအတွက်ကတော့ အပေါ်ဘက် setting ထဲကနေ request desktop site ကိုနှိပ်ပြီးပြောင်းလဲနိုင်မှာ ဖြစ်ပါတယ်။ ဖုန်း UI ကိုပြန်ပြောင်းချင်တယ်ဆိုရင်တော့ switch to mobile site ကိုပြုလုပ်ပေးလိုက်တာနဲ့ အချက်အလက်တွေကိုမြင်တွေ့နိုင်ပါပြီ။




Browser တွေအများအပြားကိုအသုံးပြုပြီးရှာဖွေတဲ့သူတွေအတွက်တော့ history အနေနဲ့ကျန်နေမှာဖြစ်တာကြောင့် သူတို့တွေကိုဖယ်ရှားချင်တယ်ဆိုရင်တော့ အမှိုက်ပုံးပုံစံလေးကိုအသုံးပြုလို့ရမှာပါ။




စမ်းသပ်အသုံးပြုချင်တယ်ဆိုရင်တော့ File size **1.7MB** ရှိပြီး Android OS Version 2.3 နဲ့ အထက်မှာ အဆင်ပြေစွာ အသုံးပြုနိုင်ပါတယ်။ http://goo.gl/INqRMD မှာ ရယူနိုင်ပါတယ်။

ARTICLE
KNOWLEDGE



# Steve Jobs မရှိတော့တဲ့ ရက်ပေါင်း ၁၀၀၀

စည်သူ (Giacomo)

နှစ်ပေါင်းများစွာကြာတဲ့အထိ Apple ဟာ ဖြိုလဲ့လို့မရတဲ့ ကုမ္ပဏီကြီးတစ်ခုအဖြစ်ရပ်တည်ခဲ့တာပါ။ ဒါပေမယ့် တည်ထောင်သူကြီးကို လက်လွှတ်လိုက်ရချိန်မှာတော့ မတည်ငြိမ်မှုတွေများဖြစ်လာမလားလို့ စိုးရိမ်နေခဲ့ကြပါတယ်။ လက်ရှိ CEO Tim Cook အနေနဲ့ တစ်ချိန်က ဘယ်သူမှ မဖြိုလဲ့နိုင်ခဲ့တဲ့ ကုမ္ပဏီကြီးကို တစ်ဖန်ပြန်ပြီး တော်လှန်ဆန်းသစ်မှုတွေ လုပ်နိုင်ပါဦးမှာပါလား။

၂၀၁၁ အောက်တိုဘာ ၅ ရက်နေ့မှာ ကင်ဆာဝေဒနာနဲ့ Steve Jobs ကွယ်လွန်ခဲ့ပြီးနောက် တော်လှန်ပြောင်းလဲတတ်တဲ့ နည်းပညာကုမ္ပဏီကြီးအဖြစ်ကနေ Apple ဟာ အဆုံးသတ်သွားခဲ့ပြီလို့ အများက ယူဆခဲ့ကြပါတယ်။ အဓိကမော်ဆရာကြီး၊ လက်တွေ့အရှိတရားတွေကို ပြောင်းလဲပစ်နိုင်သူကြီးမရှိတော့ချိန်မှာ၊ Apple ဟာ သူတို့ရဲ့ အာရုံစိုက်မှုတွေ ပျောက်ဆုံးသွားပြီး အရင်က အရှိန်အဝါတွေနဲ့ ပဥ္စလက်ဆန်မှုတွေ ပျောက်ပျက်သွားတော့မယ်လို့ Blogger တွေ၊ လေ့လာသူတွေ၊ ဂျာနယ်လစ်တွေက ခန့်မှန်းခဲ့ကြဖူးပါတယ်။

Apple လို အစုအဖွဲ့မျိုးမှာ လူတစ်ယောက်မရှိရုံနဲ့ ပျက်ပြယ်သွားမယ်ဆိုတာ အဓိပ္ပါယ်တော့ သိပ်မရှိပါဘူး။ ဒါပေမယ့် အခုမရှိတော့တဲ့ လူဟာ တခြားလူမဟုတ်ဘဲ Steve Jobs ဖြစ်နေတာက ပြဿနာပါ။ Jobs မရှိတဲ့ နောက်ရက်ပေါင်း ၁ ထောင်လောက်အတွင်းမှာ Apple ဟာ တကယ့်ကို ပဲ ခက်ခဲတဲ့အချိန်တွေကို ရင်ဆိုင်ခဲ့ရပါတယ်။ အရင်ကလည်း မှော်ဆန်တဲ့ ပစ္စည်းသစ်တွေ၊ ဆန်းသစ်တဲ့ အတွေးအခေါ်တွေပျောက်ဆုံးနေခဲ့တဲ့ အချိန် တွေရှိခဲ့ပါတယ်။ အရင်က တော်လှန်ပြောင်းလဲတတ်တဲ့ ကုမ္ပဏီကြီးဟာ သူကိုယ်တိုင်ကို တော်လှန်ပြောင်းလဲပစ်ဖို့လိုအပ်လာပါတယ်။ Steve Jobs အနေနဲ့ သူ့ကို ဆက်ခံသူအဖြစ် Tim Cook ကို ရွေးခဲ့တာဟာ Cook အနေနဲ့ ကုမ္ပဏီကိုပြန်လည်ကယ်တင်မယ့်သူဖြစ်လို့ မဟုတ်ပါဘူး။ Cook ဟာ Jobs လို ရေရှည်ကို မြင်တတ်တဲ့သူဖြစ်နေလို့ပါပဲ။

"ငါသာ Steve Jobs သာဆိုရင် ဒီနေရာမှာ ဘယ်လိုလုပ်မှာလဲလို့ ဘယ်တော့မှ မတွေးစမ်းပါနဲ့" လို့ Jobs က သေလုဆဲဆဲဖြစ်နေချိန်မှာ Cook ကို မှာခဲ့ပါတယ်။ Jobs စိတ်ပူတာက Walt Disney မရှိတော့တဲ့နောက်ပိုင်း Disney ကုမ္ပဏီကြီးကြုံခဲ့ရသလို Apple အနေနဲ့ဖြစ်သွားမှာကို စိတ်ပူနေတာပါ။ ကုမ္ပဏီအနေနဲ့ အခက်အခဲကြုံလာခဲ့တဲ့ Walt သာရှိခဲ့ရင် ဒီလိုလုပ်မှာလို့ လူတိုင်းက ကိုယ်စီကိုယ်စီထင်မြင်ချက်တွေနဲ့ အမြဲတမ်း တွန့်ဆုတ်နေခဲ့တဲ့ အဖြစ်မျိုးကို Apple မှာ Jobs မမြင်ချင်ခဲ့ပါဘူး။ ဒါကြောင့် "မင်းမှန်တယ်ထင်တာသာလုပ်ပါ" လို့ Jobs က Cook ကို မှာခဲ့ပါတယ်။

ကိုယ့်အရှေ့က လူက လုပ်သမျှမှန်ခဲ့ပြီး၊ အံ့အားသင့်ဖွယ်ရာ ပြည့်စုံတဲ့ နည်းလမ်းတွေနဲ့ ဆောင်ရွက်ခဲ့တယ်ဆိုရင် လူတစ်ယောက်ဟာ ရှေ့ဆက်လုပ်ရမယ့် အလုပ်တွေကို ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ သတ္တိရှိရှိလုပ်နိုင်ဖို့ဆိုတာ လွယ်ကူတဲ့ အလုပ်တော့မဟုတ်ပါဘူး။ Jobs ဖန်တီးခဲ့တဲ့ နတ်သမီးပုံပြင်ထဲက နန်းတော်ကြီးတစ်ခုကို Cook က အမွေဆက်ခံရသူပါ။ နည်းပညာလောကကြီးတစ်ခုလုံး နာမကျန်းဖြစ်နေချိန်မှာ အသက်ဆက်ပေးခဲ့တဲ့ ကုမ္ပဏီကြီးတစ်ခုဖြစ်ခဲ့ဖူးသည့် Apple ဟာဆိုရင် အဖွဲ့အစည်းတည်ဆောက်ပုံပိုင်းမှာ အကြီးအကျယ်ပြဿနာကြီးနဲ့ ကြုံနေရပါပြီ။ ကုမ္ပဏီကကြီးထွားလာလေလေ၊ Cook အဖို့ ဒီအမှားကို ပြင်နိုင်ဖို့ အရေးကြီးလာလေလေပါပဲ။

## အောင်မြင်မှုရဲ့ နောက်ကွယ်က ပေးဆပ်ခဲ့ကြသူတွေ

Apple အနေနဲ့ ၁၉၉၇ရမှာ Steve Jobs ပြန်လာပြီးတဲ့နောက်ပိုင်းမှာ အကြီးအကျယ်အောင်မြင်မှုတွေရခဲ့ပါတယ်။ ငါးနှစ်အတွင်းမှာပဲ ကယ်လီဖိုးနီးယားအခြေစိုက် Cupertino ကုမ္ပဏီကြီးဟာ စီးပွားရေးမိုဒယ်နဲ့ ဈေးကွက်တွေကို အလုံးစုံတော်လှန်ပြောင်းလဲပစ်ခဲ့ပြီး ဘယ်တုန်းကထက်မဆို ပိုမိုအောင်မြင်ခဲ့ပါတယ်။ ဒါဟာ Apple ရဲ့ ပေးဆပ်သူ လူစုကြောင့် ဖြစ်ပါတယ်။ Apple ရဲ့ ပစ္စည်းတွေဟာ သိပ်ကိုကောင်းရခြင်းက ဈေးကွက်ထဲမှာ တော်လှန်ပြောင်းလဲမှုအတွက် အဆင်သင့်ဖြစ်နေချိန်မို့လို့ ဖြစ်ပါတယ်။ Jobs အနေနဲ့ အိုမင်းနေတဲ့ အိုင်ဒီယာတွေနဲ့ ဖြိုင်ဘက်တွေအပေါ် အသာလေးအနိုင်ယူနိုင်ခဲ့ပြီး၊ အခြားသူတွေက ဈေးသက်သာတဲ့ ပစ္စည်းအညံ့စားတွေ ထုတ်လုပ်နေချိန်မှာ ဒီဇိုင်းလှပပြီးတော့ အရည်အသွေးကောင်းတဲ့ ကုန်စည်တွေနဲ့ အလဲထိုးပစ်နိုင်ခဲ့ပါတယ်။ digital ပစ္စည်းတွေဟာ၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော် ဆိုသလို ဒီဇိုင်း၊ အသုံးဝင်မှု၊ စွယ်စုံအသုံးဝင်ခြင်းဆိုတဲ့ အချက်သုံးချက်ကို မှီတည်နေတယ်ဆိုတာ သူကောင်းကောင်းနားလည်ခဲ့ပါတယ်။ နောက်ထပ် Apple ရဲ့ အားသာချက်က Apple က Chip တွေဆင်သလိုပဲ၊ သူတို့ကုမ္ပဏီကိုလည်း ထူးခြားတဲ့ ဖွဲ့စည်းပုံနဲ့ ဖွဲ့စည်းထားပါတယ်။ ဒါဟာ Jobs ရင်ဆိုင်ခဲ့ရပြီး အခု Tim Cook ကြုံနေရတဲ့ ကုမ္ပဏီရဲ့ ဖွဲ့စည်းပုံ ပြဿနာ၏ အရင်းခံလည်းဖြစ်ပါတယ်။ စစ်တပ်တွေမှာလို အဆင့်ဆင့် ဖွဲ့စည်းပုံကို Apple မှာ အသုံးပြုခဲ့တာဟာ ၂၀၀၀ပြည့်နှစ်နောက်ပိုင်းကတည်းကပါ။

Horace Dediu ဟာ Nokia မှာ ၂၀၀၉ခုနှစ်အထိ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မန်နေဂျာဖြစ်ခဲ့ပြီး မိုဘိုင်းဈေးကွက်လေ့လာသူနဲ့ Apple ပစ္စည်းတွေကို ထောက်ခံအားပေးသူအဖြစ် လက်ရှိအချိန်မှာ ရပ်တည်နေသူလည်းဖြစ်ပါတယ်။ Nokia မှာတုန်းက သူဟာ ထိပ်တန်းနည်းပညာကုမ္ပဏီကြီးတစ်ခုဟာ ဘယ်လိုကြောင့် ဟိုးအောက်ဆုံးကို ပြုတ်ကျသွားရတယ်ဆိုတာကို မျက်မြင်ကိုယ်တွေ့တွေ့ရှိခဲ့သူပါ။ Apple အကြောင်းပြောရာမှာတော့ သူက အတော်လေးကို အကောင်းမြင်နေပါတယ်။ "နေ့တိုင်းလိုပဲ၊ Apple ဟာ Start-up အနေနဲ့ပဲ ရပ်တည်နေတယ်" လို့ သူကစပြောရင်း "Apple ဟာ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကုမ္ပဏီကြီးဖြစ်လာနေပေမယ့်၊ သေးငယ်ပြီး အခုမှစဖွင့်တဲ့ ကုမ္ပဏီလေးတွေနဲ့ ပိုတူနေတယ်။ ဒီပုံစံမျိုးဟာ စီးပွားရေးသင်တန်းတွေမှာသင်ပေးတတ်တဲ့ နမူနာပုံစံမျိုးတွေနဲ့ တစ်ထေရာတည်းပဲ" လို့ ပြောပါတယ်။

> "ငါသာ Steve Jobs သာဆိုရင် ဒီနေရာမှာ ဘယ်လိုလုပ်မှာလဲလို့ ဘယ်တော့မှမတွေးစမ်းပါနဲ့" လို့ Jobs က သေလုဆဲဆဲဖြစ်နေချိန်မှာ Cook ကို မှာခဲ့ပါတယ်။

## စစ်တပ်ပုံစံဖွဲ့စည်းပုံ

စီးပွားရေးဆိုင်ရာ ကျွမ်းကျင်သူတွေက ဒီပုံစံကို functional organisation လို့ခေါ်ကြပါတယ်။ ဘယ်ကုမ္ပဏီမဆို စချင်းမှာ ဒီပုံစံနဲ့ပဲ စရတာပါပဲ။ ကုမ္ပဏီဟာ အဆင့်အတန်းတူညီတဲ့ အဖွဲ့ငယ်လေးတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုကို အခြေခံထားပြီး ကုမ္ပဏီခွဲတွေ၊ စီးပွားရေးဆိုင်ရာ ဌာနတွေနဲ့ သီးခြားဖြစ်နေစေပါတယ်။ အုပ်ချုပ်မှုအဖွဲ့အစည်းက အားလုံးကို ညီညွတ်အောင် ထိန်းပေးထားပြီး Senior Vice Presidents တွေက ထုတ်လုပ်ရေးဆိုလည်း ထုတ်လုပ်ရေး၊ ဒီဇိုင်းဆိုလည်း ဒီဇိုင်းစသဖြင့် သူ့သီးခြားဌာနမှာ လွတ်လပ်စွာ လုပ်ဆောင်ခွင့်ရှိပြီးတော့ အုပ်ချုပ်မှုအဖွဲ့အစည်းအနေနဲ့ ရိုပို့တွေပဲ တောင်းယူခွင့်ရှိပြီး လုပ်ငန်းဆိုင်ရာတွေကို စွက်ဖက်ခွင့်မရှိပါဘူး။ အဖွဲ့ငယ်လေးတွေဟာ ပူးတွဲပရောဂျက်အနေနဲ့ ဆောင်ရွက်ကြပြီး အချင်းချင်းကြားမှာ ပြိုင်ဆိုင်မှုအငယ်လေးတွေ၊ တစ်ယောက်နဲ့တစ်ယောက်ချိတ်ဆက်မှုနည်းပါးနေအောင် စီစဥ်ထားပါတယ်။ ဒီလိုတစ်သီးတခြား ခွဲခြားထားတာက ကုမ္ပဏီထဲမှာ အလုပ်လုပ်သူတွေ အဖို့ ကုမ္ပဏီရဲ့ စိတ်ဓာတ်ကို စွဲမြဲသွားစေပါတယ်။

ဒီဖွဲ့စည်းပုံဟာ ပြီးပြည့်စုံတယ်တော့ မဟုတ်ပေမယ့်၊ ကျွမ်းကျွမ်းကျင်ကျင်ကိုင်တွယ်တတ်ရင် သူ့မှာ အားသာချက်အများကြီးရှိပါတယ်။ "Apple လို အရွယ်အစားကြီးတဲ့ အခြားကုမ္ပဏီတစ်ခုဟာ ဒီပုံစံကို သုံးတယ်လို့ တစ်ခါမှ မတွေ့ဖူးဘူး" လို့ Dediu ကဆိုပါတယ်။ "Apple ရဲ့ ဖွဲ့စည်းပုံဟာ အမေရိကန်စစ်တပ်၊ ဒါမှမဟုတ် ဟောလီးဝုဒ်က အလုပ်အဖွဲ့တွေအလုပ်လုပ်ပုံနဲ့ အတော်ကြီးတူညီပါတယ်" လို့ ပြောပါတယ်။ သူက ဆက်ပြီး Apple ဟာ အခုလို အရွယ်အစားရှိတဲ့ ကုမ္ပဏီကြီးဖြစ်လာသည်အထိ ဒီပုံစံကို ဆက်ထိန်းထားနိုင်အောင် Steve Jobs အနေနဲ့ဆောင်ရွက်ခဲ့တာက တကယ့်ကို လေးစားစရာဖြစ်တယ်လို့လည်းပြောခဲ့တာပါ။

Jobs အနေနဲ့ သူဘာလုပ်နေတယ်ဆိုတာ သူသိခဲ့ပါတယ်။ သူကိုယ်တိုင်ကိုပဲ အလျင်အမြန်တိုးတက်လာခြင်းက Apple အတွက် ပြဿနာ ဖြစ်နိုင်တယ်ဆိုတာကို ရိပ်စားမိခဲ့တာပါ။ ဒါပေမယ့် သူ့အနေနဲ့ အစောပိုင်းနေ့ရက်တွေက သူဖန်တီးခဲ့တဲ့ ပဥ္စလက်ဆန်မှုတွေကို သူသေပြီးသည့်နောက်မှာတောင်ဆက်ထိန်းထားပါတယ်။ သူ့အနေနဲ့ Apple University ကို ဖန်တီးပြီး၊ Apple ရဲ့ သရုပ်သကန်နဲ့၊ အောင်မြင်မှုအတွက် ဒီသရုပ်သကန်တွေရဲ့ အရေးပါမှုတွေကို နောက်လူတွေ နားလည်အောင် လက်ဆင့်ကမ်းခဲ့ပါတယ်။ အရေးအကြီးဆုံးကတော့ Tim Cook ကို CEO ခန့်ခဲ့မှုပါ။ Apple ရဲ့ နာမည်ကျော်ဒီဇိုင်းဂုရုကြီး Jonathan Ive တို့၊ iOS ခေါင်းဆောင် Scott Forstall တို့ကို ကျော်ပြီး Cook ကို ရွေးချယ်ခဲ့မှု ကိုယ်တိုင်က တော်လှန်ပြောင်းလဲခြင်းပဲဖြစ်ပါတယ်။

## အိုမင်းဆွေးမြေ့မသွားမယ့် ကုမ္ပဏီကြီး

၁၉၉၈ မှာ Senior Vice President of Operations အနေနဲ့ ရောက်လာခဲ့တဲ့ Tim Cook အတွက် အရေးအကြီးဆုံး တာဝန်က Apple ရဲ့ Supplier chain တွေနဲ့ production business ပိုင်းတွေကို ခေတ်မီအောင်လုပ်ဖို့ပါ။ Cook အနေနဲ့ သူ့ရဲ့လက်အောက်ကလူတွေနဲ့ customer တွေကို ပြင်းထန်တဲ့တောင်းဆိုချက်တွေ ပြုလုပ်ခဲ့ပြီး၊ ဖန်တီးမှုရှိပေမယ့် အေးစက်စက်နိုင်တဲ့ ထုတ်လုပ်မှု စီမံခန့်ခွဲရေးပါရမီရှင်ဆိုပြီး လူသိများလာပါတယ်။ Cook ရဲ့ ဆောင်ရွက်ချက်တွေဟာ Apple ရဲ့ အောင်မြင်မှုမှာ Jobs လိုပဲ အရေးပါပြီး Jony Ive တို့လိုဒီဇိုင်းသမားတွေ အပါအဝင် အခြား SVP တွေထက်တောင် အရေးပါနေတတ်ပါတယ်။ Cook ရဲ့စီမံခန့်ခွဲရေးပါရမီသာ မရှိခဲ့ရင် Steve Jobs ရဲ့ မဟာ Apple စီမံကိန်းကြီးဟာ လက်တွေ့ဘယ်တော့မှ အကောင်အထည်ပေါ်လာခဲ့မှာ မဟုတ်ပါဘူး။ Cook ရဲ့ ထုတ်လုပ်မှုစီမံခန့်ခွဲရေးကျွမ်းကျင်မှုက ဒီလုပ်ငန်းကြီးကို ပြိုင်ဘက်တွေထက် အမြဲတမ်းနောက်တစ်ဖျားသာနေစေပါတယ်။ Jobs လိုပဲ သူကလည်း အမှားအယွင်းတွေကို သည်းမခံတတ်သူပါ။ သူ့ရဲ့ ခေါင်းမာပြီး ပြီးပြည့်စုံမှုကြိုက်တတ်တဲ့ ဝသီက Apple ရဲ့ သမိုင်းမှာ မှတ်မှတ်ထင်ထင်ကိုရှိနှင့်ပြီးသားပါ။ အရေးအကြီးဆုံးအချက်အနေနဲ့ Cook ရော၊ Jobs မှာပါ တူညီတဲ့အမြင်တစ်ခုရှိပါတယ်။ အဲဒါက Apple ကို အိုမင်းဆွေးမြေ့မသွားစေဖို့ပါ။ စီးပွားရေးကျောင်းတွေမှာ သင်လိုက်တဲ့အတိုင်း တစ်ဆင့်ချင်းတိုးတက်လာရင်း ကုမ္ပဏီကြီးက အိုမင်းလေးလံသွား ရတဲ့ အဖြစ်မျိုး သူတို့နှစ်ယောက်စလုံးက မကြုံတွေ့ချင်ပါဘူး။ ဒါကြောင့်လည်း သူတို့အနေနဲ့ စွန့်စားမှုတွေ ကြီးကြီးမားမားပြုလုပ်ခဲ့တာပါ။ ဒီစွန့်စားမှုတွေက ဒီနေ့အထိကို အောင်မြင်နေဆဲပါပဲ။ ဒါပေမယ့် Jobs သေဆုံးပြီးချိန်မှာတော့ ကန့်သတ်မှတ်ချက်တစ်ခုကို ရောက်သွားခဲ့ပါပြီ။

ကုမ္ပဏီရဲ့ပင်ကို သရုပ်သကန်သည်ပင်လျှင် ပြင်ပလောကနဲ့အဆက်ပြတ်နေပါတယ်။ Jobs မရှိစဥ်ကတည်းကစလို့ ပြဿနာတွေတစ်ခုပြီး တစ်ခုတက်ခဲ့ပါတယ်။ ပထမက Maps ပြဿနာ၊ ဒုတိယက Siri နဲ့ လုပ်ငန်းခွင်စက်ရုံတွေက လုပ်သားနဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတွေ၊ Jobs ရှိစဥ်ကလည်း ဆန်းသစ်တဲ့ အိုင်ဒီယာတွေနဲ့ ကုန်ပစ္စည်းသစ်တွေကို Cook အနေနဲ့ ထုတ်မပြနိုင်တော့တာတွေက အဓိကကျတဲ့ ပြဿနာတွေဖြစ်လာနေပါတယ်။



စာမျက်နှာ ၃၅ သို့

# ဟန်းဆက်တစ်ခုအတွက် Software က အရေးပါတယ်လို့ ထင်ကြောင်းပြောလာသည့် Zwenexsys ကုမ္ပဏီပိုင်ရှင် ကိုသာထက်နှင့်တွေ့ဆုံခြင်း




နေဦး လွင် မေးမြန်းသည်

မိုဘိုင်းဖုန်းတွေ ပြည်တွင်းဈေးကွက်ထဲကို ရောက်လာသောအခါ လူအများစိတ်ဝင်စားမှုကို ရရှိလာပြီး ဝယ်ယူမှုပမာဏဟာလည်း အတိုင်းအတာတစ်ခုကို ကျော်လွန်လာခဲ့ပါတယ်။ ဆက်သွယ်ရေး Operator တွေက သူတို့ရဲ့ဆင်းကတ်တွေကို ပြည်တွင်းမှာ အလိုရှိတိုင်း ဝယ်နိုင်အောင် ဖြန့်ချိပေးလိုက်သောအခါ ဟန်းဆက်တွေရဲ့ ရောင်းအားဟာလည်း တစ်ဟုန်ထိုးတိုးတက်သွားပါတော့တယ်။ ဟန်းဆက်ဝယ်ယူကြတဲ့ သုံးစွဲသူတော်တော်များများဟာ ပုံမှန်အားဖြင့်တော့ သူတို့ရဲ့ အမြင်မှာ ဖုန်းတစ်လုံးဟာ Handware အတွက်ပေးရတဲ့ ဈေးနှုန်းနဲ့ တန်တယ်လို့ထင်နေကြပါတယ်။ အမှန်တော့ Hardware ထက်စာရင် software ကပိုပြီးအရေးပါနေတယ်ဆိုတာကို Mobile App တွေရေးကြတဲ့ software ပညာရှင်တွေက အသိဆုံးဖြစ်မှာပါ။ အဲဒီလိုထင်မြင်ယူဆချက်ကို အသိအမှတ်ပြုပေးနိုင်တာကလည်း သုံးစွဲသူတွေပဲဖြစ်နေပါလိမ့်မယ်။ မိုဘိုင်းဖုန်းသုံးစွဲသူတွေဟာ ယခုဆိုလျှင် ဖုန်း Hardware ထက် Software ပိုင်းကို ပိုမိုအသုံးချလာနေပါပြီ။ ဒီလို လူအများသုံးစွဲနိုင်တဲ့ software တွေကို ရေးသားသူတွေဟာလည်း နည်းပညာလောကထဲမှာ မှိုလိုပေါက်နေပါပြီ၊ ဒီလိုအခြေအနေမျိုးမှာ software ရေးသားသူတွေဟာ တစ်ဦးနဲ့တစ်ဦးသူ့ထက်ငါသာလွန်အောင်ကြိုးစားရင်း software အသစ်တွေကို ရေးသားကြ၊ ရေးပြီးသား software ကို ပိုမိုကောင်းမွန်စေရန် အဆင့်မြှင့်တင်ကြရင်း software လောကမှာ ယှဉ်ပြိုင်လျက်ရှိပါတယ်။ ဒီအထဲကမှ မိုဘိုင်းဖုန်းတစ်လုံးမှာ software က hardware ကို အသုံးချပေးမှာဖြစ်လို့ software သာလျှင် အရေးပါဆုံးလို့ဆိုလာသူ Zwenexsys ကုမ္ပဏီ၏ မန်းနေးဂျင်းဒါရိုက်တာတစ်ဦးလည်းဖြစ်၊ software တွေကို ရေးသားနေတဲ့ ပညာရှင်တစ်ဦးလည်းဖြစ်သူ ကိုသာထက်နှင့် ယခုလိုပဲ တွေ့ဆုံမေးမြန်းဖြစ်ခဲ့ ပါတယ်။

**မေး– မင်္ဂလာပါအစ်ကိုရေ။ Software ရေးသားသူ ပညာရှင်တစ်ဦးဖြစ်တဲ့ အစ်ကိုရဲ့ ကုမ္ပဏီကနေ ထုတ်ထားတဲ့ Mobile App တွေကို ပြောပြပေးပါဦး။**

ဖြေ– မင်္ဂလာပါခင်ဗျာ။ ကုမ္ပဏီအနေနဲ့ထုတ်ထားတဲ့ Application တွေထဲမှာ ထူးတဲ့သင်္ကြန် App နဲ့ ရုပ်ရှင် App ဆိုပြီး နှစ်မျိုးရှိပါတယ်။ ထူးတဲ့သင်္ကြန် App က အမြဲတမ်းတော့မသုံးကြဘူး။ သူက သင်္ကြန်ကာလတွေမှာပဲ သုံးတာများတယ်။ ရုပ်ရှင် App ကတော့ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မှာရှိတဲ့ ရုပ်ရှင်ရုံတွေမှာ ပြသတဲ့ ရုပ်ရှင်ကားတွေ အချိန်တွေကို ဖော်ပြပေးနေတာပဲဖြစ်ပါတယ်။ နောက်တစ်ပတ်ထဲမှာ version အသစ်နဲ့ ထပ်ထုတ်ဖို့ရှိတယ်။ အခုက ရုပ်ရှင် App ကို version 2.1 နဲ့ပဲထုတ်ထားတယ်။ အသစ်ထွက်မယ့် version ကတော့ 3.0 နဲ့ဖြစ်မယ်။

**မေး– Mobile Application တွေရေးသားရာမှာ အခက်အခဲတွေရှိခဲ့ပါသလား။**

ဖြေ– အခက်အခဲဆိုရင် နည်းပညာပိုင်းမှာတော့ သိပ်အခက်အခဲမရှိခဲ့ဘူး။ Data ကတော့ အခက်အခဲနည်းနည်းရှိခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုရုပ်ရှင်ရုံတွေမှာတင်ထားတဲ့ ဇာတ်ကားတွေကို ကျွန်တော်တို့ဆီ သီးသန့်ပေးတာမျိုးမရှိဘူး။ ကျွန်တော်တို့က သတင်းစာတွေ၊ Internet တွေက တစ်ဆင့်ရှာဖွေပြီး Data တွေကို ပြန်ရေးထည့်ပေးရပါတယ်။ အဲဒါလေးတစ်ခုလောက်ပဲခက်ခဲခဲ့ပါတယ်။

**မေး– ဒီ Mobile App တွေကို ရေးဖြစ်ခဲ့တဲ့ စိတ်ကူးလေးကို ပြောပြပေးပါဦး။**

ဖြေ– ကိုယ်တိုင်သုံးချင်တာလည်းပါတယ်။ ပြည်သူလူထုကိုလည်း သုံးကြည့်စေချင်တယ်။ ဒါနဲ့ပဲ ဒီ App ရေးဖြစ်သွားတယ်ဆိုပါတော့။ အဲဒါနဲ့ပဲ ကျွန်တော့်ကုမ္ပဏီကို ၂၀၁၂ခုနှစ် နိုဝင်ဘာနှစ်ကုန်ပိုင်းမှာ စတင်ဖွင့်ပြီး ဒီ App ကို ရေးသားလိုက်တယ်။ ပြီးတော့ ဈေးကွက်ထဲကို အခမဲ့ဖြန့်ချိလိုက်တယ်ပေါ့။

**မေး– ဒီ App တွေကို ရေးသားဖို့ အချိန်ဘယ်လောက်ယူခဲ့ရပါသလဲ။ အပတ်စဉ်သုံးစွဲသူဦးရေနဲ့၊ Download လုပ်သူဦးရေလည်း ပြောပြပေးပါဦး။**

ဖြေ– ရုပ်ရှင် App ထွက်ဖို့အတွက်က သုံးလ၊ လေးလလောက်တော့ အချိန်ယူခဲ့ရတယ်။ Developerment က သိပ်မကြာပါဘူး။ ပိုကောင်းအောင်လုပ်ဖို့ကပဲ အချိန်ယူခဲ့ရပါတယ်။ အပတ်စဉ်သုံးစွဲသူဦးရေကတော့ ခြောက်ထောင်ရှိပြီး Download လုပ်သူကတော့ နှစ်သောင်းနဲ့ သုံးသောင်းကြားမှာရှိနေပါတယ်။ ထူးတဲ့သင်္ကြန်ကတော့ Download လုပ်သူ ငါးထောင်တစ်သောင်းမှာရှိပါတယ်။

**မေး– ထူးတဲ့သင်္ကြန်ကို နှစ်စဉ်နှစ်တိုင်းထုတ်ဖြစ်တာလား။ သူ့အထဲမှာ ဘာတွေပါဝင်ပါသလဲ။**

ဖြေ– နှစ်နှစ်လောက်တော့ရှိပြီ ဆက်တိုက်ထုတ်ဖြစ်တယ်။ ဒီနှစ်မှာတော့ ပုံစံအသစ်တွေနဲ့ ထုတ်ဖို့လည်းရှိတယ်။ စတေကာအသစ်တွေအပြင် ဂိမ်းပုံစံဖျော်ဖြေမှုပုံစံလေးနဲ့ ထပ်ထုတ်ဖို့ အစီအစဉ်ရှိတယ်။ ထူးတဲ့သင်္ကြန်မှာ ပျော်စရာစတေကာလေးတွေ ရွေးချယ်လို့ရတယ်။ သုံးပိုင်းလောက်ရွေးချယ်လို့ရတယ်။ ရေလောင်းခံရမယ့်သူရယ်၊ ရေလောင်းမယ့်သူရယ်၊ ရေလောင်းမယ့်ပုံစံရယ်ပေါ့။ ရေလောင်းတဲ့သူနေရာမှာလည်း ပုံစံအမျိုးမျိုးရှိတယ်။ ရေလောင်းတဲ့ပုံစံမှာရောပေါ့။ ဥပမာ ရေနဲ့ပက်တဲ့ နွားနို့နဲ့ပက်တာမျိုးလို၊ ခေါင်းပေါင်းကြီးနဲ့ ပါလီမန်အမတ်ကြီးပုံစံလိုမျိုးတွေပေါ့။ အားလုံးက ရုပ်ပြောင်သဘောပါပဲ။ အဲဒီမှာ စချင်နောက်ချင်တဲ့သူတွေက သူတို့ရဲ့ သူငယ်ချင်းတွေကို ပို့စတာလေးတွေပို့ပြီး ပြောင်ချင်နောက်ချင်လို့ရ တယ်။

**မေး– ရုပ်ရှင် App ကရော ဘာတွေသုံးလို့ရလဲ။ Online အပြင် Off line ပါသုံးလို့ရလား။**

ဖြေ– ရုပ်ရှင် App မှာက ရုပ်ရှင်ရုံတစ်ခုရဲ့ တင်ထားတဲ့ ဇာတ်ကားအမည်တွေအချိန်တွေကို လေ့လာလို့ရတယ်။ နောက်ပိုင်းမှာလည်း ထိုင်ခုံရှိမရှိကိုပါ လေ့လာလို့ရအောင် လုပ်ပေးသွားမယ်။ ဒီ App ပေါ်ကနေပဲ လက်မှတ်ဝယ်လို့ရအောင်လည်း စီစဉ်သွားပါမယ်။ Online အနေနဲ့က တော့ တစ်ပတ်တစ်ခါအင်တာနက်ဖွင့်ဖို့တော့ လိုမယ်။ တစ်ခါအင်တာနက်ဖွင့်ပြီးတာနဲ့ တစ်ပတ်လုံး Off Line ကြည့်လို့ရတယ်။

**မေး– ဒီ Mobile Application တွေကို ဘယ်မှာ Download လုပ်လို့ရပါသလဲ။ အခမဲ့ရယူနိုင်မယ့် နေရာလေးတွေကို ပြောပြပေးပါ။**

ဖြေ– Mobile App ကို အခမဲ့ပဲဖြန့်ချိပေးထားပါတယ်။ အခုအချိန်အထိတော့ Play Store နဲ့ ရုပ်ရှင် App ဆိုလျှင် yoteshin app.com မှာ Download ရယူနိုင်ပြီး zwenex.com မှာလည်း ရယူနိုင်ပါတယ်။ ထူးတဲ့သင်္ကြန် App လည်း ဒီအတိုင်းပါပဲ။

**မေး– မိုဘိုင်းဖုန်းတစ်လုံးက လူတစ်ယောက်အပေါ် ဘယ်လောက်အကျိုးရှိနိုင်ပါသလဲ။**

ဖြေ– အကျိုးသက်ရောက်မှုက ဘယ်လိုရှိသလဲဆိုတော့ ဆက်သွယ်ရေးတွေ နောက်ပိုင်းတိုးတက်လာတာကောင်းပါတယ်။ လူမှုစီးပွားရေးပဲဖြစ်ဖြစ်၊ ကျန်းမာရေးနဲ့ပဲဖြစ်ဖြစ်အားလုံးဟာ ဆက်သွယ်ရေးကနေတစ်ဆင့် အဖက်ဖက်တိုးတက်လာတာကောင်းပါတယ်။

**မေး– မိုဘိုင်းဖုန်းတွေအတွက် ဘယ်အပိုင်းက အရေးပါတယ်လို့ ထင်ပါသလဲ။**

ဖြေ– ပုံမှန်အားဖြင့်တော့ လူတွေရဲ့အမြင်မှာ ဖုန်းတစ်လုံးဟာ Hardware အတွက်ပေးရတဲ့ ဈေးနှုန်းနဲ့တန်နေပြီလို့ ထင်ကြတယ်။ တကယ်တော့ ဒီ Hardware မှာပါတဲ့ Software တွေကသာ Device လုပ်ပေးတာ ဒီ software ကဏ္ဍကို မသိလို့သာ အရေးမပါဘူးဆိုပြီး အထင်မကြီးကြတာတွေရှိတယ်။ ဒီ Software တွေက တန်ဖိုးရှိပါတယ်။ Software ရော၊ Hardware ပါ တန်ဖိုးရှိကြပါတယ်။ ဒါပေမယ့် လျင်လျင်မြန်မြန်ပြောင်းလဲနိုင်တာက Software ပေါ့။ Hardware တစ်ခု ဝယ်ထားပြီးပြီဆိုရင် နောက်တစ်ခုအသစ်ပြောင်းဖို့က အချိန်ယူရတယ်။ ဒါကြောင့် Software က Hardware ကို အသုံးချပေးတာဖြစ်လို့ အရေးပါတယ်လို့တော့ထင်ပါတယ်။

**မေး– မြန်မာပြည်ရဲ့ Mobile ရဲ့ အရေးပါမှုက ဘာများပါလဲခင်ဗျာ။**

ဖြေ– မြန်မာပြည်အနေနဲ့ Mobile ရဲ့ အရေးပါမှုက မြန်မာပြည်မှာဆိုရင် အင်္ဂလိပ်ဘာသာကို ကျွမ်းကျင်စွာ ဖတ်နိုင်တဲ့သူကရှားတယ်။ ဖတ်တတ်ချင်မှလည်း ဖတ်တတ်မယ်။ မြန်မာဘာသာနဲ့ ပေါ်တဲ့ဖုန်းတွေ၊ မြန်မာ version နဲ့ သုံးလို့ရတဲ့ ဖုန်းတွေက မြန်မာပြည်ဈေးကွက်ထဲမှာ ပိုပြီးထိရောက်လိမ့်မယ်လို့တော့ ထင်ပါတယ်။

**မေး– Zwenexsys ကုမ္ပဏီရဲ့ အနာဂတ်အစီအစဉ်လေးလည်းပြောပေးပါဦး။**

ဖြေ– လက်ရှိရေးထားတဲ့ App တွေအပြင်၊ နောက်ထပ်အသစ်ထပ်ထုတ်မယ့် App တစ်ခုလည်းရှိနေပါတယ်။ ကာချယ်လို့တော့ နာမည်ပေးထားတယ်။ သူ့အထဲမှာဘာပါသလဲဆိုတော့ ယနေ့သတင်းဖတ်တဲ့ App တွေလိုပဲ၊ ကာတွန်းတွေဖတ်လို့ရတဲ့ App မျိုးဖြစ်မှာပါ။ နေ့စဉ်သတင်းစာတွေ၊ ဂျာနယ်တွေထဲမှာပါခဲ့တဲ့ ကာတွန်းတွေကို တင်ပေးသွားမှာပါ။ အဲဒီ App ကိုတော့ နောက်လထဲမှာ ထွက်ရှိနိုင်အောင် စီစဉ်နေပါတယ်။ အခမဲ့ပဲ ဖြန့်ချိပေးသွားမှာပါ။

**မေး– အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်ခင်ဗျာ။**

ဖြေ– ကျေးဇူးပါပဲခင်ဗျာ။

# TECH NEWS UPDATE

## *News* ***Headline ...***

### Windows Phone အတွက် Spotify update ထွက်ရှိ

Spotify အနေနဲ့ သူတို့ရဲ့ Windows Phone app ကို ဒီနှစ်စောစောပိုင်းမှာ update လုပ်ပေးခဲ့ပေမယ့် အရေးအကြီးဆုံး feature တစ်ခုတော့ ပါမလာခဲ့ပါဘူး။ ကြော်ငြာတွေမပါတဲ့ streaming ပါ။ အခု update မှာတော့ ဒီ feature ကိုထည့်ပေးထားပြီး၊ Windows Phone အသုံးပြုသူတွေအဖို့ Stream Playlist နဲ့ shuffle mode တွေကို အသုံးပြုလို့ရလာပြီဖြစ်ပါတယ်။ အခုဆိုရင် Windows Phone app ဟာလည်း Android နဲ့ iOS မှာလိုပဲဖြစ်လာပြီး၊ search experience ပိုင်းမှာ ပိုတိုးတက်လာသလို အခြားသော improvement အများအပြားကိုလည်း ပေါင်းထည့်ပေးထားတယ်လို့ Spotify ဘက်က ပြောပါတယ်။ Streaming အနေနဲ့ ကြော်ငြာတွေပါတယ်ဆိုပေမယ့် Premium အသုံးပြုသူတွေကတော့ ကြော်ငြာတွေကို ဖြုတ်ထားနိုင်ပြီး playlist တွေကို offline sync လုပ်နိုင်မှာ ဖြစ်တယ်လို့ ဆိုပါတယ်။

### အဝိုင်းပုံမျက်နှာပြင်နဲ့ စမတ်နာရီ LG ထုတ်လုပ်

Google အနေနဲ့ Android Wear စမတ်နာရီသုံးမျိုးကို I/O ပွဲမှာ ဒီနှစ်အစောပိုင်းက ပြသခဲ့ပါတယ်။ ဒါပေမယ့် Moto 360 တစ်မျိုးတည်းသာ လူစိတ်ဝင်စားမှုရခဲ့တာပါ။ Samsung Gear Live နဲ့ LG G Watch တို့ကို ပြသခဲ့ချိန်မှာတောင်မှပဲ 360 ထွက်မလာသေးတာကို လူတွေက စိတ်ပျက်နေကြတာလည်းဖြစ်ပါတယ်။ ဒီအတွက် LG မှာ အဖြေရှိပုံပါပဲ။ LG အနေနဲ့ Moto 360 ရဲ့ ဒီဇိုင်းပိုင်းဆိုင်ရာ လူကြိုက်များမှုကို အတုယူပြီး မျက်နှာပြင်အဝိုင်းနဲ့ ပိုပြီးလှပတဲ့ စမတ်နာရီတစ်မျိုးကို လာမယ့် ရက်သတ္တပတ်မှာ လုပ်မယ့် IFA 2014 ပွဲမှာ ထုတ်ပြဖို့ရှိပြီး Moto 360 ရဲ့ မိတ်ဆက်ပွဲကို ကြားဖြတ်ဝင်ဖို့ ရှိနေတယ်လို့ Engadget က ပြောပါတယ်။ LG G Watch R လို့ နာမည်ပေးထားတဲ့ ဒီနာရီဟာ LG ရဲ့ Mobile Global You Tube Channel မှာ ရှိနေပြီး အသေးစိတ်အချက်အလက်တွေ မသိရသေးပေမယ့် interface က လုံးဝကို အဝိုင်းပုံနဲ့ဆိုတာကတော့ သေချာပါတယ်။

### Microsoft မှ Chromecast ကဲ့သို့ device မျိုးထုတ်လုပ်မည်

Google အနေနဲ့ ၃၅ ဒေါ်လာတန် Chromecast ဟာ အလွန်ရောင်းကောင်းတဲ့ ပစ္စည်းတစ်ခုဖြစ်ခဲ့ပြီး Amazon ရဲ့ electronics best seller list က ထိပ်ဆုံးနေရာမှာ အတော်ကြာကြာ ရပ်တည်နေတဲ့ device တစ်ခုလည်း ဖြစ်ပါတယ်။ Microsoft အနေနဲ့ သူတို့ကိုယ်ပိုင် အဲဒီလို device မျိုးထုတ်လုပ်ဖို့ စိတ်ဝင်စားနေတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ဒီ device ဟာ Windows အသုံးပြုသူတွေအတွက် သီးသန့်ဖန်တီးထားတာပဲဖြစ်ပါတယ်။ Wifi, HDMI compatibility နဲ့ USB port တို့ပါဝင်ပြီး Chromecast နဲ့ သိပ်တော့ အတူကြီးမဟုတ်ပါဘူး။ Microsoft အနေနဲ့ Google ရဲ့ Cast technology ကို သုံးမှာမဟုတ်ဘဲ၊ Wifi Alliance website ရဲ့ အဆိုအရ Miracast ကနေတစ်ဆင့် Windows Phone နဲ့ Windows laptop တွေရဲ့ Screen ကို TV ပေါ်ကို တင်ပေးမှာဖြစ်ပါတယ်။ Miracast ဟာ Google Cast လောက် အဆင်မပြေပေမယ့် စမတ်ဖုန်းနဲ့ Laptop screen တွေကို TV ပေါ်ပို့တာလောက်ကိုတော့ လုပ်ပေးနိုင်မှာပါ။

### ဘက်ထရီပြဿနာရှိနေတဲ့ iPhone 5 တွေ

တကယ်လို့ သင့် iPhone 5 မှာ ဘက်ထရီပိုင်း ပြဿနာရှိနေတယ်ဆိုရင် အဲဒါသင်တစ်ယောက်တည်းမဟုတ်ပါဘူး။ Apple အနေနဲ့ စက်တင်ဘာ ၂၀၁၂ ကနေ ဇန်နဝါရီ ၂၀၁၃ အကြား ရောင်းချခဲ့တဲ့ iPhone 5 တွေအတွက်ဘက်ထရီတွေ လဲလှယ်ပေးမှုကို ပြုလုပ်နေပြီး ဒီဖုန်းအမျိုးအစားတွေမှာ ဘက်ထရီသက်တမ်းတိုတိုပဲ သုံးနိုင်ပြီးတော့ မကြာခဏ အားပြန်ဖြည့်ပေးနေရတဲ့ ပြဿနာရှိနေပါတယ်လို့ ဝန်ခံခဲ့ပါတယ်။ တကယ်လို့ ကိုယ့်ဖုန်းရဲ့ Serial number ကို စစ်ဆေးနိုင်မယ့် serial number validator တစ်ခုကို ဖန်တီးပေးထားပြီး၊ အရင်က တစ်နှစ်သက်တမ်းကျော်သွားလို့ ဘက်ထရီလဲရာမှာ ၇၉ ဒေါ်လာပေးထားရတဲ့ လူတွေကိုလည်း ပိုက်ဆံတွေ ပြန်အမ်းပေးသွားမယ်လို့ ကတိပေးထားပါတယ်။ Apple အနေနဲ့ iPhone 5s ရဲ့ အချို့ဖုန်းတွေမှာလည်း ဒါမျိုးပြဿနာကြုံခဲ့ဖူးပြီး၊ ဒီနှစ်ခုအဆက်အစပ်ရှိတယ်၊ မရှိဘူးလို့တော့ Apple ဘက်က ဘာမှ ပြောမထားပါဘူး။

## ဈေးနှုန်းတွေချပေးခဲ့တဲ့ Dropbox




Dropbox ဟာ စတင်အသုံးပြုခွင့်ပေးခဲ့တဲ့ ပထမဦးဆုံးနေ့ကနေစလို့ cloud storage လောကမှာအကောင်းဆုံး Storage နဲ့ file syncing ဝန်ဆောင်မှုပေးသူဖြစ်လာပါတယ်။ ဒါပေမယ့်ပြဿနာက ဈေးကြီးနေတာပါ။ တည်ထောင်သူ Drew Houston အနေနဲ့ Dropbox အသုံးပြုသူတွေဟာ ဈေးနှုန်းကို မကြည့်ဘဲ ဝန်ဆောင်မှုကောင်းကိုသာ လိုချင်သူတွေဖြစ်တယ်လို့ ပြောခဲ့ဖူးပါတယ်။ ဒါပေမယ့် ပြိုင်ဘက်တွေဖြစ်တဲ့ Google Drive နဲ့ Microsoft One Drive တို့ဟာဈေးတွေလျှော့ချနေပြီး Dropbox ဟာလည်း ဈေးလျှော့ပေးဖို့ ဖိအားပေးခံခဲ့ရပါတယ်။ ဒီနေ့မှာတော့ ဒါဟာ လက်တွေ့ဖြစ်လာခဲ့ပါပြီ။ Dropbox အနေနဲ့ Dropbox Pro လို့ခေါ်တဲ့ သာမန်တစ်ဦးတည်းသုံး paid version အတွက် တစ်လကို ၉ ⋅ ၉၉ ဒေါ်လာနဲ့ 1 TB စာ အသုံးပြုခွင့်ကိုပေးခဲ့ပါတယ်။ အရင်ကတော့ ၉ ⋅ ၉၉ ဒေါ်လာဆိုတာဟာ 100 GB ပဲ သုံးနိုင်တာပါ။ နောက်တော့ 500 GB အထိ တိုးပေးခဲ့ပြီး တစ်နှစ်ကို ဒေါ်လာ ၅၀၀ အထိပေးခဲ့ရပါတယ်။ လက်ရှိ pro customer တွေအနေနဲ့ မကြာခင်ရက်ပိုင်းအတွင်းမှာ အလိုအလျောက် update ဖြစ်သွားဖို့ရှိနေပါတယ်၊ အခု သတ်မှတ်နှုန်းထားအသစ်ဟာ freelancers သမားတွေ၊ cons-ultants တွေနဲ့ solo entrepreneurs တွေအတွက် အသုံးဝင်မယ့်ဈေးနှုန်းပါ။ password ထားထားနိုင်တဲ့ link တွေကို Share လုပ်နိုင်ပြီး သတ်မှတ်ရက်ရောက်ရင် အလိုလိုပျက်သွားမယ့် link တွေကိုလည်း share လုပ်နိုင်ပါတယ်။ တချို့ file တွေကိုတော့ read only mode နဲ့ ထားထားနိုင်ပါတယ်။ Pro user တွေအနေနဲ့ ပျောက်သွားတဲ့ device တွေအတွက် data တွေကို လှမ်းပြီး ဖျက်ပစ်နိုင်မယ့် feature ကိုလည်း ထည့်သွင်းပေးထားပါတယ်။ ဒီ feature တွေဟာ တစ်လ ၁၅ ဒေါ်လာပေးနေရတဲ့ business user တွေအတွက်ပါဝင်ပြီးသားပါ။ အိမ်ခြံမြေပွဲစားတွေ၊ လက်ထပ်ပွဲတွေမှာ ဓာတ်ပုံရိုက်ကူးသူတွေကတော့ Dropbox ကို အရမ်းကိုပဲ အသုံးပြုနေကြပါတယ်။ Google အနေနဲ့ Pro ဈေးနှုန်းကို တစ်လ ၉ ⋅ ၉၉ ဒေါ်လာနဲ့ရောင်းနေပြီး 1TB အထိ ပေးထားပါတယ်။ One Drive ကတော့ Promotion ကာလသတ်မှတ်ပေးထားပြီး တစ်လ 1TB ကို 2.50 ဒေါ်လာနဲ့ ရောင်းနေတာပါ။ Amazon ကတော့ ဈေးအကြီးဆုံးပါပဲ။ 1TB ကို တစ်နှစ်စာအတွက် ဒေါ်လာ ၅၀၀ ကောက်ခံနေပြီး တစ်လကို တော့ ၄၁ ⋅ ၆၇ ဒေါ်လာ ကျသင့် ပါလိမ့်မယ်။

## ထုတ်ဝေမယ့်ရက် နောက်ဆုတ်ခဲ့တဲ့ Coin

ခရက်ဒစ်ကတ် အစားထိုး digital device တွေ ထုတ်လုပ်မယ့် Coin ကို ထောက်ခံသူတွေဟာ အခုတစ်ခေါက်မှာတော့ စိတ်ပျက်စရာသတင်းနဲ့ကြုံရပါတယ်။ လပေါင်းများစွာ ကြိုးစားဖန်တီးခဲ့ပေမယ့် ထုတ်လုပ်မယ်လို့ ကတိပေးထားတဲ့နေ့စွဲရဲ့ နောက်ဆုံးမိနစ်မှာကျမှ ဒီ device တွေဟာ လာမယ့်နွေဦးကျမှသာ hardware ပိုင်းအရ အပြီးသတ်နိုင်မယ်လို့ ကြေညာချက်ထွက်ပေါ်လာခဲ့တာပါ။ Coin အနေနဲ့ ထောက်ခံသူတွေအတွက် အကောင်းဆုံးဆောင်ရွက်ပေးနေပြီး လာမယ့်ဆောင်းတွင်းမှာတင် hardware ကို non-final beta version အနေနဲ့ ထုတ်လုပ်ပေးသွားမှာဖြစ်တယ်လို့ ထပ်မံကတိပေးခဲ့ပါတယ်။ ထောက်ခံသူတွေအနေနဲ့ အတော်လေးစိတ်ပျက်မှုတွေနဲ့တော့ ကြုံနေရပါပြီ။ အတော်လေးကို ရှည်လျားတဲ့ တောင်းပန်စာထဲမှာ ကုမ္ပဏီအနေနဲ့ ၂၀၁၄ နွေရာသီမှာ ထုတ်ဝေမယ်လို့ အရင်ကကြေညာခဲ့မှုဟာ အလွန်အမင်းအကောင်းမြင်လွန်းခဲ့တာသာဖြစ်တယ်လို့ ဝန်ခံခဲ့ပါတယ်။ ဒီအမှားကို ပြန်လည်တောင်းပန်တဲ့အနေနဲ့ beta hardware ပေါင်း တစ်သောင်းခွဲလောက်ကို အမြန်ဆုံးရောင်းချပေးဖို့ ပြင်ဆင်နေတယ်လို့လည်း ဆိုထားပါတယ်။ ဒါဟာ အရင်က ကြေညာထားချက်ထက် ၅၀ရာခိုင်နှုန်းလောက် ပိုများနေပါတယ်။

## iPhone 6 နဲ့ပတ်သက်ပြီး ကောလာဟလ သစ်များထွက်ပေါ်လာ

မနှစ်က iPhone 5S နဲ့ 5C တို့မှာလိုပဲ iPhone 6 မှာ မိုဒယ်တွေ အမျိုးမျိုးကွဲပြားလာဖို့ ရှိနေပါတယ်။ ပြင်သစ်အခြေစိုက် Apple blog တစ်ခုဖြစ်တဲ့ iGen အနေနဲ့ iPhone 6 မှုကွဲတချို့ကို ထုတ်ပြခဲ့ရင်း ဒါတွေဟာ Foxconn စက်ရုံကနေ လာတာတွေဖြစ်တယ်လို့ ဆိုထားပါတယ်။ အဓိကအချက်တွေအနေနဲ့ iPhone 6 မိုဒယ်တွေက ကင်မရာများဟာ iPod touch မှာလိုပဲ အပြင်ဘက်ကို အနည်းငယ်ထွက်နေတယ်လို့ ပြောထားပြီး၊ လက်ရှိ iPhone မိုဒယ်တွေလို body နဲ့တသားတည်းမဟုတ်ပါဘူး။ ဒုတိယတစ်ခုကတော့ ၄ ⋅ ၇ လက်မအရွယ် iPhone 6 မှာဆိုရင် 138mm အရှည်ရှိပြီး 67mm အကျယ်ရှိကာ 6.9mm အထူရှိမှာဖြစ်သလို ၅ ⋅ ၅ မိုဒယ်မှာတော့ 158mm အရှည်ရှိပြီး 77.12 ကနေ 77.79mm အထိအကျယ်ရှိကာ 7 နဲ့ 7.1mm အကြားအထူရှိမှာဖြစ်ပါတယ်။ အလေးချိန်အနေနဲ့ ၁၆၈ ⋅ ၅ ဂရမ်ကနေ ၁၈၄ ⋅ ၇ ဂရမ်အထိ ရှိနိုင်ပါတယ်။ Mac Rumors ကတော့ အခုပုံတွေဟာ ဒီရက်သတ္တပတ်စောစောပိုင်းက ထွက်ရှိထားတဲ့ ထိုင်ဝမ်အခြေစိုက် Apple blog ဖြစ်တဲ့ Apple Club က ပုံတွေကိုပဲ ပိုပြီးပြည့်ပြည့်စုံစုံနဲ့ ဖော်ပြထားတာဖြစ်တယ်လို့ ထပ်လောင်းအတည်ပြုပေးခဲ့ပါတယ်။

## Skip ရဲ့ version အသစ် Motorola ထုတ်ဝေမည်



Moto X ရဲ့ နောက်ထပ် version အသစ်ကို မထုတ်ခင်မှာတင် Skip ရဲ့ version အသစ်ကို အမိထုတ်ဖို့ Motorola ဘက်က ပြင်ဆင်နေပုံပါပဲ။ သေးငယ်တဲ့ ဒီ accessory ကို Moto X နဲ့ အတူထုတ်ဝေခဲ့တာဖြစ်ပြီး NFC ရဲ့ အကူအညီနဲ့ ဖုန်းရဲ့ Lockscreen ကို အလိုလိုဖွင့်ပေးနိုင်တဲ့ device ဖြစ်ပါတယ်။ ဒီ device ကို Motorola အနေနဲ့ အရင် version ထက် ပိုအသုံးဝင်စေမယ့် feature တွေ ထပ်ဖြည့်ပေးဖို့ရှိနေပြီး အရင် model မှာလိုပဲ home screen ကို တိုက်ရိုက်ဖွင့် ပေးမယ့်အပြင် နေရာအထားမှားနေတဲ့ ဖုန်းကိုလိုက်ရှာပေးနိုင်မယ့် feature မျိုးတွေကိုလည်း ထည့်ပေးထားဖို့ရှိနေပါတယ်။ ဥပမာအားဖြင့် အိမ်ကထွက်ကာနီး ဖုန်းကျန်ခဲ့တဲ့အခါမျိုးမှာ သတိပေးတာမျိုးတွေ ပါလာနိုင်ပါတယ်။ tracking စနစ်ဟာ အပြန်အလှန် အလုပ်လုပ်နိုင်ပြီး Skip နဲ့ ကားသော့ကို တွဲချိတ်ထားတယ်ဆိုရင် အိမ်ကထွက်ကာနီးမှာ ကားသော့မေ့နေတယ်ဆိုရင် ဖုန်းကနေပြန်ပြီး သတိပေးမှာပါ။ တကယ်လို့ဖုန်းနဲ့ Skip နဲ့ဟာ နီးကပ်တဲ့အကွာအဝေးမှာ ရှိနေသေးတယ်ဆိုရင် beep ဆက်ပေးနေပြီးရှာဖွေဖို့နဲ့ အကူအညီပေးနေမှာဖြစ်ပါတယ်။ ဘက်ထရီတစ်ခါ သွင်းထားရုံနဲ့တစ်နှစ်လောက်အသုံးပြုနိုင်မှာဖြစ်ပြီး ဈေးနှုန်းနဲ့ release လုပ်မယ့်နေ့ကိုတော့ မကြေညာရသေးပါဘူး။ ဖြစ်နိုင်တာက စက်တင်ဘာ ၄ ရက်နေ့မှာ လုပ်မယ့်ပွဲမှာ ကြေညာသွားဖို့ ဖြစ်နိုင်ပါတယ်။

# TECH NEWS UPDATE

## Amazon မှ ဂိမ်းကုမ္ပဏီ Twitch ကို သန်း ၉၇၀နဲ့ ဝယ်ယူခဲ့

Twitch ကို YouTube နဲ့ Google တို့က မဟုတ်ဘဲ Amazon ကနေ ဒေါ်လာ သန်း ၉၇၀ ဝန်းကျင်နဲ့ ဝယ်ယူခဲ့ပြီဖြစ်ပါ တယ်။ ဒီ video game streaming website ကို YouTube က ဒေါ်လာ ၁ဘီလီယံနဲ့ ဝယ်ယူမယ်လို့ သတင်းတွေ ထွက်နေပေမယ့် တကယ်တမ်းမှာတော့ Amazon က လက်ဦးမှုရယူနိုင်ခဲ့တာဖြစ်ပါတယ်။"Amazon ကို ရွေးချယ်ရတာက သူတို့ဟာ ကျွန်တော်တို့ရဲ့ community အပေါ် ယုံကြည်မှုရှိနေပြီး ကျွန်တော်တို့ရဲ့ တန်ဖိုးတွေနဲ့ ရေရှည်အမြင်တွေကို မျှဝေခံစားနိုင်သူတွေဖြစ်လို့ပါ။ သူတို့က ကျွန်တော်တို့ကို အမြန်ဆုံးအောင်မြင်မှုရှိလာအောင် ကူညီချင်စိတ်ရှိသူတွေလည်းဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အရာအားလုံးကို အပြောင်းအလဲမလုပ်ဘဲ တတ်နိုင်သမျှထိန်းထားမှာပါ။ ရုံးခန်းရော၊ ဝန်ထမ်းတွေရော၊ brand ရော အားလုံးကို ဆက်လက်ထိန်းသိမ်းထားမယ့်အပြင် Amazon နဲ့ မပတ်သက်ဘဲ တတ်နိုင်သမျှ လွတ်လွတ်လပ်လပ်ဆက်လက်လှုပ်ရှားသွားမှာဖြစ်ပါတယ်။ Amazon ရဲ့ resource တွေက Twitch ကို ပိုမိုအောင်မြင်စေမှာပါ"လို့ Twitch ရဲ့ CEO ကပြောခဲ့ပါတယ်။ "ဂိမ်းကစားပုံတွေကို Broadcasting လုပ်တာနဲ့ဝင်ကြည့်တာတွေက တစ်ကမ္ဘာလုံးမှာ ကြီးကျယ်တဲ့ ဖြစ်စဉ်ကြီးပါ။ Twitch ပေါ်မှာဆိုရင် လူသန်းပေါင်းများစွာက မိနစ်ပေါင်း ဘီလီယံနဲ့ချီပြီး ဂိမ်းကစားတာတွေကို လစဉ်လတိုင်း ဝင်ကြည့်နေကြပါတယ်" လို့ Amazon CEO Jeff Bezos က ပြောခဲ့ပါသေးတယ်။ ဂိမ်းကစားသူအများစုဟာ ဂိမ်း highlight တွေ၊ playthrough တွေကို YouTube ပေါ်တင်ပေးနေကြပေမယ့် game-streaming revolution တွေကို တော့ Twitch ပေါ်မှာပဲ လုပ်ကိုင်နေကြပါတယ်။ တစ်လကို အသုံးပြုသူ ၅၅ သန်းရှိနေပြီး ဆက်လက်တိုးတက်လာမှုတွေလည်း အများကြီးပါ။ Amazon ရဲ့ AWS နဲ့ cloud computing service တွေက Twitch ကို အများကြီးအထောက်အကူပေးမှာဖြစ်ပြီး reliability ကိုလည်း တိုးတက်လာစေပါမယ်။ Amazon ကဝယ်ရုံနဲ့တော့ Twitch အနေနှင့် သူတို့ရဲ့ မူရင်း identity ပျောက်သွားမှာ မဟုတ်ပေမယ့်၊ ဒီသဘော တူညီချက်က ရလာတဲ့ အကျိုးအမြတ်တွေကို ဘယ်လိုအသုံးပြုမယ်ဆိုတာနဲ့ ပတ်သက်ပြီး ဆုံးဖြတ်ချက်တွေချဖို့တော့ လိုအပ်နေပါတယ်။ Amazon အနေနဲ့ Comixology ကိုလည်းမကြာသေးခင်ကဝယ်ယူခဲ့ပြီး အခု ဒေါ်လာသန်း ၉၇၀တန် Twitch ကို ဝယ်ယူမှုကနေ Amazon ဘက်က ဘာတွေအကျိုးအမြတ်ရှိမယ်ဆိုတာကိုတော့ စောင့်ကြည့်ရဦးမှာပါ။




## Slide app ကို Google မှ iOS အတွက်ထုတ်ဝေ

စမတ်ဖုန်းတွေနဲ့ tablet လောကမှာ အခုထက်ထိ productivity suite တွေမှာ အပိုင်စားရထားသူရယ်လို့ မရှိသေးပါဘူး။ ဒါပေမယ့် Google အနေနဲ့ ဒါမျိုး app တစ်ခုကို ဖန်တီးနေပုံပါပဲ။ အခုကိုပဲ iPhone နဲ့ iPad တွေပေါ်မှာ presentation တွေကို လုပ်နိုင်မယ့် Slides ဆိုတဲ့ app ကို ထုတ်လုပ်ပေးခဲ့ပါတယ်။ Slide ဟာ ဒီနွေအစောပိုင်းက Android ပေါ်မှာ အရင်ဦးဆုံးထုတ်ဝေခဲ့တာဖြစ်ပြီး Docs နဲ့ Sheets app တွေကို ပြီးလက ထုတ်ဝေပြီးတဲ့ နောက်ပိုင်းမှာ ဆက်တိုက်ဆိုသလို ထုတ်ဝေပေးခဲ့တာလည်းဖြစ်ပါတယ်။ function တွေအတော်များများက အရင် Google Drive app ထဲမှာ ပါဝင်ခဲ့တာတွေပဲဆိုပေမယ့်၊ သီးခြား app အနေနဲ့ ခွဲထုတ်လိုက်တာက Google အဖို့ သူ့ app တွေကို ဖုန်းတွေနဲ့ tablet တွေပေါ်မှာ ပိုပြီးထင်ရှားအောင်လုပ်ဖို့ပဲဖြစ်ပါတယ်။ ဒါ့အပြင်ကို အခုလိုခွဲထုတ်လိုက်ခြင်းက အသုံးပြုသူတွေအဖို့ ဘာလုပ်ချင်ရင် ဘယ် app ကို သုံးရမယ်ဆိုပြီး သတ်သတ်မှတ်မှတ်ဖြစ်သွားသလို ရှာလို့လည်း လွယ်သွားပါတယ်။ Docs နဲ့ Sheets တွေကိုလည်း update လုပ်ပေးခဲ့ပြီး Microsoft Office files တွေကိုလည်း edit လုပ်နိုင်ခွင့်ပေးထားပါတယ်။

## ၂၄နာရီ စမ်းသပ်ကစားနိုင်တော့မယ့် Xbox ဂိမ်းတွေ

Xobx One ပိုင်ရှင်တွေအဖို့ ဂိမ်းတွေကို တစ်ရက်လုံးလုံး စမ်းသပ်ပြီး ကစားခွင့်ရှိတော့မှာဖြစ်ပါတယ်။ Microsoft အနေနဲ့ preview ဖြစ်တဲ့ "Free Play Day with Gold" feature ကို မကြာခင်အသုံးပြုခွင့်ပေးသွားဖို့ရှိပြီး၊ အခြားသော Xbox One ရဲ့ feature အများစုလိုပဲ Xbox Live Gold subscription လိုအပ်မှာဖြစ်ပြီး ဂိမ်းတွေရဲ့ sample တွေကို တစ်နေကုန်စမ်းသပ်ကစားခွင့်ရှိမှာဖြစ်ပါတယ်။ ဒါဟာ Xbox One နဲ့ PlayStation 4 အကြား အဓိကကွာခြားချက်ဖြစ်လာမှာလည်းဖြစ်ပါတယ်။ Sony ရဲ့ အရင် PS3 မှာတော့ PlayStation Plus subscribers တွေအနေနဲ့ နာရီနဲ့ချီပြီး အခမဲ့စမ်းသပ်ကစားခွင့်ပေးခဲ့ဖူးပေမယ့် PS4 မှာတော့ ဒါမျိုးမရှိသေးပါဘူး။ Sony ဘက်ကတော့ မကြာခင်မှာ ဒီလိုအစီအစဉ်မျိုးကို PS 4 တွေအတွက် ထည့်သွင်းပေးသွားမယ်လို့ ပြောထားပေမယ့် အခုအထိတော့ ဘာမှသတင်းမရသေးပါဘူး။ Microsoft အနေနဲ့လည်း Free Play Day with Gold ကို တရားဝင်မကြေညာသေးပေမယ့်၊ official Xbox support Twitter account မှာတော့ အခုအစီအစဉ်နဲ့ပတ်သက်ပြီး အချက်အလက်တချို့ကို မြင်ခဲ့ရပါတယ်။ Microsoft ဘက်ကတော့ ဒါဟာမှားယွင်းမှုသာဖြစ်တယ်လို့ ပြောခဲ့ပေမယ့် အခုလိုအစီအစဉ်မျိုးမရှိဘူးလို့လည်း မငြင်းဆန်ခဲ့ပါဘူး။

## CEO အသစ်ခန့်အပ်ခဲ့တဲ့ AT&T

US ရဲ့ ဒုတိယအကြီးဆုံး Carrier ဖြစ်တဲ့ AT&T Mobility အနေနဲ့ CEO အသစ်အဖြစ် Glenn Lurie ကိုခန့်အပ်ခဲ့ပြီး ၂၀၀၇ ခုနှစ်ကတည်းက CEO အဖြစ်တာဝန်ယူခဲ့တဲ့ Ralph de la Vega ရဲ့နေရာကို အစားထိုးခဲ့ပါတယ်။ Ralph ဟာ AT&T ကနေ အသစ်ဖန်တီးလိုက်တဲ့ Mobile and Business Solutions Group ကို တာဝန်ယူသွားတော့မှာပါ။ သူဟာအခုဆိုရင် CEO အသစ် Lurie နဲ့ AT&T ရဲ့ အဓိက boss ဖြစ်တဲ့ Randall Stephenson တို့ရဲ့ကြားမှာ နေရာယူထားနေပြီဖြစ်ပါတယ်။ Lurie ဟာ အရင်ကတော့ AT& T Mobility ရဲ့Emerging Enterprises and Partnerships business ဌာနကို တာဝန်ယူခဲ့ပြီး AT&T အနေနဲ့ အမေရိကန် wireless industry မှာ ဒုတိယနေရာကိုတက်လှမ်းနိုင်သည် အထိ ကြိုးပမ်းပေးရာမှာ ပါဝင်ခဲ့သူလည်းဖြစ်ပါတယ်။ ဒီလအစောပိုင်းမှာလည်း Sprint ရဲ့ CEO ဟောင်း Dan Hesse နေရာမှာ Marcelo Claure က နေရာဝင်ယူခဲ့ပါသေးတယ်။ AT&T ကတော့ CEO ဟောင်း Ralph အနေနဲ့ AT&T ကို ကမ္ဘာ့ထိပ်တန်းစမတ်ဖုန်းနဲ့ မိုဘိုင်းအင်တာနက် provider ဖြစ်အောင် ဆောင်ရွက်ပေးရာမှာ ဦးဆောင်ခဲ့ သူအဖြစ် အသိအမှတ်ပြုချီးကျူး စကားဆိုခဲ့ပါတယ်။




## *News Headline ...*

### 4K OLED TV တွေ ထုတ်မယ့် LG

LG အနေနဲ့ OLED TV နည်းပညာကို အဆင့်တစ်ခုဆီ တွန်းတင်ပေးဖို့ရှိနေပါတယ်။ အခုအခါမှာတော့ ကမ္ဘာ့ပထမဦးဆုံးသော OLED နည်းပညာသုံး 4K TV ကို ထုတ်လုပ်ခဲ့တဲ့ ကုမ္ပဏီဖြစ်လာနေပါပြီ။ ၆၅လက်မနဲ့ ၇၇လက်မအသီးသီးရှိတဲ့ 4K OLED TV တွေကို ဒီတစ်ပတ်အတွင်း တောင်ကိုရီးယားမှာ ကြိုတင်မှာယူမှုပြုနိုင်မှာဖြစ်တယ်လို့ ဆိုပါတယ်။ ၆၅လက်မမိုဒယ်ကိုတော့ ဒေါ်လာ၁၃၆၆ ပတ်ဝန်းကျင်နဲ့ ရောင်းချပေးမှာဖြစ်ပြီး စက်တင်ဘာလမှာ လက်ဝယ်ရရှိနိုင်မှာလည်းဖြစ်ပါတယ်။ ဒါပေမယ့် ၇၇လက်မအတွက်ကိုတော့ ဘယ်ဈေးနဲ့ ရောင်းမယ်၊ ဘယ်တော့ ရောင်းချနိုင်မယ်ဆိုတာတွေကို မပြောထားသေးပါဘူး။ ဒီ TV တွေဟာ webOS ပလက်ဖောင်းကို အသုံးပြုထားတာတွေလည်းဖြစ်ပါတယ်။ ဒီလစောစောပိုင်းမှာလည်း LG အနေနဲ့ ဒေါ်လာ ၃၅၀၀ တန် ၅၅လက်မ 1080p OLED မိုဒယ်တွေကို US ဈေးကွက်မှာ ရောင်းချခဲ့ပါသေးတယ်။

### Chrome for Windows အတွက် update ထွက်ရှိ

Windows 8 သုံးထားတဲ့ laptop တွေမှာ resolution ကို ပိုမြင့်သည်ထက်မြင့်အောင်မြှင့်ပေးခဲ့ပေမယ့်၊ desktop software တစ်ခုကတော့ ဟိုးနောက်မှာ ပြတ်ကျန်နေခဲ့ပါတယ်။ အဲဒါကတော့ Google Chrome ပါ။ Chrome for Mac တွေမှာတော့ Retina MacBook Pro တွေအတွက် လွန်ခဲ့တဲ့လက update လုပ်ပေးခဲ့ပေမယ့်လို့ Google အနေနဲ့ Windows အတွက် support အပြည့်အဝပေးနိုင်ရေး ၂နှစ်ကျော် အချိန်ယူခဲ့ရပါတယ်။ Chrome for Windows အသုံးပြုသူတွေက အရင်ကတော့ registry hack တွေ လုပ်ဖို့လိုပြီး optional flag တွေထည့်ပေးတာတွေနဲ့ DPI တွေ မြှင့်ပေးဖို့လိုခဲ့တာပါ။ အခု Chrome 37 မှာ resolution ကို အပြည့်အထိ တင်ပေးထားပြီး DirectWrite font rendering နည်းပညာကိုလည်း ထောက်ပံ့ပေးတာမို့ font တွေက ပိုမိုသပ်ရပ်လာပြီး animation တွေကလည်း ပို smooth ဖြစ်လာစေပါမယ်။

### ကျောင်းတွေကို Tablet လှူခဲ့တဲ့ Microsoft

Microsoft အနေနဲ့ Surface Pro 3 tablet ကို ပြန်လည်ဖန်တီးထားတဲ့ cardboard ကို ထုတ်ဝေခဲ့ပါတယ်။ တကယ်တော့ Surface tablet ကို ပုံစံပြောင်းထားတာဖြစ်ပေမယ့် cardboard version ဟာ သူ့ကိုယ်ပိုင် display နဲ့ ထုတ်လုပ်ထားတာပါ။ Microsoft အနေနဲ့ cardboard surface တွေကို ဩစတြေးလျရဲ့ ကျောင်းတွေအတွက် အခမဲ့ပေးပို့သွားဖို့ရှိနေပြီး ဒါဟာ Surface Pro 3 ကို နိုင်ငံပေါင်း ၂၅နိုင်ငံမှာ စတင်ရောင်းချခြင်းအထိမ်းအမှတ်အနေနဲ့ ပေးပို့သွားတာဖြစ်ပါတယ်။ Surface Pro နဲ့ အဓိကကွာခြားသွားတာက အားသွင်းခဲ့အပေါက်ဟာ Mini USB port ကို သုံးထားတာပါ။ Google အနေနဲ့ offline Moto Maker ကို Wired မဂ္ဂဇင်းက စာမျက်နှာတွေပေါ်မှာထည့်ပြီး စတင်ထွင်ခဲ့တာမို့ Microsoft အနေနဲ့ ဩစတြေးလျက ကျောင်းတွေကို ပစ်မှတ်ထားပြီး tablet တွေပေးပြီးတော့ marketing တွေကို လုပ်လာတာဖြစ်ပါတယ်။

### Porsche နဲ့ ပေါင်းပြီး ဖုန်းထုတ်ဦးမယ့် BlackBerry

၂၀၁၂ခုနှစ်က Porsche Design နဲ့ BlackBerry တို့ ပူးပေါင်းပြီး ပက်ပက်စက်စက်ကို ဈေးကြီးတဲ့ P'9981 limited edition အနေနဲ့ အဲဒီအချိန်က BlackBerry 9900 ဖုန်းကို ထုတ်ဝေခဲ့ဖူးပါတယ်။ နောက် ၂၀၁၃မှာတော့ Z10 ရဲ့ မူကွဲဖြစ်တဲ့ P'9982 ကို ထုတ်ဝေခဲ့ပြီး အခု ၂၀၁၄မှာလည်း P'9983 ဆိုပြီးတော့ ထုတ်ဝေဖို့ ရှိနေပါတယ်။ အနက်ရောင် သတ္တုကိုယ်ထည်နဲ့ ဖြစ်ပြီး BlackBerry ရဲ့နာမည်ကျော် hardware keyboard ကို ထည့်သွင်းပေးထားကာ ဒေါ်လာထောင်နဲ့ချီပြီးတော့ ပေးရဖို့ရှိနေပါတယ်။ Khan လို့ code name ပေးထားတဲ့ ဒီဖုန်းဟာဆိုရင် ဘယ် BlackBerry ဖုန်းကို အခြေခံထုတ်လုပ်တယ်လို့ မပြောနိုင်ပေမယ့်၊ 3GB RAM, 1.7GHz dual-core processor နဲ့ 64GB storage တို့ ပါဝင်မယ်လို့တော့ သိရပါတယ်။

# SHOP VIEW

## Tele World Mobile




### တည်နေရာ

အမှတ်(၁၀၂)၊လေးထောင့်ကန်လမ်းမကြီး၊
ဘီအိုစီမှတ်တိုင်အနီး၊
သင်္ဃန်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း ၀၉-၂၅၀၀၇၁၉၃၂

### Tele World Mobile ဆိုင်အကြောင်း

Tele World ဆိုင်ကို ၂၉-၁၀-၂၀၁၃ ခုနှစ်က အမှတ် (၁၀၂)၊ လေးထောင့်ကန်လမ်းမကြီး(ဘီအိုစီမှတ်တိုင်အနီး)၊ သင်္ဃန်းကျွန်းမြို့နယ်တွင် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ဆိုင်ခွဲဖွင့်လှစ်ထားခြင်းတော့မရှိသေးပါဘူး။ ဖွင့်ဖို့တော့ အစီအစဉ်ရှိပါတယ်။ ရန်ကုန်လိုနေရာမျိုးမှာ ဆိုင်ခွဲတွေ ဖွင့်လှစ်ဖြစ်ခဲ့မယ်ဆိုရင်တော့ လူစည်ကားရာနေရာနှင့် ဈေးကွက်ကျရာနေရာတွေမှာ ဖွင့်လှစ်ဖို့ရှိပါတယ်။ နယ်မှာလည်းဆိုင်ခွဲထပ်မဖွင့်ရသေးပါဘူး။ ဖွင့်သွားဖို့ အစီအစဉ်ရှိပါတယ်။ မန္တလေး၊ နေပြည်တော်ဘက်မှာ ထပ်ဖွင့်သွားမှာပါ။ ဆိုင်ခွဲတွေတော်တော်များများကိုတော့ ၂၀၁၅ ခုနှစ်ထဲမှာ ဖွင့်လှစ်သွားမှာပါ။ iMobile ဖုန်းကိုလည်း လက်လီလက်ကားဖြန့်ချိပေးပါတယ်။ AMC memory Card များကိုလည်း လက်လီ၊ လက်ကားရောင်းချပေးပါတယ်။ နယ်ကိုယ်စားလှယ်မှာယူလိုသူတွေကိုလည်း အကျိုးခံစားခွင့်ပေးပါတယ်။ Ooredoo ဆင်းကတ်များကိုလည်း ရောင်းချပေးပါတယ်။ ဆင်းကတ်တစ်ခုကို ငွေကျပ် ၁၂၀၀ ကျပ်နဲ့ရောင်းချပေးပါတယ်။ Ooredoo ငွေဖြည့်ကတ်များကိုလည်းလက်လီ၊ လက်ကားရောင်းချပေးပါတယ်။ ငွေဖြည့်ကတ်အမျိုးမျိုးလည်း ရရှိနိုင်ပါတယ်။

### Tele World Mobile မှ ဝန်ဆောင်မှု

Tele World မှ iMobile အမှတ်တံဆိပ် ယိုးဒယား brand Handset များဖြစ်သော (IQ,i-style, Hits) အစရှိသော model series များကို မြန်မာနိုင်ငံ၏ Authorized Distributor အဖြစ်ရောင်းချလျက်ရှိပြီး Authorize Service Center အနေဖြင့်လည်းဝန်ဆောင်မှုပေးလျက်ရှိပါသည်။ ဒါ့အပြင် Handset တစ်လုံးဝယ်ယူရုံဖြင့် Games၊ မြန်မာဖောင့်၊ Software, Application၊ တီရှပ်၊ ထီး၊ မှန်ကျပ်၊ Ooredoo Sim card နှင့် ငွေဖြည့်ကတ်များကို အခမဲ့လက်ဆောင်အဖြစ်ပေးပါသည်။ GSM ဖုန်းများအတွက် အင်တာနက်အား ဝန်ဆောင်မှုမယူဘဲလျှောက်ပေးခြင်း၊ Customer များဖုန်းပိုင်းဆိုင်ရာ အခက်အခဲများအား စိတ်ကျေနပ်မှုရရှိသည်အထိ စိတ်တိုင်းကျဝန်ဆောင်မှုပေးနေပါတယ်။ ၁ နှစ်တစ်ခါ သကြန် Promotion အနေနှင့် iMobile Handset များအား ကံစမ်းမဲဖောက်ပေးခြင်းနှင့် ကံထူးရှင်များအား ဆုချီးမြှင့်ခြင်းများ လုပ်ဆောင်ပေးပါတယ်။

### Tele World Mobile မှ ရောင်းအားအကောင်းဆုံးဖုန်း

ရောင်းအားအကောင်းဆုံးဖုန်းတွေကတော့ i Mobile IQ 5.6, Huawei Honer 3C, Samsung Galaxy V, OPPO Joy တို့ ဖြစ်ပါတယ်။




မအေးအေးမာ
ဆိုင်တာဝန်ခံ

### Tele World Mobile တွင် ဝယ်ယူရရှိနိုင်သောဟန်းဆက်များ

အရည်အသွေးကောင်းမွန်ပြီး စိတ်ချရသော ယိုးဒယား branded i-mobile အမှတ်တံဆိပ် Handset များအပြင် နာမည်ကြီး branded များဖြစ်သော LG,Samsung, Huawei, Coolpad, Nokia, Sony, OPPO, Singtech စသော Handset များနှင့် keypad (အနိမ့်)ဖုန်းများ၊ အကြမ်းခံ၊ ရေစိမ်ခံသည့် Rug Gear အမည်ရှိဖုန်းများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချလျက်ရှိပါသည်။ လိုင်းကတ်မျိုးစုံနှင့် တွဲဖက်အသုံးပြုရသော Handset များကိုလည်း ဈေးနှုန်းမှန်ကန်စွာနှင့် ရောင်းချလျက်ရှိပါသည်။

### Tele World Mobile တွင် ဝယ်ယူလျှင် စိတ်ချရသောအချက်များ

Tele World မှ ဝယ်ယူသော အမြင့် Handset တိုင်းအတွက် တိကျသေချာတဲ့ Service Warranty ပေးထားပြီး ပြင်ပမှလာရောက်ပြုပြင်သည့် Handset များရဲ့ Software/hardware ပိုင်းဆိုင်ရာ အခက်အခဲများကို Customer များ စိတ်တိုင်းကျသည်အထိ ပြုပြင်ပေးမှာဖြစ်ပါတယ်။

## ဆိုင်ရဲ့တစ်ပတ်အတွင်း အရောင်းရဆုံးဖုန်းများ




### i Mobile IQ 5.6

- Network - GSM (Dual Sim)
- Display - 6 inches
- Storage - Internal 4GB
- OS - Android OS,v4.2
- Camera - 12 MP
- CPU - Quad Core 1.3GHz

### Samsung Galaxy V

- Network - 3G/GSM
- Display - 4 inches
- Camera - 3 MP
- Memory - Cardslot
- OS - Android OS
- Bluetooth - Yes







### Huawei Honor 3C

- Network - GSM
- Display - 5.0 inches
- Storage - up to 32GB
- Camera - 8 MP
- CPU - Quad Core 1.3GHz
- OS - Android OS,v4.2.2

### OPPO Joy

- Network - 2G, 3G
- Display - 4 inches
- Storage - up to 32GB
- Camera - 3.0 MP
- OS - Android OS,v4.2.2




### Tele World Mobile မှပေးချင်သော Message

Tele World ဆိုင်မှ Customer များ၏ စိတ်ကျေနပ်မှုသည် Tele World ၏ အောင်မြင်မှုဟု အစဉ်အလေးထားလျက် အကောင်းဆုံးသော ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အပတ်စဉ်၊ လစဉ် ဈေးနှုန်း (သို့) လက်ဆောင် Promotion များကိုလည်း အခါအားလျော်စွာ ပြုလုပ်ပေးနေပါတယ်။ ဈေးနှုန်းမှန်၊ ပစ္စည်းမှန်၊ အရည်အသွေးကောင်းမှသုံးချင်သော Customer များအနေဖြင့် ဝယ်ယူလိုက်သော ဖုန်းတစ်လုံးနှင့်အတူ စိတ်ချမ်းသာမှုအား ပိုင်ဆိုင်ချင်လျှင် Tele World သို့ ကြွခဲ့ပါလို့ ဖိတ်ခေါ်လိုက်ပါတယ်။



မကြာမီမှာ စက်တင်ဘာလကို ရောက်ရှိတော့မှာဖြစ်တာကြောင့် စမတ်ဖုန်းသုံးစွဲသူများအတွက် စိတ်ဝင်စားဖွယ်ကောင်းသော သတင်းစကားများကို ကြားသိရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ဇူလိုင်း ၉ရက်နေ့တွင် နာမည်ကျော် နည်းပညာကုမ္ပဏီတစ်ခုဖြစ်သော apple မှ သူ့ရဲ့ ဟန်းဆက်အသစ် iPhone 6 ကို မိတ်ဆက်မယ်ဆိုပြီး သတင်းစကားတွေ ထွက်ပေါ်နေတာကြောင့်ဖြစ်ပါတယ်။ iPhone 5S နှင့် 5C တို့ဟာ ဈေးနှုန်း ကြီးမားတာကြောင့် အချို့လူတွေဟာ ဝယ်ယူသုံးစွဲနိုင်မှုမရှိပါဘူး။ ဒါပေမယ့် apple ကို ကြိုက်နှစ်သက်သော အမာခံ ပရိသတ်တွေရှိတာကြောင့် အသစ်ထွက်ရှိမယ့် iPhone ဟာလည်း အရောင်း အဝယ်ကောင်းဦးမှာဖြစ်ပါတယ်။ apple ကတော့ ပစ္စည်းအသစ်များကို မကြာ ခဏရောင်းချလေ့မရှိပါဘူး။ ဒါပေမယ့် apple ရဲ့ ပြိုင်ဘက် (သို့) တရားစွဲ ဖော်စွဲဖက်တစ်ဖြစ်လည်း ဈေးကွက်ဝေစုလုနေသည့် Samsung ကတော့ အကောင်းစားဖုန်းအသစ်တစ်လုံး မိတ်ဆက်ပြီးချိန်မှာ နောက်ထပ်လည်း စွမ်းရည်မျိုးစုံနှင့် လူတန်းစား အမျိုးမျိုးအသုံးပြုနိုင်သော ဖုန်းများကို မကြာခဏမိတ်ဆက်ရောင်းချလေ့ရှိပါတယ်။ ယခုလက်ရှိတွင် Samsung ဟာ Galaxy S5 နှင့် Tablet ထဲမှာဆိုရင် မျက်နှာပြင်အရွယ်အစားနှစ်မျိုးရှိသော Tab S တို့ကိုသာ Showroom များတွင် အသားပေးကြော်ငြာနေပါတယ်။ ပြည်တွင်း အတွက်တော့ ယခုအချိန်၌ ပြည်ပအော်ပရေတာတစ်ခုမှ ရောင်းချပေးထားသော SIM Card နှင့် တွဲဖက်အသုံးပြုနိုင်အောင် Galaxy ဖုန်းအသစ်တစ်မျိုးကို တင်သွင်းရောင်းချပေးထားပါတယ်။ ထိုဖုန်းဟာ ဈေးနှုန်းတန်ဖိုးအားဖြင့်လည်း နည်းပါးပြီး စွမ်းရည်ကတော့ အလယ်အလတ်အဆင့်ရှိပါတယ်။ ထပ်ဖိုးဝန်ဆောင် မှုများကိုလည်း ပေးစွမ်းထားပါတယ်။ Samsung ရဲ့ လက်ရှိသူရဲကောင်း S5 ကို ၂၀၁၄ခုနှစ် ဧပြီလကထုတ်လုပ်ရောင်းချပေးတာ ဖြစ်ပါတယ်။ S5 ဟာ မော်ဒယ်နံပါတ်မျိုးကွဲများစွာဖြင့် ဒေသအနှံ့အပြားကို တင်ပို့ရောင်းချတာဖြစ်ပါတယ်။ Europe အတွက် မော်ဒယ်နံပါတ်က SM-G900F ဖြစ်ပြီး Asia အတွက်ကတော့ SM-G900I ဖြစ်ကာ၊ ကိုရီးယားဈေးကွက်အတွက်ကိုတော့ SM-G900K/ G900L/ G900S တွေကို ထုတ်လုပ်ပေးထားပါတယ်။ Vodafone အတွက်မော်ဒယ်နံပါတ် ကတော့ SM-G900M ဖြစ်ပြီး AT&T အတွက် မော်ဒယ်နံပါတ်ဟာ SM-G900A ပါ။ SM-G900T ကတော့ T- Mobile အတွက်ဖြစ်ပါတယ်။ Version အကုန်လုံးက 2G network အထောက်အပံ့ရရှိမှာဖြစ်ပြီး 3G နှင့် 4G network အထိအသုံးပြုနိုင်မယ့် မော်ဒယ်နံပါတ်တွေကတော့ SM-G900F, SM-G900M, SM-G900A နှင့် SM-G900T တို့ဖြစ်ပါတယ်။ Super AMOLED Capacitive touchscreen က 5.1 inches အကျယ်အဝန်းရှိမှာဖြစ်ပြီး pixels ပမာဏထောက်ပံ့ပေးမှုအနေဖြင့် ကတော့ 1080 x 1920 ပါရှိပါတယ်။ ppi သိပ်သည်းဆကတော့ 432 ဖြစ်ပါတယ်။ အကြမ်းခံနိုင်သော ဖုန်းမျက်နှာပြင်ဖြစ်စေဖို့အတွက် Gorilla Glass 3 ဖုံးအုပ် ပေးထားပါတယ်။ Samsung ဟာ S5 မှာ Fingerprint sensor ကို home button ရဲ့ အပေါ်ဘက်နားမျက်နှာပြင်ရဲ့ အောက်ဆုံးဘက်မှာ dotpad လေးနဲ့ ဖော်ပြ ပေးထားပါတယ်။ အဲဒီအပေါ်ကို လက်ချောင်းလေးဖြင့် အသာပွတ်ဆွဲလိုက်ရုံနဲ့ အသုံးပြုနိုင်မှာဖြစ်ပြီး ဒီစနစ်နဲ့ပဲ Samsung account password, PayPal password အဖြစ်အသုံးပြုနိုင်ပါမယ်။ Heart Rate Sensor (နှလုံးခုန်နှုန်းတိုင်းတာ စနစ် Sensor)ကို ထည့်သွင်းပေးထားပါတယ်။ ဖုန်းရဲ့နောက်ကျောဘက်မှာ ပါဝင်တဲ့ Sensor ပေါ်ကို လက်ချောင်းလေးတင်ကာ ကိုယ့်ရဲ့နှလုံးခုန်နှုန်းကို ချက်ချင်းတိုင်းတာနိုင်တဲ့အတွက် မိမိရဲ့ကျန်းမာရေးအခြေအနေကို ဂရုတစိုက် သိရှိနိုင်မှာဖြစ်ပါတယ်။ IP 67 အသိအမှတ်ပြုထားတာကြောင့်လည်း ရေအနက် ၁မီတာမှာ မိနစ် ၃၀နီးပါးခံနိုင်စွမ်းရှိပါတယ်။ မှတ်ဉာဏ်ပမာဏအနေဖြင့် RAM က 2GB နှင့် Internal storage က 16GB/ 32GB ဆိုပြီး နှစ်မျိုးနှစ်စားရှိပါတယ်။ 128 GB အထိ မှတ်ဉာဏ်ပမာဏကို ချဲ့ထွင်အသုံးပြုနိုင်ပါမယ်။ အဓိကကင်မရာက 16MP စွမ်းရည်ရှိပြီး ရှေ့ကင်မရာငယ်ကတော့ 2MP စွမ်းရည်ဖြစ်ပါတယ်။ Android OS, v4.4.2 ဖြင့် ဖုန်းကို အသုံးပြုနိုင်မှာဖြစ်ကာ CPU စွမ်းရည်ကတော့ Quad-core 2.5GHz ဖြစ်ပါတယ်။ အားသွင်းအသုံးပြုရမယ့် ဘက်ထရီ အမျိုးအစားကတော့ Li-Ion 2800mAh ဖြစ်တာကြောင့် စကားပြောဆိုဖို့အတွက် ၂၁နာရီနီးပါးနှင့် သီချင်းနားထောင်ရန် ၆၇နာရီနီးပါး ခံနိုင်စွမ်းရှိမှာဖြစ်ပါတယ်။ အခြားစွမ်း ဆောင်ရည်ကောင်းသော စနစ်များစွာအသုံးပြုနိုင်သည့် S5 ကို လှပသော အရောင်များစွာဖြင့်လည်း ထုတ်လုပ်ရောင်းချပေးထားပါတယ်။

## Samsung Galaxy S5

# Behind scene

MODEL : AYE CHAN MOE , PHOTO : PETER MINN SETT,
MAKE UP : BRITNEY, LOCATION : 68 RESIDENCE GALLERY,
ACCESSORIES : $O_2$ TELECOM CO.,LTD

# GAME iOS










ကိုယ်ဟာနယ်လှည့်ခရီးတွေထွက်ပြီး ဖျော်ဖြေပွဲတွေ တစ်ပွဲပြီးတစ်ပွဲလုပ်ရင်းအောင်မြင်ကျော်ကြားလာမယ့် တီးဝိုင်းတစ်ခုကို ထူထောင်ချင်တဲ့သူလို့ ထင်နေပါသလား။ ဒါဆိုရင်တော့ အခုဂိမ်းဟာ ခင်ဗျားအတွက်ပါပဲ။ အခုတစ်ပတ်မှာ Apple ရဲ့ App Store ကိုရောက်လာခဲ့တဲ့ ဂိမ်းတစ်ခုဖြစ်သည့် TourStar ဟာဆိုရင် ပါတီတွေမှာ၊ ကျောင်းကပွဲတွေမှာ၊ ကလပ်တွေမှာ လိုက်လံသီဆိုတီးခတ်ရင်း တီးဝိုင်းကိုနာမည်ကြီးလာအောင် လုပ်ရမယ့် ဂိမ်းတစ်ခုပါ။ ကစားသူဟာ ပွဲတွေမှာတီးခတ်ရမယ်။ ပါတီတွေ၊ ကလပ်တွေကိုသွားရမယ်၊ ပိုပြီးနာမည်ကြီးလာရင် ကိုယ့်အဖွဲ့ကိုဖိတ်ထားတဲ့ မြို့တွေအနှံ့လျှောက်သွားရင်း တီးပေး ဆိုပေးရမယ်။ အခွေတွေထုတ်ရမယ်။ Simple တွေဖြန့်ရမယ် စသဖြင့် အဆိုတော်အဖွဲ့တွေလုပ်တဲ့အတိုင်းလုပ်ရမှာပဲဖြစ်ပါတယ်။ ဂိမ်းထဲက ပိုက်ဆံတွေကိုတော့ တီးဝိုင်းတွေလိုက်တီးပေးတာ၊ ပွဲလက်မှတ်တွေရောင်းတာတွေကနေရမှာပါ။ ကိုယ်ကပိုပိုပြီးနာမည်ကြီးလာလေလေ၊ ပိုက်ဆံတွေပိုရလေလေပါပဲ။ (ဝမ်းသာစရာတစ်ခုက အဲဒီဂိမ်းထဲက ပိုက်ဆံတွေနဲ့ တကယ့်အပြင်က Show ပွဲတွေကိုသွားကြည့်နိုင်မယ့် လက်မှတ်တွေကို ဝယ်လို့ရတဲ့ Option ကိုထည့်ထားပေးတာပါပဲ) အဲဒီရလာတဲ့ ပိုက်ဆံတွေကိုသုံးပြီးတော့ Player တွေခေါ်တာ၊ အဖွဲ့ဝင်တွေအားဖြည့်တာ၊ တူရိယာပစ္စည်းတွေနဲ့ Special effect တွေ ယ်ယူတာတွေလုပ်နိုင် ပါတယ်။ အဲဒီလို ဝယ်ယူမှုတွေက Brand ရဲ့ နာမည်ကြီးမှုဝင်ငွေရမှုနဲ့ ဂိမ်းရဲ့အဓိက လျှို့ဝှက်ချက်ဖြစ်တဲ့ Hype တွေကိုပါတိုးလာစေမှာပါ။ Fame Level တက်လာလေလေ ပိုက်ဆံပိုရမယ့်၊ နာမည်ပိုကြီးမယ့် ပွဲကြီးတွေမှာ ပါဝင်ခွင့်ပိုရလေလေပါပဲ။ ဂိမ်းထဲမှာ Energy System ပါဝင်လာပြီး Tour တွေထွက်ပါများလေလေ၊ Energy ကတိုးလာလေလေပါ။ energy ကိုသွားပြီး in-game activities တွေဖြစ်တဲ့ Spa သွားတာဖြစ်ဖြစ်လုပ်ပြီး energy ကို ခဏဖြစ်ဖြစ်ပြန်ဖြည့်နိုင်ပါတယ်။ Tour Transportation တွေကို upgrade လုပ်ထားတာက energy ကုန်ဆုံးမှုကိုသက်သာစေပြီး in-app purchase တွေကနေလည်း energy တွေ restore လုပ်ယူနိုင်ပါတယ်။ ဂိမ်းရဲ့ အဓိကပြဿနာ ၂ ခုက ဂိမ်းရဲ့ အဆုံးသတ်ကိုမြန်မြန်ရောက်သွားတာပါပဲ၊ ၄၊ ၅ နာရီလောက်ကစားလိုက်ရုံနဲ့ ဂိမ်းထဲမှာဘာလုပ်ရင်ဘာဖြစ်မယ်၊ ပိုက်ဆံတွေဘယ်လိုရှာရမယ်ဆိုတာ အလွယ်လေးသိသွားပြီး ခဏလေးနဲ့ အဆုံးသတ်ကို ရောက်သွားနိုင်ပါတယ်။ နောက်ဒုတိယပြဿနာက ခဏခဏ Crash ဖြစ်တာပါ။ တစ်ခါ Crash ဖြစ်သွားလိုက်၊ ပြန်ထွက်ပြီး ပြန်ဆော့လိုက်နဲ့ တော်တော်လေး စိတ်ပျက်စရာပါပဲ။ တကယ့်အပြင်မှာ Band တစ်ခုမဖွဲ့နိုင်ပေမယ့် ဂိမ်းမှာ Tour တွေထွက်ပြီး Band တစ်ခုကို ထိန်းချုပ်ရသလို ခံစားမှုမျိုးလိုချင်သူတွေအတွက်ကတော့ ဒီဂိမ်းက ကျေနပ်စရာပါ။ Apple Store မှာအခမဲ့ရနိုင်ပြီး ကစားမယ်ဆိုရင်တော့၊ iOS 6.0 နဲ့အထက်လိုအပ်ပါမယ်။







## Console Price

| | |
|---|---|
| PS3 Super Slim ODE + 250GB | - 500,000 |
| PS4-500GB | - 550,000 |
| Xbox360 Slim 4GB (RGH) | - 410,000 |
| Xbox360 Kinect Sensor | - 120,000 |
| PSP Go (Japan) | - 220,000 |
| PSP-3000 (Japan) | - 190,000 |
| PS Vita (US) | - 300,000 |
| Nintendo Wii (US) | - 280,000 |
| Nintendo Wii U (US) | - 420,000 |
| Nintendo 3DS XL(Original) | - 280,000 |
| Nintendo 3DS XL (Jailbreak) | - 300,000 |
| Nintendo 3DS Gateway Card | - 90,000 |
| PS3 System Version upgrade | - 10,000 |
| Xbox360 LT 3.0 upgrade | - 25,000 |
| Xbox360 RGH Jailbreak Service | - 100,000 |
| Wii modify | - 35,000 |
| Wii U Modify | - 40,000 |
| PS3 Original Controller | - 55,000 |
| Xbox 360 Original Controller | - 55,000 |
| Xbox 360 Original Wired Controller | - 35,000 |
| PC Game Discs | - 1,000 |
| PS3 Game install | - 25,00 |
| Xbox 360 game discs/install | - 25,00 |
| Wii Game Discs | - 2,000 |

***အဆိုပါ video game console နှင့် accessory တန်ဖိုးများကို Game Hive (ဖုန်းနံပါတ် 09 7311 8550, 09 541 7272) မှ ကူညီပါသည်။***

## Local Updates




ယခုအပတ်အတွင်း Video Game ဈေးကွက်အတွင်းသို့ PC ဂိမ်းသစ်အဖြစ် ရေအောက်အတွင်း အမဲလိုက်ရသည့် Depth Hunter 2 အမည်ရဂိမ်းသစ်နှင့်အတူ Simulation ဂိမ်းသစ်များထွက်ရှိလာပါတယ်။ Graphic ပိုင်းကောင်းမွန်ပြီးရေအောက်တွင်းအလှအပရှုခင်းများလည်းပါဝင်သည့် Depth Hunter 2 တွင် ကစားသူဟာ ပင်လယ်မျိုးစုံသို့ ခရီးနှင်ကာ ရေအောက်သတ္တဝါများကိုရှာဖွေရမှာဖြစ်ပါတယ်။ Simulation ဂိမ်းသစ်များအဖြစ် အာကာသယာဉ်တည်ဆောက်ရသော Kerbal Space Program, ခွဲစိတ်ဆရာဝန်နေရာမှဝင်ရောက်ကစားရမည့် Surgeon Simu-lator Anniversary Edition နှင့် Space Simulation ဂိမ်းသစ်များဆက်လက်ဝင်ရောက်လာပါတယ်။

PC, PS3 နှင့် Xbox360 ဂိမ်းစက်များအတွက်လည်းနာမည်ကျော် Adventure ဂိမ်းစီးရီး The Walking Dead Season2 ၏ ဇာတ်သိမ်း Episode 5 ထွက်ရှိလာပြီး Clementine နေရာမှနေ၍ ဖုတ်ကောင်များရန်မှလွတ်မြောက်အောင်ကြိုးပမ်းရပုံကို ဇာတ်လမ်းအသားပေးတင်ဆက်ထားသော ဂိမ်းဖြစ်ကြောင်းသိရှိရပါတယ်။ အဆိုပါဂိမ်းသစ်များကို GAME HIVE ဖုန်းနံပါတ် ၀၉-၇၃၁၁ ၈၅၅၀ နှင့် ၀၉-၅၄၁၇၂၇၂ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်းသိရှိရပါတယ်။

## Hot News

### ဂိမ်း Add-on တွေ ရောင်းချသွားမယ့် EA

EA အနေနဲ့ Battlefield နဲ့ Mass Effect တို့ကို ထုတ်လုပ်ပြီးတဲ့နောက်မှာ ဒီနှစ်ထဲမှာပဲ၊ အဲဒီဂိမ်းတွေရဲ့ add-on တွေကိုဆက်လက်ထုတ်လုပ်သွားမယ်လို့ပြောခဲ့ပါတယ်။ Bloomberg ရဲ့ အဆိုအရ EA အနေနဲ့ ဒီ Content Sales တွေကနေ လက်ရှိဘဏ္ဍာရေးနှစ်မှာ ဒေါ်လာ ဘီလီယံလောက်ရဖို့ရှိမယ်လို့ခန့်မှန်းထားကြောင်း ပြောပါတယ်။ Madden NFL 15 အပါအဝင် EA Sport ဂိမ်းတွေရဲ့ add-on တွေကိုလည်းရောင်းချသွားမှာဖြစ်ပြီး NFL 15 မှာတော့ စချင်းမှာ Ultimate Team Mode ဆိုတာတွေနဲ့ဒေါ်လာ ၆၀ တန် add-on တွေရောင်းသွားမှာပါ။ အဲဒီ Mode တွေမှာဆိုရင် ဂိမ်းထဲကကစားသမားတွေကိုတကယ့်ပိုက်ဆံနဲ့ရောင်းတာဝယ်တာတွေလုပ်နိုင်စေမှာဖြစ်ပါတယ်။ Battlefield Hardline၊ Dragon Age : Inquisition နဲ့ The Sims 4 တို့အတွက် Add-On တွေမကြာခင်ထွက်လာဖို့ရှိပြီး EA Sports Tittles တွေကနေပဲဒေါ်လာ ၁ ဘီလီယံလောက်ရနိုင်မယ်လို့ခန့်မှန်းကြောင်းလည်း ပြောထားပါတယ်။



# MG FEATURE

## Tab 4 NOOK




Barnes & Noble ဟာ ပထမဦးဆုံးအနေနဲ့သူတို့ရဲ့ Tablet တစ်ဖြစ်လည်း Nook ကို ဈေးကွက်ထိုးဖောက်မှုအရ အောင်မြင်လျက်ရှိနေတဲ့ ဆမ်ဆောင်းနဲ့ ပူးပေါင်းပြီးတော့ Galaxy Tab 4 Nook ကို စတင်မိတ်ဆက်လိုက်ပါပြီ။ သူ့ရဲ့အဓိကအားသာချက်တွေအနေနဲ့ ရှည်ကြာတဲ့ ဘက်ထရီသက်တမ်းနဲ့ မိမိစိတ်ဝင်တစားဖတ်ရှုလို့ရနိုင်မယ့် စာအုပ်တွေကို ရရှိနိုင်မယ့်အပြင် Google Play Store ကိုလည်း အပြည့်အဝအသုံးချနိုင်ဖွယ်ရှိမှာဖြစ်ပါတယ်။ ဒါ့အပြင် Tablet တွေထဲမှာ ပေါ့ပါးတဲ့ အလေးချိန်နဲ့ ရရှိမှာပါ။ သူ့ရဲ့အားနည်းချက်တချို့ကတော့ လုံလောက်တဲ့ Storage ကိုရရှိမှာမဟုတ်ဘဲ မျက်နှာပြင်ကလည်း အနည်းငယ်နိမ့်တဲ့ Resolution တွေသာဖော်ပြပေးမှာဖြစ်ပါတယ်။ ဒေါ်လာ ၁၇၉ သာ ကျသင့်မှာဖြစ်တာကြောင့် ဈေးနှုန်းအရသက်သာလွန်းပြီး ဒီဈေးနှုန်းကြောင့်ပဲ သူ့ရဲ့စွမ်းဆောင်ရည်ပိုင်းမှာ အနည်းငယ်နိမ့်ပြီး အခြား Tablet တွေမှာပါဝင်တဲ့ ထိန်းချုပ်မှုပိုင်းတွေကိုလည်း လက်လွှတ်ရဖွယ်ရှိပါတယ်။ ဒါပေမယ့် သူ့ရဲ့ အဓိကပါတနာဖြစ်တဲ့ ဆမ်ဆောင်းနဲ့ပေါင်းစပ်ထားတာကြောင့်လည်း စာအုပ်သီးသန့်ဖတ်ရှုလိုသူတွေအတွက် အဆင်ပြေနိုင်မှာဖြစ်ပါတယ်။ သင့်အနေနဲ့ မှတ်စုတွေကို မှတ်သားသိမ်းဆည်းထားနိုင်မယ့်အပြင် ကလေးငယ်တွေအတွက် ဖတ်ရှုချင်စရာ ပုံပြင်တွေကိုလည်းရရှိနိုင်မှာဖြစ်ပါတယ်။ အခမဲ့ရရှိနိုင်တဲ့စာအုပ်တွေဟာ သင့်ကိုဆွဲဆောင်နေမှာဖြစ်ပြီး Amazon , Asus, Google တို့ကထုတ်တဲ့ ထုတ်ကုန်တွေကို အကောင်းဆုံးယှဉ်ပြိုင်နိုင်ပါလိမ့်မယ်။



### Design

သူ့ရဲ့အသွင်အပြင်ဟာ ဆမ်ဆောင်းရဲ့ မိသားစုဝင်ဖြစ်တဲ့ Tablet တွေရဲ့ အသွင်အပြင်အတိုင်းပဲ ထွက်ရှိလာတယ်ဆိုပေမယ့် ဒါကတော့ သင့်အတွက် မှတ်စုစာအုပ်ကလေးပါ။ Nook မှာအခြား Tablet တွေမှာမြင်တွေ့ရတဲ့ ပုံစံမျိုးတွေကနေ ခွဲထွက်လာမှာဖြစ်ပြီး တိုင်းထွာချက်တွေအရတော့ သူ့ရဲ့အဓိကပြိုင်ဘက်တွေဖြစ်တဲ့ Kindle Fire HDX ၊ Google Nexus 7 ၊ Asus MoMo Pad တို့ထက် ပိုမိုပါးလွှာတဲ့ဒီဇိုင်းကိုရရှိမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် 7.36×4.25×0.35" သာရှိမှာဖြစ်တာကြောင့်ပါ။ ဒါ့အပြင် 9.74 အောင်စအလေးချိန်သာရှိတာကြောင့် အခြား 7" Tablet တွေထက်စာလျှင် ပိုမိုပေါ့ပါးပါတယ်။ ဘာကြောင့်လဲဆိုရင် ပြိုင်ဘက် Tablet တွေအားလုံးဟာ ဆယ်အောင်စကျော် အလေးချိန်ရှိတာကြောင့် ဖြစ်ပါတယ်။ 7" Display ဟာ ဘေးဘောင်တွေရဲ့ အကျယ်ကြောင့် သေးငယ်တယ်လို့ ထင်ရပြီး အရှေ့ဘက်မျက်နှာစာရဲ့အပေါ်ဘက်မှာ 1.3MP Camera တပ်ဆင်ထားတာကိုတွေ့ရမှာဖြစ်ပါတယ်။ အောက်ဘက်အလယ်မှာတော့ Home Button ဖြစ်ပြီး သူ့ရဲ့ ဘေးတစ်ဖက်တစ်ချက်မှာတော့ Menu Button နဲ့ Back Button တို့ကိုတွေ့မြင်ရမှာဖြစ်ပါတယ်။ နောက်ကျောဘက် အလယ်တည့်တည့် ထိပ်ဆုံးမှာတော့ 5MP Camera ကို မြင်တွေ့ရမှာဖြစ်ပြီး တပ်ဆင်ထားတဲ့ Speaker တွေရဲ့အရည်အသွေးကလည်း သင့်အတွက် သာယာနာပျော်ဖွယ်သံစဉ်တွေကို လွှင့်ထုတ်ပေးမှာပါ။ ဒါ့အပြင်သူ့မှာ SD Card ထည့်သွင်းနိုင်ဖို့အတွက် Slot ပါဝင်ပြီး 32GB အထိ ထောက်ပံ့မှုရှိပါတယ်။ ဒီလိုထောက်ပံ့မှုမျိုးကို Kindle Fire HDX နဲ့ Nexus 7 တို့မှာ ပါဝင်မှာမဟုတ်ပါဘူး။ Nook အတွက်ကတော့ ထပ်မံတိုးချဲ့မှုဟာလိုအပ်ပါလိမ့်မယ်။ တစ်ပါတည်းပါဝင်လာတဲ့ သိမ်းဆည်းနိုင်မှုဟာ 8GB ဖြစ်ပြီး Application Install ပြုလုပ်မှုနဲ့ အခြားချိတ်ဆက်မှုတွေအတွက် 2.4GB နေရာလွတ်တော့ပေးရမှာဖြစ်တာကြောင့်ပါ။

### Display

Nook ရဲ့ အဓိကအားနည်းချက်လို့ပြောနိုင်တာကတော့ မျက်နှာပြင်ဖော်ပြနိုင်စွမ်းပဲဖြစ်ပါတယ်။ အခြား Tablet တွေနဲ့ ယှဉ်လိုက်တဲ့အခါကျရင် သူ့ရဲ့ပေးစွမ်းမှုဟာ 1280×800 pixels သာရှိမှာဖြစ်ပြီး 216ppi သိပ်သည်းဆပဲ ရှိတာကြောင့် ရှင်းလင်းပီသတဲ့ ရုပ်ထွက်တွေကိုရရှိမှာ မဟုတ်ပါဘူး။ ဘယ်သူတွေနဲ့သွားတူလဲဆိုရင် သူဟာ Fire HD နှင့် MoMo Pad 7 တို့နဲ့ အရည်အသွေးသွားတူညီနေပါတယ်။ နောက်ပိုင်းထွက် Tablet တွေဖြစ်တဲ့ Kindle Fire HDX နဲ့ Nexus 7 တို့ကိုတော့ ယှဉ်နိုင်မှာမဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုရင် သူတို့နှစ်ခုလုံးဟာ 1920×1200 HD အရည်အသွေးဖော်ပြနိုင်စွမ်းရှိမှာဖြစ်တာကြောင့်ပါ။ မျက်နှာပြင် တောက်ပမှုအပိုင်းမှာလည်း ကွာဟသွားမှာဖြစ်ပြီး အခြား Tablet တွေနဲ့ ယှဉ်လိုက်ရင်နောက်ကောက်ကျ ကျန်ခဲ့ပါလိမ့်မယ်။ အဓိကအားဖြင့် ppi နည်းတာကြောင့်လည်းဖြစ်ပါတယ်။ ကာလာတွေ ထုတ်လွှင့်ပေးနိုင်မှုအပိုင်းမှာလည်း 69% နည်းပါးလောက်သာ တိကျသေချာတဲ့ အရောင်တွေကိုမြင်တွေ့ရမှာဖြစ်ပါတယ်။ Guradians of the Galaxy လိုရုပ်ရှင်ကားတွေကို ကြည့်ရှုတဲ့အခါမှာ HD ရုပ်ထွက်အပြည့်အဝ ထောက်ပံ့မှုမပေးနိုင်တာကြောင့် သဘာဝအရောင်အတိုင်းလောက်သာ မြင်တွေ့နိုင်စွမ်းရှိပါလိမ့်မယ်။ စာအုပ်တွေကို ဖတ်ရှုနိုင်ဖို့အတွက်ကတော့ e-ink Screen အထောက်အပံ့မဟုတ်ပေမယ့်လည်း နေရောင်တိုက်ရိုက်ကျတဲ့နေရာတွေမှာ ကြည့်ရှုနိုင်မှာဖြစ်ပြီး တချို့စာလုံးတွေကိုတော့ ဝေဝါးစေပါတယ်။ အသံအရည်အသွေးကလည်း Kindle Tablet တွေနဲ့ ပုံစံပိုင်းမှာသွားတူညီပြီး မိမိအနီးအနားပတ်ဝန်းကျင်ကို စူးရှတဲ့အသံတွေပေးစွမ်းမှာဖြစ်ပါတယ်။ ဒါကတော့ သင့်အတွက် အသံအရည်အသွေးထက်စာလျှင် ebook ဖတ်ရှုမှုကို ပိုမိုအားပြုရင်ကောင်းပါလိမ့်မယ်။




### Interface

ယခုနှစ်အကုန်မှာရောင်းချမယ့် Tab 4 Nook ဟာ Android 4.4.2 Kitkat နဲ့ သုံးစွဲနိုင်မှာဖြစ်ပြီး ၎င်းနဲ့အတူ ဆမ်ဆောင်းရဲ့ Touchwiz UI ကိုလည်းတွေ့ရှိရဦးမှာပါ။ ဒါ့အပြင် Barnes & Noble ရဲ့ ထောက်ပံ့မှုတွေကိုလည်းရရှိဦးမှာဖြစ်ပါတယ်။ OS ရဲ့ ထိမိသေချာတဲ့အတွေ့အကြုံတွေနဲ့အတူ ဆမ်ဆောင်းရဲ့ အကောင်းဆုံး Feature တွေကို လည်းထည့်သွင်းပေးထားပါတယ်။ Application တွေကို မိမိကြိုက်နှစ်သက်တဲ့ပုံစံတွေ သတ်မှတ်ထားနိုင်မှာဖြစ်ပြီး အခြား Galaxy Device တွေပုံစံလိုမျိုး Svoice နဲ့ Social Feed တွေကို ရှာဖွေသုံးစွဲနိုင်မှာဖြစ်ပါတယ်။ စိတ်ဝင်စားစရာကောင်းပြီး များပြားလှစွာသော Nook ရဲ့ သတ်မှတ်ထားသော Channel တွေကိုဝင်ရောက်ကြည့်ရှုနိုင်မှာဖြစ်ပြီး Nook Shop မှာဝင်ရောက်ပြီးတော့လည်းစာအုပ်တွေကိုရှာဖွေနိုင်မှာပါ။ GooglePlay Store ကိုလည်းသုံးစွဲနိုင်မှာဖြစ်တာကြောင့် သင့်အနေနဲ့ မတူညီတဲ့ Store နှစ်ခုကနေ ထောက်ပံ့မှုတွေကို ရရှိပါလိမ့်မယ်။ Android Keyboard ကိုလည်းသုံးစွဲနိုင်မှာဖြစ်ပါတယ်။ သူ့မှာ အဓိကအားသာချက်အနေနဲ့ အသက်အရွယ်မရွေး ဖတ်ရှုနိုင်တဲ့စာအုပ်တွေကို ရရှိနိုင်မှာဖြစ်ပြီး Application တွေကိုလည်း အသုံးချနိုင်မှာဖြစ်ပါတယ်။ အသုံးချ Application အနေနဲ့ Whats app နှင့် Facebook လို Social Application တွေကို ရရှိနိုင်ပြီး ဂိမ်းဆော့ကစားလိုသူတွေအတွက်တော့ Minions Rush လိုဂိမ်းမျိုးတွေ Play Store ပေါ်ကနေရရှိနိုင်မှာဖြစ်ပါတယ်။ လူကြိုက်များ ဝယ်ယူဖတ်ရှုလေ့ရှိတဲ့စာအုပ်တွေ TV Show တွေကိုစောင့်ကြည့်နိုင်မှာဖြစ်ပြီး ထိပ်ဆုံးရောက်နေတဲ့ မဂ္ဂဇင်းတွေကိုမြင်တွေ့ရဦးမှာဖြစ်ပါတယ်။ Tab 4 Nook ကိုပိုင်ဆိုင်ထားသူတွေဟာ ကုမ္ပဏီကသောကြာနေ့တိုင်းမှာပြုလုပ်ပေးတဲ့ အစီအစဉ်ကောင်းတွေကိုလည်း ရရှိဦးမှာဖြစ်ပါတယ်။ အဲဒါကတော့ အပတ်စဉ် သောကြာရောက်တိုင်းမှာ အခမဲ့ စာအုပ်တွေ၊ ဗီဒီယိုတွေနဲ့ App တွေကိုရယူနိုင်မှာဖြစ်ပါတယ်။ Tab 4 Nook ရဲ့ စွမ်းဆောင်ရည်ပိုင်းမှာတော့ အခြား Tablet တွေကို ယှဉ်နိုင်စွမ်းမရှိဘူးဆိုပေမယ့်လည်း 1.2GHz quad core processor ကိုသုံးစွဲနိုင်မှာဖြစ်ပြီး 1.5GB RAM အထောက်အပံ့ပါဝင်မှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် လက်ရှိထွက်ထားတဲ့ Tablet တွေဟာ 2.2GHz quad core processor တွေကိုသုံးစွဲထားတာကြောင့်ပါ။ ကင်မရာကတော့ 1.3MP အရှေ့ဘက်ကင်မရာနဲ့အတူ နောက်ကျောဘက်မှာတော့ 3MP Camera ကိုသုံးစွဲနိုင်မှာဖြစ်ပါတယ်။ 720p ရုပ်ထွက်အရည်အသွေးတွေကိုရရှိ ရိုက်ကူးနိုင်မှာဖြစ်ပြီး Samsung ရဲ့ Beauty Face Feature တွေကို သုံးစွဲနိုင်မှာဖြစ်ပါတယ်။ ဘက်ထရီကတော့ ၁၁ နာရီနည်းပါး အသုံးခံနိုင်မှာဖြစ်တာကြောင့် အခြား Tablet တွေထက်စာရင် ၄၄ ရာခိုင်နှုန်းနီးပါးပိုမိုကောင်းမွန်ပါတယ်။



# MG FEATURE

## Reading Meet




### Reading Meets Technology

ဆယ်ဆောင်းရဲ့ နည်းပညာအသစ်တွေနဲ့အတူ ပေါင်းစပ်ထားမှုကြောင့် သင့်အတွက်လေ့လာဖတ်ရှုမှု အတွေ့အကြုံအသစ်တွေကို ရရှိနိုင်တော့မှာဖြစ်ပါတယ်။ 7" Tablet လေးဟာ နေ့စဉ်နဲ့အမျှလိုအပ်လျက်ရှိနေတဲ့ ဖျော်ဖြေရေးဆိုင်ရာကိစ္စတွေလေ့လာမှတ်သားမှုတွေနဲ့ သင့်ကိုဆွဲဆောင်ထားပါလိမ့်မယ်။ ကမ္ဘာကြီးနဲ့ ချိတ်ဆက်ဖို့အတွက် ကွန်ရက်တွေကိုအသုံးပြုကာလွယ်လင့်တကူ ချိတ်ဆက်နိုင်မှာဖြစ်ပြီးထပ်မံပေါင်းထည့်မှုဖြစ်တဲ့ Multi User Mode ကြောင့် တစ်ကိုယ်ရည်သုံးနဲ့ မိသားစုသုံးဆိုပြီးတော့ ခွဲခြားထားနိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် သင်အသုံးပြုတဲ့ အဓိကဖိုင်တွေပျောက်ပျက်သွားစေမှာမဟုတ်ပါဘူး။

### Extraordinary Collection of Content

စာအုပ်ပေါင်း သုံးသန်းကျော်နီးပါးထဲကမှ သင်လေ့လာဖတ်ရှုချင်စရာအကောင်းဆုံးစာအုပ်တွေကို ရှာဖွေနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင်နေ့စဉ်နှင့်အမျှ လူကြိုက်များနေတဲ့ မဂ္ဂဇင်းအသစ်တွေ ကမ္ဘာအနှံ့မှာထုတ်ဝေဖြန့်ချိလျက်ရှိတဲ့ သတင်းစာသစ်တွေကိုလည်းရရှိနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် TV Series တွေကိုလည်း စောင့်ဆိုင်းကြည့်ရှုနိုင်မှာဖြစ်ပြီး ထပ်မံပေါင်းထည့်မှုအနေနဲ့ကတော့ နောက်ဆုံးပေါ်အကောင်းဆုံး App တွေကိုရရှိနိုင်ဦးမှာဖြစ်ပါတယ်။ Comic ကြိုက်သူတွေအတွက်ကတော့ DC နဲ့ Marvel က Comic တွေကို Digital အမျိုးအစားနဲ့ စုစည်းပေးထားမှာဖြစ်ပါတယ်။




### Always Entertaining

၇ လက်မ မျက်နှာပြင်ရှိတဲ့ NOOK ဟာ သင့်အတွက် ဂိမ်းတွေဆော့ကစားဖို့ စိတ်ဝင်စားစရာရုပ်ရှင်တွေကိုစောင့်ကြည့်ဖို့ ကူညီစွမ်းဆောင်ပေးမှာဖြစ်ပြီး Online ပေါ်မှာ လွယ်လင့်တကူရှာဖွေနိုင်ပါလိမ့်မယ်။ ဒါ့အပြင် ဖတ်ရှုစရာကောင်းတဲ့စာအုပ်တွေနဲ့ ဗီဒီယိုကားတွေကို TV ပေါ်ကိုပို့လွှတ်ပြီးတော့ သင့်မိသားစုနဲ့အတူ အပန်းဖြေခံစားနိုင်မှာပါ။

### Keep it All with You

အချက်အလက်တွေသိုလှောင်သိမ်းဆည်းနိုင်မှုအတွက်က 8GB ဖြစ်တာကြောင့် နည်းပါးတယ်ဆိုနိုင်ပေမယ့်လည်း သူ့မှာ အားသာချက်တစ်ခုရှိနေပါတယ်။ ဒါကတော့ Micro SD Card ကိုအသုံးပြုပြီး သိုလှောင်နိုင်စွမ်းပမာဏကို ထပ်မံတိုးမြှင့်နိုင်စွမ်းရှိမှာပဲဖြစ်ပါတယ်။ 32GB အထိ ထပ်မံတိုးမြှင့်နိုင်စွမ်းဟာသင့်အတွက် သီချင်း၊ ဓာတ်ပုံ၊ ဗီဒီယိုနဲ့ ဂိမ်းတွေအများအပြားထည့်သွင်းနိုင်မှာပဲဖြစ်ပါတယ်။

### Better by Design

ပေါ့ပါးပြီး ကိုင်တွယ်ရကောင်းမွန်မှုဟာ သူ့ရဲ့အဓိကအားသာချက်ပါ။ ဘာကြောင့်လဲဆိုရင် အခြား Tablet တွေနဲ့ ယှဉ်လိုက်တဲ့အခါ တစ်အောင်စခွဲနီးပါးလောက်ပိုပေါ့နေလို့ပါပဲ။ ဒါ့ကြောင့် ဂိမ်းတွေကိုဆော့ကစားတဲ့အခါမှာ အချိန်ကြာကြာ ကိုင်တွယ်ဆော့ကစားဖို့အတွက် အဆင်ပြေစေမှာပါ။ application နှစ်ခုကို တစ်ပြိုင်နက်တည်းသုံးစွဲနိုင်မှုကလည်း သူ့ရဲ့အားသာချက်ပါ။ ဗီဒီယိုတွေ ကြည့်ရှုနေတဲ့အချိန်မှာပဲ Mail အဝင်အထွက်တွေကိုလည်း ဖွင့် လှစ်စစ်ဆေးနိုင်ပါလိမ့်မယ်။




### Only From NOOK

ဒီလုပ်ဆောင်ချက်က NOOK မှာသာသီးသန့်ရရှိမှာဖြစ်ပါတယ်။ လတ်တလောလူကြိုက်များနေတဲ့စာအုပ်တွေ မဂ္ဂဇင်းတွေကို ဖတ်ရှုနိုင်ရုံတင်မကဘဲ နေ့စဉ်ထွက်သတင်းစာတွေကိုလည်းရရှိနိုင်မှာပါ။ သင့်အတွက် ဒစ်ဂျစ်တယ်စာအုပ်ဝယ်ယူမှုအတွေ့အကြုံသစ်တွေကိုရရှိမှာဖြစ်ပါတယ်။ စနစ်တကျစုစည်းပေးထားတဲ့ သူ့ရဲ့စာအုပ်စင်ကြောင့် ကလေးတွေစိတ်ဝင်တစားဖတ်ရှုချင်စရာ ပုံပြင်စာအုပ်တွေ လေ့လာချင်စရာ စာအုပ်တွေအပြင် application တွေကိုရရှိစေမှာပါ။




### Tools For Everyday Life

ကင်မရာနှစ်ခုလုံးပါဝင်တာကြောင့် ကောင်းမွန်တယ်ဆိုပေမယ့် နိမ့်ပါးတဲ့ကင်မရာအရည်အသွေးကြောင့် အပျော်တမ်းအဆင့်ရိုက်ကူးမှုဓာတ်ပုံတွေကိုသာရရှိမှာဖြစ်ပါတယ်။ ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကိုဆိုရှယ်ဝက်ဘ်ဆိုက်တွေနဲ့ ချိတ်ဆက်ပြီးဝေမျှနိုင်သလို ရှေ့ဘက်ကင်မရာငယ်ကြောင့်လည်း မိသားစု၊ သူငယ်ချင်းတွေနဲ့ ဗီဒီယိုခေါ်ဆိုမှုပြုလုပ်နိုင်မှာဖြစ်ပါတယ်။ Location ပြသပေးတဲ့လုပ်ဆောင်ချက်လည်းပါဝင်ပြီး သင့်အတွက်ပိုမိုတဲ့သတင်းအချက်အလက်တွေ ဖျော်ဖြေမှုတွေကို ကူညီဆောင်ကျဉ်းပေးပါလိမ့်မယ်။

### Incredible Display

သင့်အတွက် သင့်တော်တဲ့မြင်ကွင်းမျိုးကိုရရှိနိုင်မှာမဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုရင် 216ppi ဟာအခြား HD Tablet တွေနဲ့ယှဉ်လိုက်ရင် နိမ့်ပါးလို့ပါ။ ဒါ့ကြောင့် Movie ကြည့်ရှုတာ Action Game တွေဆော့ကစားတဲ့အခါမှာတော့ သင့်မျက်စိလျင်နေဖို့လိုအပ်ပါလိမ့်မယ်။ မဂ္ဂဇင်းတွေဖတ်ရှုဖို့အတွက်ကတော့ အဆင်တပြေရှိလှတဲ့မြင်ကွင်းမျိုးကို မြင်တွေ့ရမှာဖြစ်ပါတယ်။

NEWS
LOCAL UPDATE

# Silicon Power မှ Mobile Devices များအတွက် စွမ်းရည်သိုလှောင်မှုကြီးမားသော Power Bank သုံးမျိုးအား ပြည်တွင်းဈေးကွက်သို့စတင်မိတ်ဆက်

ပြည်တွင်းမိုဘိုင်းဈေးကွက်ထဲသို့ အသစ်ဝင်ရောက်လာသော ဖုန်းနှင့်ဆက်စပ်သုံးစွဲသည့် Power Bank Model ၃မျိုးအား Silicon Power မှ မိတ်ဆက်ဖြန့်ချိလိုက်ပြီဖြစ်ကြောင်းသိရသည်။ လျင်မြန်သော စွမ်းအင်ဖြည့်တင်းမှုများဖြစ်သည့် 2.1A ပါရှိပြီး စွမ်းအင်ဖြည့်တင်းမှုကို အလွယ်တကူသိရှိစေနိုင်သော 4-Level LED မီးလုံးများပါရှိကာ Smartphone နှင့် Tablet ကဲ့သို့သော Mobile Device မျိုးစုံဖြင့် တွဲဖက်အသုံးပြုနိုင်ကြောင်းသိရသည်။ ထို့အပြင် OVP, UVP, OCP နှင့် SCP စနစ်တို့ဖြင့် ကာကွယ်နိုင်ခြင်း၊ FCC/CE/BSMI နှင့် ROHS စနစ်တို့ ထောက်ပံ့ပေးထားခြင်းအပြင် Samsung Battery Cell များအသုံးပြုထားခြင်းကြောင့် စွမ်းအင်ဖြည့်တင်းပြီးပါက ၁၀စက္ကန့်အတွင်းအလိုအလျောက်စွမ်းအင်ဖြတ်တောက်ပေးနိုင်သော Power Saving Mode ပြုလုပ်ပေးနိုင်ကြောင်းသိရသည်။

အဆိုပါ Silicon Power, Power Bank များအားအခြားသော Designs များနှင့်မတူဘဲ ပြီးပြည့်စုံသော ပုံစံဒီဇိုင်းဖြင့် အရောင် ၅မျိုးရရှိနိုင်ကာ မိတ်ဆက်ခဲ့သော model ၃မျိုးမှာ p51, p81, p101 တို့ဖြစ်ကြောင်းသိရသည်။ Customer များယုံကြည်စိတ်ချစွာသုံးစွဲနိုင်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာထုတ်ကုန်တာဝန်ယူမှုအနေဖြင့် (ဒေါ်လာသန်းချီသော အာမခံမှုနှင့်ညီမျှသည့်) ပစ္စည်းနှင့် လက်ခံအာမခံ ၁၂လပေးထားကြောင်းသိရသည်။ ထို့အပြင် Silicon Power, Power Bank များသည် အမျိုးမျိုးသော Smartphone နှင့် Tablet များကဲ့သို့သော Mobile Devices များအားမြန်ဆန်ပြီး လုံခြုံစိတ်ချရသော စွမ်းအင်ထောက်ပံ့မှု ပစ္စည်းအဖြစ်သုံးစွဲလိုသော USer များအတွက် ရည်ရွယ်၍ ထုတ်လုပ်ထားကြောင်းသိရသည်။ ၎င်းတို့တွင်ပါဝင်သော Function များ အဖြစ် လျင်မြန်သော စွမ်းအားဖြည့်တင်းမှု၊ USB နှစ်ခုပါဝင်ခြင်း၊ 10400 mAh တွင် ကြီးမားသော စွမ်းအင်သိုလှောင်မှုအနေဖြင့် iPhone 5s အား ၅ကြိမ်အထိ အားပြန်သွင်းနိုင်ခြင်း၊ အခြားအထောက်အပံ့ ပစ္စည်းမလိုအပ်ဘဲ (ဥပမာ–Plug & Charge automatically) စနစ်ဖြင့်တပ်ဆင်လိုက်သည်နှင့် အလိုအလျောက်အားသွင်းပေးခြင်း၊ အားပြည့်သွားပါကလည်း အလိုအလျောက်စွမ်းအင်ချွေတာ (ဖြတ်တောက်) ပေးသော Power saving Mode တို့ ပါဝင်ကြောင်းသိရသည်။ ယခုမိတ်ဆက်ပြီး နှစ်ပတ်အကြာတွင် ပြည်တွင်းဈေးကွက်ထဲသို့ အမြောက်အမြားရောင်းချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

နေဦးလွင်

# Today's Technology Mobile Phone ပြုပြင်နည်းသင်တန်းမှတန်းခွဲသစ်ကိုစက်တင်ဘာလတွင်စတင်ဖွင့်လှစ်မည်

Today's Technology Mobile Phone ပြုပြင်နည်းသင်တန်းမှ Mobile Phone Software ပြုပြင်နည်းသင်တန်းနှင့် Mobile Phone Hardware ပြုပြင်နည်းသင်တန်းများကို ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၈ရက်နေ့တွင် တန်းခွဲသစ်အဖြစ် စတင်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ် ကြောင်းသိရသည်။

အဆိုပါ Mobile Phone ပြုပြင်နည်းသင်တန်းတွင် အခမဲ့ Course အနေနှင့် Computer Basic, Business Strategy Play & Operation Management course နှင့် အခြေခံစာရင်းကိုင်ပညာ ရက်တိုသင်တန်းများကိုပါ ထည့်သွင်းသင်ကြားပေးသွားမည်ဖြစ်ကြောင်းသိရသည်။ Software ပြုပြင်နည်း သင်တန်းတွင် Phone Brand မျိုးစုံ၊ Model မြင့် Handset မျိုးစုံတို့ကိုသင်ထောက်ကူပစ္စည်းပြည့်စုံစွာဖြင့် အသုံးပြုပြီး စာတွေ့လက်တွေ့သင်ကြားရမည်ဖြစ်ကာ၊ Hardware သင်တန်းတွင် Basic Electronic, Schematic diagram မျိုးစုံဖတ်နည်း၊ 1Amp, 5Amp Power Supply မျိုးစုံ၊ Air Gan, Soldering station မျိုးစုံ၊ အနီအောက်ရောင်ခြည်သုံး BGA Rework station များသုံးပုံကိုစာ တွေ့လက်တွေ့သင်ကြားပေးသွား မည်ဖြစ်ကြောင်းသိရသည်။ သင်တန်းကာလမှာ တစ်ပတ်လျှင် (၆) ရက်နှုန်းဖြင့် နှစ်လသင်ယူရမည်ဖြစ်ပြီး၊ သင်တန်းကြေးမှာ နှစ်မျိုးပေါင်း ၆သိန်းဖြစ်ပြီး တစ်ခုချင်းလည်း သင်ယူနိုင်ကြောင်းသိရ သည်။ ၈-၉-၂၀၁၄ အတွင်း စာရင်းသွင်းအပ်နှံပါက ၂၀ရာခိုင်နှုန်းလျှော့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ စိတ်ပါဝင်စားသူများအနေဖြင့် အမှတ် (၁၅/၁၇)၊ Bang Band တိုက် (၆)လွှာ (A)၊ လှည်းတန်းမှတ်တိုင်အနီး၊ ဖုန်း ၀၉-၄၂၁၇၃၃၈၈၈၊ ၄၂၁၇၃၄၉၉၉ သို့ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

နေဦးလွင်

# သရပါစာကြည့်တိုက်မှကြီးမှူး၍ သင်ပုန်းကြီး Mobile Library မိတ်ဆက်ပွဲနှင့် စာပေဟောပြောပွဲကျင်းပမည်

သရပါစာကြည့်တိုက်မှ ကြီးမှူးကျင်းပသော သင်ပုန်းကြီးရွေ့လျားစာကြည့်တိုက်စာနယ်ဇင်း မိတ်ဆက်ပွဲ၊ ရန်ပုံငွေပွဲအထိမ်းအမှတ်အဖြစ် စာနယ်ဇင်းမိတ်ဆက်ပွဲ၊ အလှူငွေပေးအပ်ပွဲ၊ နာမည်ကြီး စာရေးဆရာများဟောပြောဆွေးနွေးပွဲနှင့် စာအုပ်ရောင်းပွဲပြပွဲအခမ်းအနားများကို အမျိုးသားပြတိုက်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါ အခမ်းအနားကို စက်တင်ဘာလ ၅ ရက်မှ ၇ ရက်နေ့အထိ သုံးရက်တိုင်တိုင်ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အခမ်းအနားကျင်းပမည့် အချိန်အား နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သတ်မှတ်ထားကြောင်းသိရှိရသည်။ စာပေဟောပြောပွဲနှင့် မိတ်ဆက်ပွဲအစီအစဉ်၌ ဟာသစာပေများ၊ ဝတ္ထုများကို ရေးသားလေ့ရှိသော စာရေးဆရာအကြည်တော်မှ သောကြာနေ့ညနေပိုင်းတွင် ၃ နာရီမှ ၄ နာရီခွဲအထိဟောပြောသွားမည်ဖြစ်ကြောင်းသိရသည်။ ထို့နောက် ဆရာအော်ပီကျယ်မှ စနေနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီခွဲအထိဟောပြောသွားမည်ဖြစ်ပြီး၊ ညနေပိုင်း၊ ၃ နာရီမှ ၄ နာရီခွဲအထိ ရုပ်ရှင်နှင့်ဗွီဒီယိုသရုပ်ဆောင်အကယ်ဒမီ ခန့်စည်သူမှ ဟောပြောသွားမည်ဖြစ်ကြောင်းသိရသည်။ သင်ပုန်းကြီးမိုဘိုင်းစာကြည့်တိုက်မိတ် ဆက်ပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားအစီအစဉ်ကို စနေနေ့ နေ့လည် ၁ နာရီမှ ၂ နာရီခွဲအထိ ကျင်းပပြုလုပ်မည်ဖြစ်သည်။ တနင်္ဂနွေနေ့တွင် ဆရာဟိန်းလတ်မှ နံနက် ၁၀နာရီမှ ၁၁ နာရီခွဲအထိ ဟောပြောသွားမည်ဖြစ်ကာ ညနေပိုင်းတွင် ဆရာမ နုနုရည်(အင်းဝ)က ၃ နာရီမှ ၄ နာရီခွဲအထိ ဟောပြောသွားမည်ဖြစ်ကြောင်းသိရသည်။ ရုပ်ပြောင်ကာတွန်းရေးဆွဲခြင်းများ၊ အနုပညာရှင်များနှင့်တွေ့ဆုံပွဲစသည့် အစီအစဉ်များလည်းပါရှိမှာဖြစ်ပါတယ်။ ဖုန်း ၀၉-၃၂၃၆၂၀၀၉-၂၀၁၀ ~ ၂၀၁၁ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ရဲလင်းစိုး

# မြန်မာပြည်၏ ပထမဆုံး တစ်သက်တာလက်ခံမဲ့ပြင်ဆင်ခွင့်ဝန်ဆောင်မှုကို UNIQUE ဆိုင်မှစတင်ပြုလုပ်မည်

UNIQUE ဆိုင်မှ ကွန်ပျူတာ ပစ္စည်းများနှင့် မိုဘိုင်းဟန်းဆက်များကို တစ်သက်တာလက်ခံမဲ့ ပြင်ဆင်ခွင့်ဖြင့် ရောင်းချပေးလျက်ရှိကြောင်းသိရသည်။ အဆိုပါဝန်ဆောင်မှုကို ၂၀၁၄ခုနှစ်၌ မြန်မာပြည်တွင် UNIQUE ဆိုင်မှ ပထမဦးဆုံးစတင်ပြုလုပ်ခြင်းဖြစ်ကြောင်းသိရသည်။ ဒါ့အပြင် Notebook (၁)လုံးဝယ်ယူသူတိုင်းကိုလည်း မေတ္တာလက်ဆောင်များအနေဖြင့် လက်ဆောင်ပစ္စည်း၉ မျိုးနှင့် တစ်သက်တာလက်ခံမဲ့ပြင်ဆင်ခွင့်များပေးအပ်သွားမည်ဖြစ်သည်။ လက်ဆောင်ပစ္စည်း၊ ၉ မျိုးအနေဖြင့် Carrying Bag, Sony Mouse, Coolpad, Keyboard, Protector, T-Shirt, Notepad, Mousepad, Ball-pen နှင့် Myanmar sticker တို့ကိုပေးအပ်မည်ဖြစ်သည်။ UNIQUE ဆိုင်သည် ၂၀၀၉၊ ၂၀၁၀တွင် ICT ဇာ်စစ်တမ်းများအရ ဝန်ဆောင်မှုအကောင်းဆုံးထိပ်တန်းစာရင်းဝင်ဆိုင်ဖြစ်ကြောင်းသိရသည်။ အဆိုပါ UNIQUE ဆိုင်သို့သွားရောက်ဝယ်ယူလိုသော customer များအနေဖြင့် အသေးစိတ်သိရှိလိုပါက No.194, Seikk-anther street (Middle)Bet, Mahabandoola and Anawrahta Road, kyauktada, Township, Yangon, Tel: 01-398436, 391789, 391730 သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။ www.facebook.com/uniqueict.mm တွင်ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။

ရဲလင်းစိုး

# Quick Heal Security Software ပြည်တွင်း ဈေးကွက်သို့ တရားဝင်ဖြန့်ချိ

Lucky Bird Group of Companies နှင့် My Asia Consulting Co.,Ltd တို့၏ ပူးတွဲဖြန့်ချိမှုတစ်ခုဖြစ်သော ကမ္ဘာ့ထိပ်တန်း Security Software ဖြစ်သည့် Quick Heal အားပြည်တွင်းဈေးကွက်သို့ တရားဝင်ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း ဩဂုတ်လ ၂၃ရက်နေ့က ပြုလုပ်သည့် စာနယ်ဇင်းမိတ်ဆက်ပွဲမှသိရသည်။

အိုင်တီနှင့် အီလက်ထရောနစ်နည်းပညာများပိုမိုအဆင့်မြင့်လာမှုနှင့် မိုဘိုင်းကွန်ရက်ပိုမိုဖြန့်ကျက်လာမှုတို့ကြောင့် ပြည်တွင်းတွင် ကွန်ပျူတာသုံးစွဲမှုနှုန်းသာမက Mobile Device များသုံးစွဲမှုနှုန်းပါတိုးတက်လာခဲ့သည်။ ထို့အတူ ၎င်း Device များဖြင့် အင်တာနက်သုံးစွဲမှုမှာလည်း တစ်ရှိန်ထိုးတိုးတက်လာခဲ့သည်။

ဤသို့အင်တာ နက်သုံးစွဲရင်း တစ်ချိန်တည်းမှာပင် ဗိုင်းရပ်စ်များ၊ Online Thread များမှာလည်း သုံးစွဲသူများသတိမထားမိခင်မှာပင် မိမိတို့၏ Device များအတွင်းသို့ အလွယ်တကူဝင် ရောက်နှောင့်ယှက်ဖျက်ဆီးမှုများ ဖြစ်ပေါ်နေတာကိုလည်း တွေ့ရပါမယ်။ ထို့ကြောင့် ယင်းအန္တရာယ်များကို ကာကွယ်ရန်အတွက် Security Software အား မဖြစ်မနေသုံးစွဲရမည်ဖြစ်သည်။ Lucky Bird Group of Companies နှင့် My Asia Consulting Co.Ltd တို့မှ ထိုအခြေအနေများကို သိရှိ၍ Quick Heal Security အား ပြည်တွင်းဈေးကွက်သို့ ဖြန့်ချိလိုက်ပြီဖြစ်ကြောင်းသိရသည်။ ယခုကဲ့သို့ Quick Heal Security Software များပြည်တွင်းဈေးကွက်သို့ရောက်ရှိလာခြင်းကြောင့် သုံးစွဲသူများအနေဖြင့် Security Software များအားနှိုင်းယှဉ် ဝယ်ယူသုံးစွဲနိုင်မည်ဖြစ်သည်။

ဝယ်ယူ သုံးစွဲနိုင်မည့် Quick Heal Security Software များမှာ Anti-Virus Pro (1) or (3) user, Internet Security (1) (or) (3) user, Android Mobile Security (1) user, နှင့် Total Security (1) user တို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ မိတ်ဆက်ပွဲအခမ်းအနားတွင် Quick Heal Anti-Virus Pro Software များအား မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာနနှင့် ရန်ကုန်သမဝါယမတက္ကသိုလ်တို့တွင် အသုံးပြုရန်အတွက် လှူဒါန်းခဲ့ကြောင်းသိရသည်။

ယခုဖြန့်ချိလိုက်သော Quick Heal Security Software အားရောင်းချလိုသော ဆိုင်များနှင့် ဝယ်ယူလိုသူများအနေဖြင့် Lucky Bird Group of Companies ၏ Showroom တည်ရှိရာအမှတ် (၃၅၅)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၄၈၁၆၇၊ ၃၇၉၈၇၅၊ ၃၈၀၁၃၀၊ ၃၉၉၀၁၁ နှင့် ၀၉-၇၃၁၅၄၆၄၄ သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

နေဦးလွင်

# DISCOVERY

## ဘတ်ကင်ဟမ်နန်းတော်

လန်ဒန်မြို့တော်တွင် အထင်ရှားဆုံးနေရာဖြစ်သော်လည်း ဘတ်ကင်ဟမ်နန်းတော်သည် နှစ် ၂၀၀ပင်မပြည့်တတ်သေးချေ။ နန်းတော်ရှိရာမြေနေရာသည် Ebury စံအိမ်၏ တစ်စိတ်တစ်ဒေသဖြစ်ကာ Henry VIII မှ ပိုင်ဆိုင်ခဲ့သည်။ ဘုရင်ဂျိမ်းစ် ၁ (1603-1625) မှ ဥယျာဉ်အဖြစ် စိုက်ပျိုးခဲ့သည်။ နှစ် ၁၅၀ခန့် ကာလအတွင်း ပိုင်ရှင်အဆက်ဆက်ပြောင်းခဲ့ကာ ဂိုးရင်းအိမ်တော်၊ အာလင်တန်အိမ်တော်မှတစ်ဆင့် ဘတ်ကင်ဟမ်အိမ်တော်အဖြစ်သို့ရောက်လာခဲ့သည်။ ယနေ့တွင် ထိုအိမ်များအကြောင်းများစွာ မသိရတော့ဘဲ ယနေ့ခေတ်နန်းတော်၏ တောင်ဘက်ဆောင်နားတွင် ရှိခဲ့သည်ဟုသာ ယူဆနိုင်သည်။ 1761 တွင် George III မှ ဇနီးဖြစ်သူ ဘုရင်မ Charlotte အတွက် ဘတ်ကင်ဟမ်အိမ်တော်ကို ဝယ်ယူပေးခဲ့သည်။ ထိုအချိန်က ရိုးရှင်းသော အနီရောင်အုတ်တိုက်တစ်လုံးသာဖြစ်ပြီး ဘုရင်မှ 1762 တွင် ပြင်ဆင်ခဲ့ရာ George IV မှလည်း 1820 တွင် ထပ်မံပြင်ဆင်ခဲ့သည်။ 1826 တွင် အိမ်အိုကြီးအား နန်းတော်အဖြစ် ပြင်ဆင်ခဲ့ရာ George IV မှလည်း 1820 တွင် ထပ်မံပြင်ဆင်ခဲ့သည်။ 1826တွင် အိမ်အိုကြီးအား နန်းတော်အဖြစ်ပြင်ဆင်ရန် ဆုံးဖြတ်ခဲ့ပြီး နာမည်ကျော်ဗိသုကာပညာရှင် John Nash မှ ပြင်သစ်ပုံစံကို အခြေခံ၍ စံအိမ်အားနှစ်ဆမျှတိုးချဲ့ခဲ့သည်။

တောင်ဘက်နှင့် မြောက်ဘက်အဆောင်ဟောင်းများကို ဖျက်၍ ပိုမိုကျယ်ပြန့်စွာတည်ဆောက်ခဲ့သည်။ William IV လက်ထက်တွင်မှ Nash ကို Edward Blore နှင့် အစားထိုး၍ ပြီးစီးအောင်တည်ဆောက်စေခဲ့သည်။ သို့ရာတွင် ဘုရင်သည် နန်းတော်အား ဂရုမစိုက်ခဲ့ဘဲ ပြောင်းရွှေ့နေထိုင်ခြင်းမရှိခဲ့ပေ။ သို့သော် ဘုရင်မဗစ်တိုးရီးယားမှ 1837 တွင် ဘတ်ကင်ဟမ်သို့ပြောင်းရွှေ့ရန်ဆုံးဖြတ်ခဲ့ပြီး ဧည့်သည်တော်များအတွက် အိပ်ခန်းနည်းပါး၍ တိုးချဲ့ရန်စဉ်းစားခဲ့သည်။ Blore သည် အရှေ့ဆောင်အား ထပ်မံဆောက်လုပ်ခဲ့ပြီး နန်းတော်အတွက် ကြီးမားသော တိုးချဲ့မှုများတွင် နောက် ဆုံးဖြစ်ခဲ့သည်။

သို့ရာတွင် ဆောက်လုပ်မှုအားလုံးအဆုံးသတ်သွားခဲ့သည် မဟုတ်ဘဲ ပြင်ဆင်မှုများပြုလုပ်ခဲ့ရသေးသည်။ 1911တွင် အစောင့်တို့အတွက် နေရာထပ်မံတိုးချဲ့ခဲ့ပြီး နှစ်နှစ်အကြာ 1913တွင်လည်း အရှေ့ဆောင်မှ ကျောက်သားများယိုယွင်းဆွေးမြေ့လာသဖြင့် လဲလှယ်ရန်လိုအပ်ခဲ့သည်။ ထို့အတွက် ဒီဇိုင်းအသစ်ကို Sir Aston မှ ဖန်တီးခဲ့ပြီး တစ်နှစ်ကြာမျှပြင်ဆင်ခဲ့ကာ ၁၃ပတ်အတွင်းအပြီးလဲလှယ်နိုင်ခဲ့သည်။ နန်းတော်အနောက်ဆောင်ရှိ အခန်းများသည် အကောင်းဆုံးဟု သတ်မှတ်နိုင်ပြီး ဧည့်သည်များအထင်တကြီးရှိစေရန် ရည်ရွယ်ခဲ့ပုံရသည်။ လျှပ်စစ်မီးကို 1883 တွင် ခန်းမ၌ စတင်တပ်ဆင်ခဲ့ပြီး ၄နှစ်အတွင်း နန်းတော်တစ်ခုလုံးအား တပ်ဆင်ခဲ့သည်။ ယနေ့တွင် မီးသီးပေါင်း ၄၀,၀၀၀ကျော်သုံးနေပြီး 2005 မှစကာ သမားရိုးကျမီးသီးများအစား ဖြစ်နိုင်သမျှနေရာများတွင် စွမ်းအင်သက်သာသော LED မီးသီးများဖြင့် အစားထိုးခဲ့သည်။

နန်းတော်အတွင်းအခန်းပေါင်း ၇၇၅ခန်းရှိပြီး ဧည့်သည်များအတွက် အိပ်ခန်း ၅၂ခန်း၊ ဝန်ထမ်းများအတွက် ၁၈၈ခန်း၊ ရေချိုးခန်း ၇၈ခန်း၊ ရုံးခန်း ၉၂ခန်းပါဝင်သည်။ နန်းတော်တွင် တံခါးပေါင်း ၁၅၁၄ခုနှင့် ပြတင်း ပေါက် ၇၆၀ ရှိပြီး ခြောက်ပတ်လျှင် တစ်ကြိမ်ပြတင်းပေါက်များကို သန့် ရှင်းရေးလုပ်သည်။ နန်းတော်အတွင်း၌ ရုပ်ရှင်ရုံပင်ရှိနေသော်လည်း ကောလာဟလများကဲ့သို့ မြေအောက်ရထားဘူတာရုံမရှိချေ။ ဥယျာဉ်သည် သီးသန့်ရှိနေပြီး မြင့်မားသော တံတိုင်းဖြင့် ကာရံထားကာ ဧက ၄၀ကျယ်ဝန်း၍ ရေကန်၊ တင်းနစ်ကွင်းနှင့် ရဟတ်ယာဉ်ကွင်းတို့ပါဝင်သည်။ ဥယျာဉ်ထဲမှ စွန့်ပစ်ပစ္စည်း၏ 99% ကိုနေရာမှာပင် recycle ပြုလုပ်နိုင်သည်။ ငှက်မျိုးကွဲ ၃၀ နှင့် ပန်းရိုင်းမျိုး ၃၅၀ ကျော်ရှိနေသည်။ နှစ်စဉ် ဂါးဒင်းပါတီပွဲကို ဘုရင်မဗစ်တိုးရီးယားလက်ထက် 1868 ခုနှစ်ကတည်းက ပြုလုပ်ခဲ့ပြီး တင်းနစ်ပွဲ၊ ကလေးတွေရဲ့ ပါတီပွဲစတာတွေလည်း ပြုလုပ်ပါတယ်။




## The Palace over time

**1536**

ဘုရင် Henery VIII မှ Ebury အိမ်တော်အား ဝယ်ခဲ့ပြီး နန်းတော်ယခုတည်ရှိတဲ့ မြေနေရာပါ ပါဝင်ခဲ့ပါတယ်။



**1624**

ဆာဝီလီယံမှ ပထမဆုံးအိမ် စတည်ဆောက်ခဲ့ပြီး 1633တွင် လော့ဒ်ဂိုးရင်းမှ ဝယ်ယူကာ အိမ်ကိုချဲ့ထွင်ခဲ့ပြီး ဂိုးရင်းအိမ်တော်ဖြစ်လာခဲ့သည်။

**1674**

ဂိုးရင်းအိမ်တော်သည် 1674 တွင် မီးလောင်ခဲ့ပြီး ပြန်လည်တည်ဆောက်ရာတွင် အာလင်တန်အိမ်တော်ဖြစ်လာခဲ့သည်။

**1703**

1703 တွင် ဘတ်ကင်ဟမ်အိမ်တော်ကို တည်ဆောက်ခဲ့ပြီး လက်ရှိနန်းတော်၏ အဓိကအဆောက်အဦအား ဘတ်ကင်ဟမ်နယ်စားကြီးမှ စတင်တည်ဆောက်ခဲ့သည်။



**1761**

George III မှ ဘတ်ကင်ဟမ်အိမ်တော်အား ဝယ်ယူခဲ့သည်။



**1762**

ဘုရင် George III မှ ဆာဝီလီယံအား အိမ်ကို ပြင်ဆင်စေခဲ့ပြီး ၁၈ရာစုက ပေါင် ၇၃၀၀၀ကုန်ကျခဲ့သည်။

**1826**

George IV မှ အိမ်တော်အား နန်းတော်အဖြစ်ပြောင်းလဲခဲ့သည်။



**1830**

George IV ကွယ်လွန်၍ William IV မှ ထီးနန်းဆက်ခံခဲ့ပြီး Edward Blore အား နန်းတော်ပြင်ဆင်မှုကို အပြီးသတ်စေခဲ့သည်။

**1837**

ဗစ်တိုးရီးယားဘုရင်မသည်ပထမဆုံး ဘတ်ကင်ဟမ်နန်းတော်၌စတင်နေထိုင်ခဲ့သည်။



**1847**

နန်းတော်အရှေ့ဆောင်အား ဆောက်လုပ်ခဲ့သည်။

**1911**

နန်းတော်ရှေ့တွင် အစောင့်များလဲလှယ်မှုကို စတင်ခဲ့သည်။

**1913**

အရှေ့ဘက်ပိုင်းမှ ကျောက်သားတို့ကို လဲလှယ်ခဲ့သည်။



**1993**

1993 နွေရာသီမှစကာ ဩဂုတ်နှင့် စက်တင်ဘာတွင် ဘုရင်မ,မရှိိုက် လူများဝင်ရောက်ခွင့်ရခဲ့သည်။


MAKE it POSSIBLE
HUAWEI
မြန်မာစာ စနစ်သုံး
HUAWEI ၏ ပထမဦးဆုံး မြန်မာစာစနစ်သုံး Ascend G6
5MP ကိုအသုံးပြုထားသော Front Camera
၁၀ စက္ကန့်စာ အသံသွင်းထားနိုင်သော ရုပ်/သံဓါတ်ပုံ Audio Photo
Panorama မြင်ကွင်းကျယ်ဓါတ်ပုံရိုက်ကူးနိုင်သော 8MP ကျောဘက်ကင်မရာ
warranty ကဒ်ပါသော customer များအတွက် 1year service warranty
Catch up with us on facebook
www.facebook.com//HuaweiDeviceMyanmar
Enjoy a Balanced Life
HUAWEI TalkBand B1
TalkBand
• 1.4" OLED Screen
• မြန်ဆန်သော NFC(Near Field Communication) ချိတ်ဆက်မှု
• Standard USB Charging
• Bluetooth 3.0
• Gyro Sensor
• Dual Mic ကိုအသုံးပြုထားသောကြောင့်ဆူညံသံများကိုလျော့ချနိုင်ခြင်း
• ၁၄ရက်ဆက်တိုက် Standby ထားနိုင်ခြင်း ၇နာရီဆက်တိုက်ဖုန်းပြောနိုင်ခြင်းနှင့် ၂နာရီအားသွင်းရုံဖြင့်အားပြည့်ခြင်း
• ဖုန်မှုန့်များနှင့်ရေစိုဒဏ်ခံနိုင်ခြင်း(IP57)
• Android 4.0 နှင့် IOS 5.0 အထက်ရှိDevice များတွင်လွယ်ကူစွာချိတ်ဆက်အသုံးပြုနိုင်ခြင်း



KENBO
With kenbo No distance
Hero K1
10:56
·5 inch IPS HD Screen angle
·Perfect Sound
·Quad 1.3G Hz High-speed Processor
·1300W+500W top photo Combination
KENBO
3G MPT, ooredoo, telenor

oppo

# OPPO Find 7a



FIND MORE



ColorOS

## VOOC အားသွင်းခြင်းစနစ်




သာမန်အားသွင်းခြင်းထက် **4 ဆ** ပိုမိုလျင်မြန်ခြင်း

**5 မိနစ်** အားသွင်းရုံဖြင့် **2 နာရီကြာ** ဖုန်းခေါ်ဆိုခြင်းကို **Find 7a** က ထောက်ပံ့ပေးခြင်း

**မိနစ် 30** အားသွင်းရုံဖြင့် **75 ရာနှုန်း** ဘက်ထရီ အားဖြည့်ပေးခြင်း

**အလွှာ 5 လွှာ** အကာအကွယ်ပါမှုကြောင့် ဖုန်းကို ဘက်ထရီအားသွင်းနေစဉ် အပူလွန်ကဲတာမျိုးမှ ကာကွယ်ပေးခြင်း

## မျက်နှာပြင် ကြည်လင်ပြတ်သားမှု



၅.၅ လက်မ **Full HD** မျက်နှာပြင်က ကြည့်ရှုရတာ နှစ်သက်သဘောကျစေမှာပါ။ **1920 x 1080 resolution** နှင့်အတူ **403 PPI** မျက်နှာပြင်က ထိတွေ့မှုတိုင်းအတွက် ကောင်းမွန်တဲ့ စိတ်ကျေနပ်မှုရရှိစေပါတယ်။

## လျင်မြန်သော မျက်နှာပြင် တုန့်ပြန်မှု



ထိတွေ့မှုတိုင်းအတွက် လျင်မြန်တဲ့ တုန့်ပြန်မှု၊ သိမ်မွေ့တဲ့လုပ်ဆောင်ချက်တွေနဲ့ အလျင်မြန်ဆုံး တုန့်ပြန်မှုပေးစွမ်းနိုင်ပါတယ်။

ထိတွေ့မှုပိုင်းသာမက နိုင်မာမှုအပိုင်းမှာလည်း အခြားဟန်းဆက်တွေ ထက် ၄၀ ရာနှုန်းပိုပါတယ်။

လက်ရေစိုနေတဲ့အချိန်နှင့် လက်အိတ်စွပ်ထားတဲ့ အချိန်တွေမှာတောင်မှ မျက်နှာပြင်တုန့်ပြန်မှုကို ရရှိစေမှာပါ။

## Maxx Audio



**Find 7a** အသုံးပြုသူတွေအတွက် ကြည်လင်ပြတ်သားသော အသံစွမ်းရည်ကိုပေးစွမ်းတဲ့ **MaxxAudio** နည်းပညာစနစ်ပါရှိပါတယ်။ သူ့ရဲ့အသံပိုင်းဆိုင်ရာစွမ်းရည်နဲ့ အသံလှိုင်းကြိမ်နှုန်းတွေက သင့်အတွက် အကောင်းဆုံးအသံစွမ်းရည်ကို ပေးစွမ်းနိုင်ပါတယ်။

## PI 2.0 အမြင့်မားဆုံးအရည်အသွေး

PURE IMAGE 2.0

**PI 2.0** နည်းပညာအရ ဓာတ်ပုံရိုက်ကူးရာမှာ ပုံရိပ် ၁၀ ခုဖမ်းယူပြီး ထိုအထဲမှ အကောင်းဆုံးပုံရိပ်ကို ရွေးထုတ်၍ ပေါင်းစပ်ပြီး **50MP Ultra-HD** အရည်အသွေး ရှိတဲ့ ပုံကိုထုတ်ပေးပါတယ်။

**PI 2.0** နည်းပညာနဲ့ ရိုက်ကူးထားတဲ့ ဓာတ်ပုံတစ်ပုံမှ **10 မီတာပတ်လည်ရှိတဲ့** ပိုစတာတစ်ခုကို ထုတ်ယူလို့ရပါတယ်။

## Skyline Notification



ရင်သပ်ရှုမောဖွယ်ကောင်းတဲ့ ကောင်းကင်ပြာရောင်နဲ့ လိုင်းလေးကတော့ သင့်ရဲ့ အရေးကြီးတဲ့ မက်ဆေ့ချ်တွေနဲ့ လွဲမသွားအောင် အချက်ပြပေးမှာပါ။

## Camera
Created to Capture



**Find 7a** ရဲ့ **13-megapixel** ပါဝင်တဲ့ ကင်မရာကတော့ ဓာတ်ပုံတွေကို ကြည်လင်ပြတ်သားစွာ ဖမ်းယူနိုင် စေပါတယ်။

**1/3.06 imaging module** နှင့် အကျယ် **f/2.0** ရှိတဲ့ အလင်းဝင်ပေါက်တွေက သင့်ကို အလင်းအားနည်းတဲ့နေရာတွေမှာ ဓာတ်ပုံရိုက်ကူးနိုင်အောင် ထောက်ပံ့ပေးနိုင်ပါတယ်။

၃၂ စက္ကန့်လောက်ကြာချိန်အတွင်းမှာပဲ ကြည်လင်ပြတ်သားတဲ့ ညမြင်ကွင်းဓာတ်ပုံကိုဖမ်းယူနိုင်ပါတယ်။

## အာမခံ သတ်မှတ်ချက်များ




- (7) ရက်အတွင်း လဲလှယ်ပေးခြင်း
  မှတ်ချက် - သုံးစွဲသူ အမှားမှလွဲ၍
- (1) နှစ်အာမခံပေးခြင်း
- **MPT, Telenor, Ooredoo sim card** များ ထည့်သွင်းအသုံးပြုနိုင်ခြင်း
- **GSM/GPRS/EDGE: 850/900/1800/1900MHz**
- **WCDMA: 850/900/1700/1900/2100MHz**

**OPPO Service Center** - ဒဂုံစင်တာ (၂)၊ ငါးလွှာ၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း - 011223513 Facebook လိပ်စာ - www.facebook.com/oppomyanmar

**International Smart Phone Brand** တစ်ခုဖြစ်သည့် **OPPO** စမတ်ဖုန်းဟာ မြန်မာပြည်ကို ရောက်ရှိလာခဲ့ပါပြီ။ မြန်မာပြည်၏ အမြို့မြို့အနယ်နယ်ရှိ ဆိုင်များတွင် **OPPO** စမတ်ဖုန်းများကိုဈေးနှုန်းအလိုက် လူကြီးမင်းတို့ စိတ်တိုင်းကျ စိတ်ကြိုက်ရွေးချယ် ဝယ်ယူရရှိနိုင်ပါပြီ။

# Asia Mobile



**C-830E Mini,CDMA 450M**
**Camera 3.2**
**လိုင်းဆွဲအားအထူးကောင်းမွန်သည်။**



**C-500E ,CDMA 800 ,GSM**
**MEC ,Camera 3.2**
**လိုင်းဆွဲအားအထူးကောင်းမွန်သည်။**



**C-500E ,CDMA 800 ,GSM**
**MEC ,Camera 3.2**
**လိုင်းဆွဲအားအထူးကောင်းမွန်သည်။**

# Asia Mobile

တွင်ဖုန်းတစ်လုံးဝယ်လျှင် ooredoo
**Sim Card Free**

ချဉ်စပ်မြီးရှည်တစ်ပွဲ
မေတ္တာလက်ဆောင်



အမှတ်(၁၄၀)၊ လသာလမ်း(အပေါ်)၊ လသာမြို့နယ်၊ ရန်ကုန်။ ☎ ၀၁-၂၄၃၃၀၄


ZXET
New
Flash Light
ပါသည်။
G501 (GSM 850/900/1800/1900 MHz)
Model Handset


MXNEC မက်(စ်)နက်
obile ENTERTAINMENT
GSM + WCDMA
Mxnec is Top 10 Phone Brand in Thailand. Mxnec will be coming to Myanmar.
S P S Trading Co.,Ltd.
Authorized Distributor (Myanmar)
No.130, 7 Floor, 23 Street (Upper Block), Latha Township, Yangon.
Tel : 01-371343.
မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ်


telenor
ooredoo
MPT
SINGTECH
CONNECTING YOUR WORLD
"သင့်တင့်သောဈေးနှုန်း
မြင့်မားသောစွမ်းဆောင်ရည်"
GSM
Dual Sim
Android (Jelly Bean)
3G
Bluetooth
Wi Fi
CERTIFIED
SGT-A33
4.0" Display ( 480 x 800 Pixels)
512 RAM
1.2 GHz Dual Core CPU
2MP Camera (0.3 Front)
1200 mAh
4GB Internal Storage
အာမခံ(၁)နှစ်
MEDIATEK
PRODUCT OF SINGTECH
Authorized Distributor
CYBER CITY CO., LTD.
အမှတ်(78)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း (လမ်း(၅၀)ကားမှတ်တိုင်အနီး)၊ ပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ Tel : (01) 202588, 200906
အမှတ်(T2-1)၊ သဇင်လမ်းသွယ်၊ ၃၁ X ၃၂ ကြား၊ ၇၇ X ၇၈ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ Tel : 09-91018621, 09-5063916


BL mobile
HUAWEI
ZTE中兴
Coolpad 酷派
PLOYER MOMO
普耐尔智能平板电脑
Ployer MOMO20Quad
Allwinner-A31
Quad-Core
Business scope: manufacturers selling WCDMA GSM CDMA mobile phone wireless phone tablet computer
Myannar tel:09-420216222
Ching tel:0692 6666621 +8614787309933
WeChat:34011005
Add:No43. Fu xin road. JieGao. Yunnan. China

# မြန်မာ့ဆက်သွယ်ရေးမှ WCDMA 3G ဆင်းကတ်များကို လက်လီအရောင်းဆိုင်များ၌ စတင်ဝယ်ယူနိုင်ပြီ

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ၎င်းတို့၏ တန်ဖိုးနည်း WCDMA 3G ဆင်းကတ်များကို ပြည်သူများအဆင်ပြေလွယ်ကူစွာနှင့် ပိုမိုဝယ်ယူနိုင်စေရန်အတွက် နိုင်ငံတစ်ဝန်းရှိ လက်လီအရောင်းဆိုင်များတွင် ၂၀၁၄ခုနှစ်၊ စက်တင်ဘာ ၁ရက်နေ့မှစတင်၍ ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါရောင်းချမှုတွင် နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်၁၅ခု၏ မြို့ကြီးများရှိ အရောင်းမြှင့်တင်ရေးဆိုင်များတွင် ငွေကျပ် ၁၅၀၀ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး၊ မှတ်ပုံတင်မူရင်းကို ပြ၍ မိတ္တူနဲ့အတူ လိုင်စင်ဓာတ်ပုံနှစ်ပုံဖြင့် ဝယ်ယူနိုင်ကြောင်းသိရသည်။ "ကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ဒီထက်အရည်အသွေးကောင်းမွန်ပြီး၊ ပြည်သူတွေပိုမိုယုံကြည်လက်ခံနိုင်အောင် အချိန်နဲ့တစ်ပြေးညီဝန်ဆောင်မှုတွေကို တစ်ခုပြီးတစ်ခုလုပ်ဆောင်ပေးသွားမှာပါ။ စက်တင်ဘာ ၁ ရက်နေ့ကစပြီး WCDMA 3G ဆင်းကတ်တွေကို နိုင်ငံတစ်ဝန်းမှာရှိတဲ့ အရောင်းကိုယ်စားလှယ်ဆိုင်ကြီးတွေမှာ ရောင်းချပေးသွားမှာပါ။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ အရင်တုန်းကအားနည်းခဲ့တာမှန်ပါတယ်။ အခုနောက်ပိုင်းတော့ ဘက်ပေါင်းစုံကပြုပြင်ပြီး ကောင်းသည်ထက်ကောင်းအောင် ကြိုးစားလုပ်ဆောင်နေပါတယ်" ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးကျော်စိုးက ပြောကြားခဲ့ပါသည်။

မြန်မာ့ဆက်သွယ်ရေးမှ ရောင်းချပေးမည့် တန်ဖိုးနည်း ငွေကျပ် ၁၅၀၀တန် WCDMA 3G ဆင်းကတ်များကို ဝယ်ယူရရှိနိုင်မည့် အရောင်းဆိုင်များမှာ ရန်ကုန်တိုင်းဒေသကြီးတွင် ဗိုလ်တထောင်၊ ဒဂုံမြို့သစ်၊ ဒေါပုံ၊ မင်္ဂလာတောင်ညွန့်၊ မြောက်ဥက္ကလာပ၊ ပုဇွန်တောင်၊ တောင်ဥက္ကလာပ၊ တာမွေ၊ သာကေတ၊ သင်္ဃန်းကျွန်း၊ ရန်ကင်း၊ လှိုင်သာယာ၊ လှည်းကူး၊ မှော်ဘီ၊ ထန်းတပင်၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ တိုက်ကြီး၊ အလုံ၊ ဗဟန်း၊ ကိုကိုးကျွန်း၊ ဒဂုံ၊ ဒလ၊ လှိုင်၊ ကမာရွတ်၊ ကော့မှူး၊ ခရမ်း၊ ကွမ်းခြံကုန်း၊ ကျောက်တံတား၊ ကျောက်တန်း၊ ကြည့်မြင်တိုင်၊ လမ်းမတော်၊ လသာ၊ မရမ်းကုန်း၊ ပန်းဘဲတန်း၊ စမ်းချောင်း၊ ဆိပ်ကြီးခနောင်တို၊ ဆိပ်ကမ်း၊ သန်လျင်နှင့် သုံးခွမြို့တွင် ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၁၀၆ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။

နေဦးလွင်

## Intel မှ ဆရာ၊ ဆရာမများ စာသင်ကြားမှုကို (ITGS) သင်တန်း၏ Master Teacher Training ဖြင့် အဆင့်မြှင့်တင်

Intel Corporation နှင့် မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနတို့သည် ရန်ကင်းပညာရေးကောလိပ်တွင် သုံးရက်သာ Intel Teach Program Getting Started (ITGS) သင်တန်းကို ဆရာ၊ ဆရာမများ ပညာရေးဝန်ထမ်းများနှင့် တက္ကသိုလ် မှ ကထိကများအား တက်ရောက်ရန် ဖိတ်ကြားခဲ့ကြောင်းသိရသည်။ နိုင်ငံတကာရှိ သန်းပေါင်းများစွာသော စာသင်ခန်းများကို ပံ့ပိုးမြှင့်တင်ပေးနေသော သင်တန်းသည် မြန်မာနိုင်ငံတွင် စတင်တော့မည်ဖြစ်ပြီး၊ ဆရာ၊ ဆရာမများအား နည်းပညာကို ထိရောက်စွာအသုံးချပြီး၊ သင်ကြားနိုင်စေရန်အတွက် Intel မှ ပြင်ဆင်ပေးမည်ဖြစ်ကြောင်းသိရသည်။

ထို့ကြောင့် Intel Teach Program Getting Started (ITGS) သင်တန်း၏ Master Teacher Training အား ပထမဦးဆုံးအကြိမ် ပေးအပ်နိုင်ရန် မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနနှင့် Intel တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ Intel Teach Program မှ တစ်ဆင့် Master Teacher ၄၀သည် ၂၁ရာစုတွင် အခက်အခဲများကို ကိုင်တွယ်ဖြေရှင်းနည်း၊ နည်းစနစ်တကျတွေးခေါ်နည်း၊ ကျောင်းသားများနှင့် အတူတကွပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းများအား ၎င်းတို့၏ သင်ရိုးညွှန်းတမ်းများတွင် နည်းပညာကို ထိရောက်စွာ အသုံးပြု၍ အခြားဆရာ၊ ဆရာမများကို ပြန်လည်သင်ကြားပေးနိုင်မည်ဖြစ်သည်။ Intel Teach သည် Intel မှ နှစ်စဉ်ဒေါ်လာ သန်း ၁၀၀ ရင်းနှီးမြှုပ်နှံနေသော ပညာရေးဆိုင်ရာလုပ်ငန်းများမှ အစီအစဉ်တစ်ခုဖြစ်ပြီး၊ ကမ္ဘာတစ်ဝန်း ပညာရေးစနစ်တိုးတက်ရေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ဤအချက်သည် ကမ္ဘာ၏ အားလုံးအတွက် ပိုမိုကောင်းမွန်သော အနာဂတ်ကိုဖန်တီးနိုင်ရန် အရေးပါသည့် ဆောင်ရွက်မှုလည်းဖြစ်သည်။ (ITGS) သင်တန်းသည် ပညာရေးဖွံ့ဖြိုးတိုးတက်မှု Program တစ်ခုဖြစ်ပြီး၊ စာသင်ကြားသူများအတွက် နည်းပညာကို ထိရောက်စွာအသုံးပြု၍ သင်ကြားနိုင်စေရန် ရည်ရွယ်ထားသော သင်တန်းတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံအပါအဝင် နိုင်ငံ (၇၀)ကျော်ရှိ ပြည်တွင်းဒေသတွင်းရှိ ဆရာ၊ ဆရာမများ အစိုးရအဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်သော Intel Teach Program သည် ပညာသင်ကြားမှု နည်းပညာဖွံ့ဖြိုးတိုးတက်ရေး သင်တန်းများတွင် အကြီးဆုံးနှင့် အအောင်မြင်ဆုံး Program တစ်ခုဖြစ်သည်။ ၎င်း Program မှတစ်ဆင့် ကမ္ဘာတစ်ဝန်းရှိ ဆရာ၊ ဆရာမ (၁၀)သန်းကျော်အား သင်ကြားပေးခဲ့ပြီး၊ ၎င်းတို့၏ ကျောင်းသူ၊ ကျောင်းသားများအား သင်ကြားမှု ဦးဆောင်မှုနှင့် အောင်မြင်မှုရရှိစေရန် ကူညီပေးလျက်ရှိကြောင်းသိရသည်။

မကြာသေးမီက Intel နှင့် မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနတို့သည် နားလည်မှုစာချွန်လွှာကို သဘောတူလက်မှတ်ရေးထိုးခဲ့ကြပြီး၊ ပညာရေးစနစ်ကို တိုးတက်စေမည့် ဆရာအတတ်သင်သင်တန်းများကို ၂၁ရာစုနည်းပညာများအား အသုံးပြုပြီး၊ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ Intel Teach Program သည် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း (၇၀)တွင်သင်ကြားပို့ချပေးလျက်ရှိကြောင်းသိရသည်။

နေဦးလွင်



# XYC Coolpad




ANDROID

### Coolpad 7295C

| | |
|---|---|
| Color | - Yellow & Black |
| Screen | - 5.0" (960*540) |
| Processor | - 1228 MHz Dual Core Processor |
| Camera | - 5MP / 0.3MP |
| Battery | - 1800mAh |
| Internal Menory / RAM | - 1G |
| Memory / slot | - 2G |
| Dimension | - 138 x 70.5 x 7.5 mm |
| OS | - Android OS 4.2.2 |
| Network Type | - 3G (WCDMA)<br>2G (GSM) |
| Support Frequency | - WCDMA 900/2100MHz<br>GSM 900 / 1800 / 1900 |



### Coolpad 7060

| | |
|---|---|
| Color | - Black |
| Screen | - 4" (800*480) |
| Processor | - 1.024 GHz Single Core Processor |
| Camera | - 2 MP |
| Battery | - 1500mAh |
| Internal Menory / RAM | - 256 MB |
| Memory / slot | - 512MB |
| Dimension | - 121.5 x 63 x 10.5 mm |
| OS | - Android OS 4.1 |
| Network Type | - 3G (WCDMA)<br>2G (GSM) |
| Support Frequency | - WCDMA 900/2100MHz<br>GSM 900 / 1800 |



### Coolpad 7232

| | |
|---|---|
| Color | - Black |
| Screen | - 4.5" (854*480) |
| Processor | - 1.3 GHz Dual Core Processor |
| Camera | - 3 MP |
| Battery | - 1500mAh |
| Internal Menory / RAM | - 256 MB |
| Memory / slot | - 2GB |
| Dimension | - 134.4 x 66.4 x 9.7 mm |
| OS | - Android OS 4.2 |
| Network Type | - 3G (WCDMA)<br>2G (GSM) |
| Support Frequency | - WCDMA 900/2100MHz<br>GSM 900 / 1800 / 1900 |



### Coolpad 8297W

| | |
|---|---|
| Color | - White & Silver |
| Screen | - 5.0" (1280*720) |
| Processor | - 1741 MHz Octa Core Processor |
| Camera | - 13MP / 5MP |
| Battery | - 2500mAh |
| Internal Menory / RAM | - 2G |
| Memory / slot | - 8G |
| Dimension | - 141 x 71.5 x 9.3 mm |
| OS | - Android OS 4.2 |
| Network Type | - 3G (TD-SCDMA)<br>2G (GSM) |
| Support Frequency | - TDSCDMA 1880 - 1920/<br>2010-2025MHz<br>GSM 900/1800/1900 |



### Coolpad 9976A

| | |
|---|---|
| Color | - White |
| Screen | - 7" (1920 x 1200) |
| Processor | - 1741 MHz Octa Core Processor |
| Camera | - 13 MP / 5 MP |
| Battery | - 4000mAh |
| Internal Menory / RAM | - 2G |
| Memory / slot | - 8G |
| Dimension | - 185 x 104 x 7.6 mm |
| OS | - Android OS 4.2 |
| Network Type | - 3G (WCDMA)<br>2G (GSM) |
| Support Frequency | - WCDMA 850/900/2100MHz<br>GSM 900 / 1800 / 1900 |

Address : GuoMen Road, No.211, Jiegao Ruili City, Yunnan.
Contact : 09 5230292, 0947318078, 0086-692-4660890
wechat : xycoolpad
QQ : 13116924886

Email : zhangfayang@aruiyang.com
Http://www.aruiyang.com
Service Centre : 095260567, 093022749, 0086-692-4666398

# Transcend®
good memories start here

www.transcend-info.com




အနယ်နယ်အရပ်ရပ်တွင်ရှိသော မည်သည့် Computer အရောင်းဆိုင်တွင်မဆို ဝယ်ယူရရှိနိုင်ပါသည်...

TRANSCEND Ext-HDD ဝယ်ယူသူတိုင်းအတွက်

## SPECIAL GIFT
## FOR TRANSCEND CUSTOMER

**PERIOD : 20th August - 20th September 2014**



**FREE GIFT**
TRANSCEND SOFT-BAG

**Transcend Master Dealer**

| Double Y | ME (မန္တလေး) | Noyar (မုံရွာ) | Silver Tone (မန္တလေး) | SUPER LIKE | Soe Electronic | UNIVEX (ပုသိမ်) | Wise Power (ပြည်) | Zenith (မြင်းခြံ) |
|---|---|---|---|---|---|---|---|---|
| Ph : 057-26957 | Ph : 02-74322 | Ph : 071-22041 | Ph : 09-91045751 | Ph : 01-205395 | Ph : 09-8537999 | Ph : 09-5144112<br>09-8551829 | Ph : 053-26350<br>09-73097498 | Ph : 066-21220<br>09-425005697 |

Authorized Distributor : Shwe Lamin Nagar Co., Ltd. Ph : 01-2301797/98, 01-227781 Email : office@sln-myanmar.com

# မန္တလေးမြို့ရဲ့ ပထမဦးဆုံးသော မိုဘိုင်းဖုန်းနည်းပညာ သင်တန်းကျောင်း

MRG
mobile repairing group

# MRG MANDALAY
Mobile Repairing Group

## သင်တန်းဖွင့်မည့်ရက်
## ( 22 . 9 . 2014 )

Hardware + Software 20% Off

မိုဘိုင်းဖုန်း အထူးပြုပြင်ရေး နှင့် ပြုပြင်နည်းသင်တန်းကျောင်း

**Mobile Phone Software Course**
**Mobile Phone Hardware Course**

နယ်ကျောင်းသားများအတွက် အဆောင် (အခမဲ့) စီစဉ်ထားပါသည်။

တိုက်-၃၊ အခန်း (G-4)၊ ၃၉ လမ်း (ဗန်းမော်တိုက်လမ်း)၊ ၇၂× ၇၃ ကြား၊ မန္တလေးမြို့။ : 09 4025 96931 , 09 4440 25422

